
စိတ်ကူးချိုချိုအနုပညာ

# ကိုလေးမြတ်

# စာပေခရီးနှင့်သူကြီး



mgyoe.com

တောင်တစ်လုံးနဲ့ တစ်လုံးအကြား မြေပြန့်မှာတော့ သန်စွမ်းအောင်မြင်နေတဲ့ မြေပဲခင်းတွေကို တွေ့ကြရတယ်။ ကျွန်တော်တို့ရွာမှာလည်း ကျွန်တော်တို့ကာလသားပေါက်အရွယ် (၁၆ နှစ်၊ ၁၈ နှစ်) လောက်ထိ မြေပဲ စိုက်ပျိုးကြတယ်။ မြေပဲကို ကိုယ်တိုင်နုတ်ပြီး ကိုယ်တိုင်ဆွတ်ကြရတယ်။ မြေပဲတစ်တင်းရရှိလို့ရှိရင် ဆွတ်ခ၊ နုတ်ခအဖြစ် မြေပဲနှစ်ပြည်ရတယ်။ ကျွန်တော်တို့သားအဖတစ်တွေ ငါးယောက် (အဖေ၊ အမေ၊ အစ်ကို၊ ကျွန်တော်၊ နှမလေး) တစ်နှစ်၊ တစ်နှစ် မြေပဲဆွတ်ခ၊ နုတ်ခရတဲ့ မြေပဲကို ဆီကြိတ်ထားရင် တစ်နှစ်စာ ကောင်းကောင်း ဆီဖူလုံတယ်။ ခုတော့ စိုက်ပျိုးစရိတ်နဲ့ ထွက်ရှိတာ အရှုံးပေါ်လို့ မြေပဲမလုပ်ကိုင်ကြတော့တာ ခုချိန်ထိ ဆိုပါတော့။

"ဒီဘက်မှာရော မြေယာသိမ်းဆည်းမှုတွေ ရှိလား"

"မရှိဘူး၊ ဒါပေမဲ့ သစ်တောကြိုးဝိုင်း သတ်မှတ်မှုတွေတော့ ရှိတယ်"

"အဲဒါက ဘယ်လိုလဲ"

"သူတို့က အောက်ခြေထိဆင်းပြီး မကြည့်ဘဲ စားပွဲပေါ်ကပဲ စက္ကူပေါ်ကို ဒါ သစ်တောကြိုးဝိုင်းလို့ဝိုင်းပြီး သတ်မှတ်ပေးလိုက်တယ်၊ သူတို့ဝိုင်းပြီး သတ်မှတ်ပေးလိုက်တဲ့အထဲမှာ ရွာတွေရှိတယ်၊ ယာတွေရှိတယ်၊ လယ်တွေရှိတယ်၊ အဲဒီလယ်ယာနဲ့ ရွာတွေက ကျူးကျော်ဝင်ရောက်သလို ဖြစ်နေတော့ ဖယ်ရှားပေးရမလို ဖြစ်နေတယ်။ ဒါပေမဲ့ မြေစာရင်းက ရွာတွေ၊ လယ်ယာတွေက ဟိုစဉ်ကတည်းက တည်ရှိနေတာလို့ ရပ်ခံတင်ပြလို့ သစ်တောက အခိုက်အတန့်တော့ ရပ်ဆိုင်းထားတယ်"

# ကိုလေးမြတ်

## စာပေခရီးနှင့်သူကြီး

ISBN 9789997111494
NF70
9 789997 111494
3,000.00KS

mgyoe.com

mgyoe.com

စာပေသိုးနှင်သူကြီး ကိုလေးမြတ်
မျက်နှာဖုံးပန်းချီ ： တော်တီဆွေ
စာမျက်နှာ မျက်နှာ၊ ၁၃ စင်တီ× ၂၀.၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၈၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၈၊ ဩဂုတ်လ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၃၀၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# စာပေခရီးနှင့်သူကြီး
# ကိုလေးမြတ်

ပထမအကြိမ်၊ ၂၀၁၁

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ


| | | |
|---|---|---|
| ၁။ | လျှပ်တစ်ပြက်ရှေ့လီ | ၁ |
| ၂။ | ဆိုင်းစုမှသည် ရွာမဆီသို့ | ၇ |
| ၃။ | ဆီဆိုင်၊ နောင်ထောင်၊ လွိုင်ကော် | ၁၂ |
| ၄။ | သဟာယ မိုးကုတ် | ၃၀ |
| ၅။ | မန္တလေး | ၅၄ |
| ၆။ | နောင်ချို၊ ကျောက်မဲ၊ သီပေါ၊ ပြင်ဦးလွင် | ၆၄ |
| ၇။ | နေပြည်တော်၊ ပျဉ်းမနား၊ တောင်ဖီလာ | ၈၄ |
| ၈။ | ကန့်ဘလူ၊ ခင်ဦး၊ ရေဦး၊ ကောလင်း | ၉၃ |
| ၉။ | ကသာ. | ၁၀၈ |
| ၁၀။ | ဗန်းမော် | ၁၂၂ |
| ၁၁။ | အောင်ပန်း | ၁၃၂ |
| ၁၂။ | အင်းလေး၊ အေးသာယာ၊ တောင်ကြီး | ၁၄၂ |
| ၁၃။ | ဗန်းမောက်၊ မင်းကုန်း၊ ပင်ဟင်းခါး၊ မော်လူး | ၁၅၂ |
| ၁၄။ | သာစည်၊ ကျောက်ဆည် | ၁၇၉ |
| ၁၅။ | တောင်တွင်းကြီး | ၁၉၂ |
| ၁၆။ | ဟသ်ာတ၊ ကျုံပျော်၊ ရေကြည်၊ ငါးသိုင်းချောင်း၊ ပုသိမ် | ၂၀၆ |
| ၁၇။ | ဦးအောင်ဇေယျနဲ့ ကိုအောင်ခက်တို့ရဲ့ ပြည်ရွှေဘို | ၂၂၄ |
| ၁၈။ | ပေါင်းတည်၊ ညောင်နီပင်၊ သစ်ပုတ်၊ ပေါက်ခေါင်း | ၂၃၅ |




mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# လျှပ်တစ်ပြက်ရွှေလီ

မန္တလေးရောက်ရင် မန္တလေးတောင်ကို တက်ရောက်ခဲ့ဖို့ လိုတာပေါ့နော်။ မုံရွာရောက်ရင် သမ္ဗုဒ္ဓေစေတီတော် ဖူးမြော်ခဲ့ဖို့လိုတာပေါ့။ ဟုတ်ကဲ့... မူဆယ်ရောက်ရင်လည်း တရုတ်ပြည်ရဲ့ နယ်စပ်မြို့လေး ရွှေလီမြို့လေးကို သွားရောက်ရမှာပေါ့။ ကျွန်တော်တို့... ကျွန်တော်တို့ဆိုတာက ဆရာထက်မြက်၊ ဝတ္ထုတိုဆရာ အဇ္ဈတ္တ၊ ပြင်ဦးလွင်မြို့က ဆရာမောင်ကြည်သော်(ကောလင်း)၊ သတင်းထောက် သက်နိုင် (ပြင်ဦးလွင်)နဲ့ ကျွန်တော်ရယ်ပါ။ မန္တလေးမြို့က ကွယ်လွန်သွားရှာပြီဖြစ်တဲ့ ဒေါ်ဒေါ်(လူထုဒေါ်အမာ)ရဲ့ အသက် ၉၉ နှစ်မြောက် ရာပြည့်အကြိုမွေးနေ့ပွဲကို တက်ရောက်ရင်း ပြင်ဦးလွင်ကို ဆက်ပြီးတက်ခဲ့ကြတယ်။ ပြင်ဦးလွင်ရောက်တော့ မူဆယ်ခရီးဆက်ကြမယ်ဆိုတာနဲ့ ရဲဘော်မျိုးထွဋ်(ကိုကိုးကျွန်းပြန်)က သူ့ရဲ့ အသစ်စက်စက် အေဒီ ၃၀ (AD 30) ကားလေး ယူမောင်းသွားဖို့ ရက်ရက်ရောရော အပ်နှံလိုက်တယ်။ သတင်းထောက် သက်နိုင်တစ်ယောက် ယာဉ်မောင်း သက်နိုင် ဖြစ်သွားရှာတာပေါ့။

မူဆယ်ရောက်တော့ စာရေးဆရာ ပြေ(ဆေး-၂)၊ တက္ကသိုလ်ဆန်းလင်းတို့က သူ့တို့ဘာသာ ၁၉ လမ်းလို့ အမည်ပေးထားတဲ့ စားသောက်တန်းလေးမှာ ညစာနဲ့ တည်ခင်းဧည့်ခံရှာသေးတယ်။ ကျွန်တော်လည်း

mgyoe.com

mgyoe.com


မူဆယ်ဆောင်းကို အံ့တုဖို့ ဝီစကီစောင်ကို ကိုယ်တွင်း ထည့်လောင်းလိုက်မိတယ်။ ခရီးပင်ပန်းလို့လား၊ ဝီစကီစောင်ရဲ့ အစွမ်းလေလား၊ တရုတ်စောင်ရဲ့ နွေးထွေးမှုကြောင့်လား မပြောတတ်ပေဘူး။ အိပ်ပျော်သွားလိုက်တာ... မူဆယ်ဆောင်းရဲ့အရသာ မခံစားလိုက်ရဘူး။

၂၀၁၄ ခု၊ ဒီဇင်ဘာ ၁ ရက်မှာတော့ မူဆယ်ကနေ ရွှေလီကို ဆင်ဖြူဂိတ်ကနေ ဖြတ်သန်းဖို့ ကြိုးစားကြတယ်။ ကြိုးစားကြတယ်ဆိုတာက မှတ်ပုံတင်ကတ်ပြပြီး ငွေတစ်ထောင်ကျပ်ပေးလိုက်ရင် အလွယ်တကူ ခြောက်ညအိပ် ခုနစ်ရက် နေခွင့်လက်မှတ် ရရှိနေတဲ့အချိန်မှာ ကျွန်တော်က မှတ်ပုံတင်ကတ် မပါရှိခဲ့လို့ပါပဲ။ ဒီမှာ သက်နိုင်က သတင်းထောက်အရည်အချင်း အပြည့်အဝ ပြသနိုင်လိုက်ပါတယ်။ ကျွန်တော်တို့အားလုံး ငွေပေးစရာမလိုဘဲ၊ မှတ်ပုံတင်ကတ် ပြသစရာမလိုဘဲ၊ နိုင်ငံကူးလက်မှတ်တွေ တန်းစီစရာမလိုဘဲ ရရှိလိုက်ကြတယ်။ ကူညီသူက သူ့ဌာန၊ သူ့ရာထူး မဖော်ပြပါနဲ့လို့ တားမြစ်လိုက်ပေမဲ့ ကျေးဇူးတင်လွန်းလို့ အမည်လောက်တော့ ဖော်ပြပါရစေ။ ဦးလှဖုန်း တဲ့။ (ခွင့်လွှတ်ပါ)

အရောင်းအဝယ်သမား၊ အလည်အပတ်သမားအနည်းစုရှိပေမဲ့ အများစုကတော့ ကြယ်ဂေါင်မှာ၊ ရွှေလီမှာ အလုပ်သွားရောက်လုပ်ကိုင်ကြတဲ့ လူငယ်အလုပ်သမားတွေပါ။ လူငယ် တရုတ်ဝန်ထမ်းလေးတွေရဲ့ ကြည့်ရှုမှုကို ခံယူပြီး လွယ်လွယ်ကူကူပဲ တရုတ်ပြည်ဘက်ခြမ်း ကြယ်ဂေါင်ကို ခြေချခွင့်ရတယ်။ မြေသားမမြင်ရဘူး... တစ်ပြင်လုံး အုတ်ခင်းထားတယ်။ အဆောက်အအုံတွေကလည်း ထည်ဝါအုပ်မိုးလို့နေတယ်။ ပလက်ဖောင်းပေါ်မှာ အလှစိုက် ထန်းအုန်းလေးတွေ စီရရီ။ အနေအထားက ဝင်ရောက်လာသူကို အပေါ်စီးက ရယူလိုက်သလို ခံစားလိုက်ရတယ်။ မူဆယ်ဘက်ကူးလာရင် လမ်းတွေက ကျဉ်းကျဉ်း၊ အမှိုက်သရိုက်တွေ ရှုပ်ယှက်ခတ်၊ အလေ့ကျပေါက်နေတဲ့အပင်တွေနဲ့ ဝင်ရောက်လာသူကို မာန်ဝင့်စေတဲ့ အနေအထားဖြစ်စေတယ်။ ဒါဟာ ထိစပ်နေတဲ့ နိုင်ငံတွေရဲ့အစိုးရတွေရဲ့ အရည်အချင်းလို့ ဆိုလိုက်ချင်တယ်။

မြန်မာငွေနဲ့ တရုတ်ငွေ လဲလှယ်ကြရတယ်။ မြန်မာငွေ ၁၀၀၀ ကျပ်၊ တရုတ်ငွေ ၅၈ ဒသမ ကိုး (၅၈.၉ ယွမ်) တဲ့။ ရွှေလီကို တက္ကစီငှားတော့

mgyoe.com

mgyee.com


တစ်စီးကို ၂၅ ယွမ်ပေးရတယ်။ ကားလေးတွေက အနီရောင်။ နံပါတ်တွေက အပြာခံအရောင်ပေါ်မှာ အဖြူစာလုံးတွေနဲ့။ ကုန်တင်ကားတွေကျတော့ နံပါတ်တွေက အဝါခံအရောင်ပေါ်မှာ အဖြူစာလုံး။ မူဆယ်ဘက်မှာ တရုတ်ကားနံပါတ်နဲ့ ကားလေး၊ ကားကြီးတွေ တွေ့မြင်ရပေမဲ့ တရုတ်ဘက် ကြယ်ဂေါင်မှာ မြန်မာကားနံပါတ်နဲ့ကားတွေ မတွေ့မြင်ရတာတော့ ထူးခြားနေသလိုပါပဲ။ စိတ်မကောင်းလည်း ဖြစ်မိရဲ့။

ကြယ်ဂေါင်ကနေ ရွှေလီမြစ်ကူးတံတားကို ဖြတ်လိုက်တော့ ရွှေလီဆင်ခြေဖုံးရောက်တယ်။ လမ်းတွေကလည်း ကျယ်လိုက်တာပါ။ အဝိုင်းပတ်ကလည်း အကြီးကြီး။ အဝိုင်းထဲမှာ သစ်တောအုပ်လေးမြင်ရတာ ဂုဏ်ယူစရာ။ နယ်မြေချင်းထိစပ်နေတာတောင် ဟိုဘက်(မြန်မာ)နဲ့ ဒီဘက်(တရုတ်)ဘာလို့ ဒီလောက်ထိ ကွာခြားနေရတာလဲ။ ပြောရရင်တော့ ညံ့ဖျင်းမှုလို့ပဲဆိုကြစို့ရဲ့။ ရွှေလီမြို့ထဲဝင်လာတော့ ပလက်ဖောင်းပေါ်က စိမ်းစိမ်းစိုစိုသစ်ပင်လေးတွေ မြင်တွေ့ရတာ ရင်ကိုအေးမြစေတယ်။ မြို့လေးက စည်ကားမှုမရှိလှဘူး။ ငြိမ်ငြိမ်သက်သက်လေးနဲ့ ဣန္ဒြေကြီးလှတယ်။ ကလေးငယ်နှစ်ယောက်တွေ့တော့ သက်နိုင်က စားသောက်တန်း ဘယ်ဘက်မှာရှိသလဲလို့ မေးတယ်။ မြန်မာဘက်ခြမ်းက မိဘတွေ အလုပ်လာလုပ်ရင်းပါလာတဲ့ ကလေးတွေတဲ့။ ကလေးတွေ၊ ထဘီဝတ်နဲ့ အမျိုးသမီးတွေက မြန်မာစကားတတ်ကြတယ်တဲ့။

ကလေးတွေ ညွှန်တဲ့အတိုင်း လျှောက်လိုက်တော့ ဈေးတန်းလေးတွေ့တယ်။ ကွမ်းယာဆိုင်လည်းတွေ့တယ်။ ကွမ်းယာသည်က မုတ်ဆိတ်နဲ့။ တစ်ကျပ်ဖိုး နှစ်ယာတဲ့။ တစ်ကျပ်ဆိုတာ တစ်ယွမ်ကိုပြောတာ။ ရန်ကုန်မှာလည်း ၁၀၀ ဖိုး လေးယာသာရတာမို့ ဈေးအတူတူပဲလို့ ပြောနိုင်တယ်။ ထမင်းဆိုင်ကလည်း ဟင်းသီးဟင်းရွက်ကြော်တွေ၊ သား၊ ငါးချက်တွေခင်းကျင်းပြသထားလိုက်တာ စားချင့်စဖွယ်။ အဲဒီမှာ ထမင်းစားဖို့ ဝင်လိုက်ကြတယ်။ ကျွန်တော်က အမဲကြော်နဲ့ မုန်ညင်းကြော် ထည့်ခိုင်းတယ်။ ၁၄ ကျပ်တဲ့ (၁၄ ယွမ်)။ အဓ္ဘုတ္တ၊ မောင်ကြည်သော်(ကောလင်း)၊ သက်နိုင်တို့က အသားမစားဘဲ ဟင်းရွက်ကြော်သုံးမျိုးစီလောက် ထည့်တော့ ၁၀ ကျပ်တဲ့။ စွန်တန်အရည်သောက်က အလကားရတယ်။ တရုတ်မတွေလို့ ထင်

mgyee.com

mgyoe.com

တာ။ မြန်မာစကားပြောတော့ ဘယ်ကလဲလို့မေးတော့ ဗန်းမော်မြို့ကတဲ့။

ထမင်းစားပြီး ဆရာထက်မြက်က ရေဒီယိုဝယ်ချင်တယ်ဆိုလို့ ဈေးဘက်ကိုမေးပြီးလျှောက်လာကြတယ်။ အဲဒီမှာ ကဗျာဆရာ၊ စာရေးဆရာ ဝင်းတင့်ထွန်းနဲ့ မမျှော်လင့်ဘဲ ဆိုက်ဆိုက်မြိုက်မြိုက် တွေ့ဆုံကြတယ်။ သူက ကျွန်တော့်ကိုမြင်တော့ ထင်တာနဲ့ မောင်ကြည်သော်(ကောလင်း)ကို "ကိုလေးမြတ်လား" လို့မေးကြည့်ပြီး သေချာမှ ခေါ်ရဲရှာတာ။ ကျွန်တော်ကလည်း ရွှေလီမြို့မှာ ဝင်းတင့်ထွန်းရှိတယ်ဆိုတာ သိနေလို့ ဝင်းတင့်ထွန်းလို့ ပြောလိုက်ရတာ။ မမှတ်မိဘူး။ မမှတ်မိဆို ရှစ်လေးလုံး အရေးတော်ပုံပြီးကတည်းက ကွဲသွားကြတာလေ။ နှစ်ပေါင်း ၂၆ နှစ်တောင်ရှိပြီပဲ။ ပြီးတော့ လုံချည်ခပ်တိုတို၊ ပင်နီတိုက်ပုံ လက်ခေါက်ဝတ်ဆင်တတ်တဲ့ အညာသားက ဘောင်းဘီရှည်နဲ့၊ ဂျာကင်နဲ့ဆိုတော့ ပိုပြီး မမှတ်မိတော့တာပ။ နောက်မှ စကားပြောကြရင်း အရင်ပုံရိပ်လေး ပြန်ပြီးဖမ်းမိလာတာ။

သူက သူ ငှားရမ်းနေထိုင်တဲ့ အခန်းလေးကို ခေါ်သွားတယ်။ စတုရန်း ၄၀၀ ပေလောက်ရှိတဲ့ အခန်းလေးပါ။ ဒါတောင် တစ်လ ယွမ် ၆၀၀ ပေးရသတဲ့။ သူ့ဇနီးက ကချင်၊ တရုတ်စပ်ကပြား။ သားတစ်ယောက်၊ သမီးတစ်ယောက် ထွန်းကားတယ်။ ကလေးတွေက တရုတ်တက္ကသိုလ်ကျောင်းသားတွေ ဖြစ်ကုန်ကြပြီ။ ကွေ့ကျိုးတက္ကသိုလ်မှာတဲ့။ ဝင်းတင့်ထွန်းခမျာ ကျွန်တော့်ကိုတွေ့ရတော့ စကားတွေပြောရတော့ ဝမ်းသာနေရှာလိုက်တာ၊ ဟန်ဆောင်မထိန်းသိမ်းနိုင်ရှာဘူး။ အမှတ်တရ ဓာတ်ပုံတွေရိုက်၊ ကော်ဖီတွေတိုက်။ ရှေးဖြစ်ဟောင်းတွေ၊ လက်ရှိအနေအထားတွေ ပြောကြ၊ ဆိုကြ၊ သုံးသပ်ကြ။ ပြောကြရင် တစ်လတောင် ပြောကုန်မှာ မဟုတ်ပါဘူး။

သူ့အခန်းလေးထဲမှာ ၄၅ မိနစ်လောက်ပဲ နေနိုင်ခဲ့တယ်။ နောက်... စာအုပ်ဆိုင်ဘက် ထွက်ခဲ့ကြတယ်။ ကျွန်တော့်ကို ခြောက်ညအိပ်၊ ခုနစ်ရက်လောက် လာနေဖို့ တဖွဖွဖိတ်ခေါ်နေရှာတယ်။ ကျွန်တော်က သွားမှပဲ တွေ့ရတော့မှာကိုး။ သူကတော့ လာတော့မှာ မဟုတ်တော့ဘူး။ လာမယ်ဆိုရင်တော့ ဖြစ်တာပေါ့လေ။ ဒါပေမဲ့ ဟိုသတင်းပို့၊ ဒီသတင်းပို့ ပို့ရမှာ။ သူက အဲဒီလို ခယဝယလုပ်ရမယ့်အလုပ်မျိုးကို တစ်သက်လုံးလုပ်မယ့်လူစားမျိုး မဟုတ်ဘူး။

mgyoe.com

mgyoe.com

စာအုပ်ဆိုင်လျှောက်ရင်း ကျောက်စိမ်းဈေးကြီးကို တွေ့ရတယ်။ ကျွန်တော်တို့နိုင်ငံက ကျောက်စိမ်းတွေကို တစ်ကမ္ဘာလုံးအနှံ့ ချိတ်ဆက်ရောင်းချနေတဲ့နေရာပေါ့။ နောက်... ပျော်ပွဲရွှင်ပွဲတွေ ကျင်းပလေ့ရှိတဲ့၊ လူတွေ... ညနေခင်းအပန်းဖြေကြတဲ့ ကွက်လပ်ကြီးလည်း တွေ့ရတယ်။ မြင့်မားတဲ့ အဆောက်အအုံကြားထဲက ကျယ်ပြန့်တဲ့ကွက်လပ်ဟာ စိတ်ကို လွတ်လပ်ပေါ့ပါးစေမှာ အမှန်ပါပဲ။ ပြီးတော့ မူကြိုကျောင်းကိုလည်း တွေ့ရတယ်။ ကလေးတွေ ကျယ်ပြန့်တဲ့ ကွက်လပ်ကြီးထဲက သစ်ပင်ရိပ်အောက်မှာ ဆော့ကစားနေလိုက်ကြတာ အပူအပင်မဲ့ လွတ်လပ်ပျော်ပါးလို့။ အဲဒီဝန်းကျင်က ကြီးပြင်းလာကြတဲ့သူတွေကလည်း လွတ်လပ်တဲ့ အတွေးနယ်ချဲ့မှုတွေ၊ လွတ်လပ်မှုမြတ်နိုးတာတွေ ကိန်းအောင်းနေလိမ့်မယ် ထင်ပါရဲ့။ ရွှေလီရဲ့ ကွန်မြူနစ်ပါတီရုံးကြီးကလည်း ထည်ဝါလိုက်တာပါ။

စာအုပ်ဆိုင်အောက်ထပ်က စာရေးကိရိယာတွေ ရောင်းတယ်။ အပေါ်ထပ်က စာအုပ်တွေရောင်းတယ်။ ကမ္ဘာမှာ ထင်ရှားတဲ့ စာအုပ်တွေတိုင်း တရုတ်ဘာသာပြန်ရှိနေပြီးသားပါတဲ့။ တရုတ်ပြည်က ကမ္ဘာနဲ့ ရင်ပေါင်တန်းနိုင်ရုံမက ရှေ့တန်းတောင် ရောက်သွားပြီလေ။ အေးလေ... တိုင်းပြည်တိုးတက်စေချင်တဲ့ပါတီနဲ့ သူတွေက ဦးဆောင်ခေါ်သွားတာကိုး။ ကျွန်တော်တို့နိုင်ငံသာ ငို့ဘသမား အာဏာရှင်တွေ အုပ်ချုပ်အနိုင်ကျင့်တာ ခံကြရတာကိုး။ ကျွန်တော်တို့နိုင်ငံ တိုးတက်ဖို့ ကျွန်တော်တို့တစ်တွေ အများကြီး အလုပ်လုပ်ကြရဦးမယ်။

အပြန်ကိုတော့ ဝင်းတင့်ထွန်းက တက္ကစီငှားပေးလိုက်တယ်။ တက္ကစီသမားနဲ့ စကားပြောနေလိုက်တာ ဝင်းတင့်ထွန်းက ပီဘိ တရုတ်ငချိတ်အတိုင်းပါပဲ။ တရုတ်ငချိတ်ဆိုတာ အသားမည်းတဲ့ တရုတ်ကိုပြောတာ။ ကြယ်ဂေါင်ရောက်တော့ တရုတ်ယွမ်နဲ့ မြန်မာငွေ ပြန်ပြီးလဲလှယ်ကြရတယ်။ လူငါးယောက် ရွှေလီသွားတာ ၂၀,၀၀၀ ကျပ်နီးပါးပဲ ကုန်ကျတယ်။ တက္ကစီစီးရသေးတယ်၊ ထမင်းစားရသေးတယ်ဆိုတော့ သက်နိုင်က တန်ပါတယ်တဲ့။ (တန်ပါတယ်ဆိုတာ ဈေးသက်သာတာကို ပြောတာ)

တရုတ်ပြည်ကနေ မြန်မာပြည်ဘက်ကို ပြန်ကူးလာတော့ ကျွန်တော့်စိတ်ထဲမှာ ပူလောင်သလို ခံစားလိုက်ရတယ်။ ဒါတောင်မှ ဆောင်းရာသီ

mgyoe.com

mgyoe.com

နော်။ နွေရာသီမှာဆို ပြန်ပြီး ကူးရမှာကို ကြောက်ရွံ့နေမလား မပြောတတ်ဘူး။ ဘာပဲဖြစ်ဖြစ် ကွန်မြူနစ်က အာဏာရှင်ထက်တော့ သာလွန်ကောင်းမွန်တာအမှန်ပါပဲ။

စံတော်ချိန်သတင်းစာ

❑

mgyoe.com

mgyoe.com

# ဆိုင်းစုမှသည် ရွာမဆီသို့

ရန်ကုန်မြို့မှာ နေထိုင်နေတဲ့ သုံးဆယ်မြို့ဇာတိသား ကဗျာဆရာ ဆူးသစ်နီက မြန်မာနိုင်ငံစာရေးဆရာများသမဂ္ဂ၊ သုံးဆယ်မြို့နယ် ဖွဲ့စည်းပြီးလို့ အသိအမှတ်ပြုပွဲလေး ကျင်းပမှာမို့ ဦးလေး လိုက်ဖြစ်အောင် လိုက်ခဲ့ပါလို့ ဖိတ်ကြားတော့ ရင်ခုန်သွားမိသေးတယ်။ ဟုတ်တယ်လေ...၊ သုံးဆယ်မြို့ဆိုတာ နှယ်နှယ်ရရ မြို့တစ်မြို့မှမဟုတ်တာ။ စာပေလောကမှာ ထင်ရှားခဲ့တဲ့ ဆရာကြီးပီမိုးနင်း မွေးဖွားခဲ့တဲ့မြို့။ စစ်ရေး၊ နိုင်ငံရေးမှာ ထင်ရှားခဲ့တဲ့ ဗိုလ်မှူးချုပ် ကျော်ဇောရဲ့ မြို့မဟုတ်ပါလား။ ကဗျာဆရာ အောင်ခိုင်မြတ် ပြောသလိုပြောရရင် သုံးဆယ်မြို့ဟာ တကယ့်ဂရိတ်ကြီးတွေ ထွန်းပေါ်ခဲ့တဲ့ မြို့ပေါ့။

၁၄–၁၂–၁၃ နေ့၊ နံနက် ၆း၁၅ နာရီ စံချိန်မီလိုင်းကားနဲ့ သုံးဆယ်မြို့ကို ထွက်ခဲ့ကြတယ်။ စံချိန်မီဆိုတဲ့အတိုင်း ၆း၁၅ နာရီတိတိမှာပဲ သခင်မြ ပန်းခြံအနီး ကားဂိတ်က ထွက်ခွာပါတယ်။ လိုက်ပါလာကြတဲ့သူတွေက တော့ ဆရာကြည်နိုင်၊ ခင်မောင်ဇော်၊ အောင်ခိုင်မြတ်၊ မိုးလေး၊ ဆူးသစ်နီ၊ ဇော်တင်နဲ့ ကျွန်တော်၊ ကဗျာဆရာ စိုးစံသစ်က ဇော်ဘွားကြီးကုန်းက စောင့်စီးတယ်၊ ကဗျာဆရာ ကောင်းကင်ပြာက တိုက်ကြီးမြို့က စောင့်စီးပါတယ်။ ကျွန်တော်တို့ အင်အားက စုစုပေါင်း ကိုးယောက်ပေါ့။ သမဂ္ဂဖွဲ့စည်းရေး

mgyoe.com

mgyoe.com
သွားရောက်ခဲ့ကြတဲ့ခရီးမှာ အင်အားအများဆုံးပါပဲ။ ကျွန်တော်တို့က သမဂ္ဂဖွဲ့စည်းရေး သွားရောက်တဲ့နေရာမှာ လေးယောက်ထက် မပိုပါဘူး။ ဘာလို့လဲဆိုတော့ နယ်ခံတွေ တာဝန်ပိမှာကို မလိုလားလို့ပါပဲ။ အခုခရီးက ဆူးသစ်နီက ကမကထပြုတာမို့ တပျော်တပါး အင်အားဖြည့်လိုက်ပါလာကြဟန် တူပါရဲ့။

ရန်ကုန်မြို့နဲ့ ၇၇ မိုင်သာ ကွာဝေးတဲ့ သုံးဆယ်မြို့လေးကို နံနက် ၁၀း၃၀ နာရီမှာ ဆိုက်ရောက်ပါတယ်။ ဆူးသစ်နီက ဥက္ကံမြို့ရောက်တော့ ဖုန်းလှမ်းဆက်ထားလို့ ကားဆိပ်မှာ နယ်ခံစာပေသမားလူငယ်တွေက ဆိုင်ကယ်ကိုယ်စီနဲ့ စောင့်ဆိုင်းနေကြတယ်။ တရုတ်ပြည်ထုတ် ဆိုင်ကယ်ယဉ်ကျေးမှု မြန်မာပြည်အနှံ့ ပေါ်ထွန်းလာတာကို မနှစ်သက်လှပေမဲ့ ကျေးလက်တွေထိ အလွယ်တကူသွားလာနိုင်တာမို့ ကောင်းတာပါပဲလေလို့ ဖြေသိမ့်နေမိတယ်။ ကျွန်တော်တို့ကို ဖွဲ့သန်းသျှင်(သုံးဆယ်)ရဲ့ အိမ်ဂေဟာကို ပို့ဆောင်ပေးပါတယ်။ ဖွဲ့သန်းသျှင်(သုံးဆယ်)က ဒီလိုင်းဂျာနယ်မှာ ဆောင်းပါးတွေ မပြတ်ရေးသားနေတဲ့ အငြိမ်းစားကျောင်းဆရာတစ်ဦးပေါ့။

ကျွန်တော်တို့ကို ခရီးရောက်မဆိုက် အသင့်ပြင်ဆင်ထားတဲ့ ဆူးသစ်နီ ညွှန်းဆိုလွန်းတဲ့၊ နာမည်ကျော်လှတဲ့ သုံးဆယ်မုန့်ဟင်းခါးနဲ့ ဧည့်ခံပါတယ်။ ညွှန်းသလို၊ နာမည်ကျော်သလို သုံးဆယ်မုန့်ဟင်းခါးကလည်း တစ်သက်မမေ့အောင် ကောင်းလှပါပေတယ်။ ကျွန်တော်တို့ရော၊ တက်ရောက်လာကြတဲ့သူတွေရော မုန့်ဟင်းခါးသုံးဆောင်ပြီး အခမ်းအနားစတင်ဖြစ်ကြပါတယ်။ ပထမဦးဆုံး မြို့မိမြို့ဖလည်းဖြစ်၊ အင္ဂါရသမဂ္ဂဇင်း၊ ဝိဇ္ဇာမဂ္ဂဇင်းတွေမှာ သုံးဆယ်မြို့၊ ဓမ္မသုခကျောင်းတိုက်၊ ဓုတင်္ဂါစာရ ဆရာတော်ကြီး ဦးဉာဏရဲ့ ဓုတဆောင်စဉ် ဖြစ်ရပ်ဆန်းတွေကို ရေးသားပူဇော်နေသူလည်း ဖြစ်တဲ့ သုခမ္မမဏိဇောတစရ စံချိန်မီ ဦးလှထွန်းက အဖွင့်အမှာစကားပြောပါတယ်။

သူက ဆရာကြီး ပီမိုးနင်း မွေးဖွားရာ နေအိမ်နေရာမှာ ပီမိုးနင်းပြတိုက်လေး တစ်ဦးတည်းအလှူရှင်အဖြစ် ဆောက်လုပ်ထားပါသတဲ့။ အဲဒီပြတိုက်မှာ နေထိုင်ပြီး စာရေးချင်တဲ့သူတွေ စာရေးနိုင်အောင် ရေချိုးခန်း၊ အိမ်သာတို့လည်း တွဲဖက်ဆောက်လုပ်ထားပါသတဲ့။ ကျွန်တော်တို့ကို စာရေးဖို့ဖိတ်ခေါ်ပါတယ်။ ဒါ့ပြင် ဗိုလ်စိန်မှန်ရဲ့ ပန်းခြံဝင်းအတွင်း ပီမိုးနင်းစာကြည့်
mgyoe.com

mgyoe.com


တိုက် တည်ဆောက်ဖို့လည်း ညှိနှိုင်းပြီးကြပါပြီတဲ့။ တည်ဆောက်ဖို့ပဲ ရှိပါတော့သတဲ့။ စာကြည့်တိုက် တည်ဆောက်ပြီးလို့ ဖွင့်ပွဲပြုလုပ်မယ့် အခမ်းအနားမှာ တက်ရောက်ဖို့လည်း ဖိတ်ခေါ်မှု ပြုပြန်ပါတယ်။ ပြီးတော့ သုံးဆယ်မြို့က စာပေသမားတွေကိုလည်း ညီညီညွတ်ညွတ်နဲ့ ဆောင်ရွက်ကြဖို့ တိုက်တွန်းသွားပါတယ်။

ဒီနောက် ဗဟိုအလုပ်အမှုဆောင် ဒုဥက္ကဋ္ဌတွေဖြစ်ကြတဲ့ ဆရာကြည်နိုင်နဲ့ ကျွန်တော်က သမဂ္ဂရဲ့ လှုပ်ရှားမှုတွေနဲ့ ရည်ရွယ်ချက်တွေကို ရှင်းလင်းပြောကြားကြပါတယ်။ နောက် တွဲဖက်အတွင်းရေးမှူး ခင်မောင်ဇော်က သမဂ္ဂရဲ့ လုပ်ငန်းစဉ်တွေကို ရှင်းလင်းပြောကြားပါတယ်။ ပြီးတော့ ကဗျာဆရာတွေဖြစ်တဲ့ အောင်ခိုင်မြတ်၊ ကောင်းကင်ပြာ၊ ဇော်တင်၊ စိုးစံသစ်နဲ့ ဆူးသစ်နီတို့က သူတို့ရေးသားတဲ့ ကဗျာတွေကို ရွတ်ဆိုကြပါတယ်။ ဒါ့ပြင် ခင်မောင်ဇော်က သူ့သူငယ်ချင်းရဲ့ ကဗျာတစ်ပုဒ်နဲ့ ဆရာကြည်နိုင်က ဘာသာပြန်ကဗျာတစ်ပုဒ် ရွတ်ဆိုပါသေးတယ်။ နယ်ခံကဗျာဆရာတစ်ဦးကလည်း ကဗျာတစ်ပုဒ် ရွတ်ဆိုပါတယ်။ နိဂုံးချုပ်အနေနဲ့ ဖွဲ့သန်းသျှင်(သုံးဆယ်)က ကျေးဇူးတင်စကား ပြောသွားတယ်။ အခမ်းအနားလေးက လှတပတနဲ့ အောင်အောင်မြင်မြင် ပြီးဆုံးသွားတယ်။

အခမ်းအနားပြီးဆုံးတော့ ကျွန်တော်တို့တစ်တွေ မြန်မာနိုင်ငံ စာရေးဆရာများသမဂ္ဂ၊ သုံးဆယ်မြို့နယ် ဆိုင်းဘုတ်ရှေ့မှတ်တမ်းအဖြစ် အမှတ်တရအဖြစ် စုပေါင်းဓာတ်ပုံရိုက်ကြတယ်။ ဒီနောက် ဆိုင်ကယ်တစ်စီး လူနှစ်ယောက်စီစီးပြီး ဗိုလ်မှူးချုပ်ကျော်ဇောရဲ့ မွေးရာဇာတိ ဆိုင်းစုရွာလေးဆီ ခရီးနှင်ခဲ့ကြတယ်။ သုံးဆယ်မြို့ကို သုံးဆယ်ချောင်းက အနားကွပ်ပေးထားတယ်။ ဆိုင်းစုရွာလေးက သုံးဆယ်မြို့ရဲ့အနောက်ဘက် အရပ်မှာရှိတယ်။ အနောက်ဘက်ကမ်းလို့ ထင်ရပေမဲ့ ချောင်းလေးက ဂငယ်ကွေ့ ကွေ့ပြီးသွားတာဖြစ်လေတော့ သုံးဆယ်မြို့ရဲ့ တစ်ဖက်တည်းကမ်းမှာပဲ တည်ရှိနေတာဖြစ်ပါတယ်။

ချောင်းလေးအတိုင်း ကွေ့ပတ်ပြီး လူသွားလမ်း၊ သို့မဟုတ် ကန်သင်းရိုးလမ်းအတိုင်း ဆိုင်ကယ်တွေ စီးကြရတယ်။ ဂျပန်တွေကို၊ အင်္ဂလိပ်တွေကို၊ တရုတ်ဖြူတွေကို ဦးဆောင်တိုက်ခိုက်ခဲ့တဲ့ အာဇာနည်ပုဂ္ဂိုလ်တစ်ဦးရဲ့

mgyoe.com

mgyoe.com


ဇာတိမြေကို မော်တော်ကားနဲ့ သွားမရကောင်းလားဆိုပြီး ခင်မောင်ဇော်က မချင့်မရဲ ပြောဆိုနေတယ်။ သမိုင်းကို တန်ဖိုးထားတတ်၊ ဂုဏ်ယူတတ်တဲ့ လူ့ဘောင်တစ်ရပ် တည်ထောင်နိုင်တဲ့ အနေအထားရောက်ရင်တော့ မော်တော်ကားလမ်းတွေ ရှိလာမှာပေါ့ကွာလို့ ကျွန်တော်က ဖြေသိမ့်ပေးလိုက်ရတယ်။ ဆိုင်းစုရွာလေးဟာ ကျေးလက်ရွာလေးပီပီ တိတ်ဆိတ်ငြိမ်သက်လို့နေတယ်။ ဆိုင်ကယ် ကယ်ရီသမားက ရွာကလည်းကြီး၊ စံပြရွာလည်း ဖြစ်လို့ လျှပ်စစ်မီး ရနေပြီလို့ ပြောပါတယ်။

"ဗိုလ်မှူးချုပ်ကျော်ဇော အိမ်နေရာ သိချင်လို့ပါ" လို့ ဗိုလ်မှူးချုပ်ရဲ့ တူဝမ်းကွဲကျော်ဝင်းကို မေးမြန်းမိလေတော့ ပြုံးရသေးတယ်။ ရွာအဝင်လမ်း ညာဘက်မှာရှိတယ်။ ဟိုစဉ်ကတော့ တစ်ဝင်းတည်းပေါ့။ ခုတော့ ရောင်းချပြီးပြီမို့ နှစ်ဝင်းဖြစ်နေတာတဲ့။ အိမ်ဝင်းက နှစ်ဧကလောက်ရှိမယ်ထင်တယ်။ မူရင်းအနေအထားဆိုလို့ အုတ်ရေတွင်းနဲ့ အုတ်ရေကန်ပဲ ရှိပါတော့တယ်။ အုတ်ရေတွင်းအတွင်းမှာ ညောင်ပင်တွေ ထိုးထွက်စပြုနေပေမဲ့ အသုံးပြုနေကြဆဲပါ။ အိမ်ဟောင်းကြီးကိုတော့ ဖျက်ယူပြီး ဗိုလ်မှူးချုပ်ရဲ့ ညီအရင်းက သုံးဆယ်မြို့ပေါ်ပြောင်းပြီး ဆောက်ထားသတဲ့။ ရေတွင်းနဲ့ ရေကန်ရှေ့မှာ ကျွန်တော်တို့အဖွဲ့ မှတ်တမ်းတင်ဓာတ်ပုံတွေ ရိုက်ခဲ့ကြတယ်။

ဆိုင်းစုရွာကအပြန် သုံးဆယ်မြို့ ရွာမရပ်မှာရှိတဲ့ ပီမိုးနင်းပြတိုက်ကို ဝင်ရောက်ကြတယ်။ ဆိုင်ကယ် ကယ်ရီသမားတွေက ကျော်မောင်းသွားလို့ သြော်... ကယ်ရီသမားတွေတောင် အမှုမဲ့ အမှတ်မဲ့ပါလားဆိုပြီး စိတ်မကောင်းဖြစ်ရပါသေးတယ်။ အဝင်လမ်းကလည်း ဆိုင်ကယ်သာ ဝင်လို့ရတဲ့ ခပ်ကျဉ်းကျဉ်းလမ်းကလေးပါ။ ခြံဝင်းလေးကို သံဆန်ခါတွေနဲ့ ကာရံထားတယ်။ ခြံဝင်းက လေးထောင့်စက်စက်။ မူလဝင်းကို ကြည့်ရှုကောင်းအောင် မြေနေရာ တိုးချဲ့ဝယ်ယူထားတာပါတဲ့။ ခြံဝင်းရဲ့အလယ်မှာ နှစ်ခန်းပတ်လည် အုတ်အဆောက်အအုံလေး ဖြစ်ပေမဲ့ သပ်သပ်ရပ်ရပ်ပဲ။ အဆောက်အအုံနဲ့ မြေအတွက် ၄၅ သိန်းလောက် ကုန်ကျတယ်လို့ အလှူရှင် စံချိန်မီ ဦးလှထွန်းက ပြောပါတယ်။

ပြတိုက်ထဲမှာ ဆရာကြီးပီမိုးနင်းရဲ့ ကြေးရုပ်တုရှိတယ်။ ဆရာကြီး ရေးသားခဲ့တဲ့စာအုပ်တွေရှိတယ်။ စာရေးဖို့ စားပွဲနဲ့ ကုလားထိုင်တစ်စုံလည်း

mgyoe.com

mgyoe.com


ရှိတယ်။ ပြီးတော့ အိမ်သာနဲ့ ရေချိုးခန်းက အဆောက်အအုံနဲ့ တွဲဆက်လျက်။ ခုချိန်တော့ ခြံဝင်းက လွင်တီးဖြစ်နေပေမဲ့ စိုက်ပျိုးထားတဲ့ တစ်တောင်ကျော်ကျော် ကျွန်းပင်လေးတွေ ကြီးပြင်းလာရင်တော့ အုံ့အုံ့ဆိုင်းဆိုင်းနဲ့ နေချင့်စဖွယ် ဖြစ်လာမှာအမှန်ပါပဲ။ အဲဒီအချိန်ကျမှ နေရဦးမယ်ဆိုရင် စာလာပြီး ရေးလိုက်ဦးမယ်လို့ စိတ်ကူးယဉ်လိုက်မိတယ်။ အဆောက်အအုံနဲ့ မလှမ်းမကမ်းမှာ သုံးဆယ်ချောင်းရှိနေသတဲ့။ ဒီမှာ ဖျတ်ခနဲ ဆရာကြီး ငယ်စဉ်က ရေနစ်ခဲ့ဖူးတဲ့အကြောင်းကို အမှတ်ရမိတယ်။ ဟောဒီ သုံးဆယ်ချောင်းဖြစ်မယ်ထင်ပါရဲ့။

ပြန်ထွက်လာကြတော့ ဘုရားကျောင်းတွေကို တွေ့ရတယ်။ ဆရာကြီးဟာ ဘယ်ဘုရားကျောင်းမှာ ပညာသင်ကြားခဲ့ပါလိမ့်။ ဟုတ်ပါတယ်...၊ ဆရာကြီးဟာ ငယ်စဉ်ကတည်းက ကွယ်လွန်ချိန်ထိ စီးပွားရေးချို့တဲ့ရှာတယ်။ (ကျွန်တော် သိရှိရသလောက်တော့ ပဲရော့ဦးဆန်နီဆီ အလုပ်လုပ်စဉ် အချိန်လောက်ပဲ အဆင်ပြေခဲ့ဟန်တူပါတယ်) ဆရာကြီးဟာ သူတောင်းစားဝတ္ထုရေးချင်လို့ ကိုယ်တိုင် သူတောင်းစားအသွင်ယူပြီး တောင်းရမ်းခဲ့ဖူးတယ်လို့ ဆိုပါတယ်။ ဒီမှာ ခင်မင်သူတချို့က "ဆရာကြီးက ကြီးပွားချမ်းသာရေးလမ်းညွှန်တွေ ရေးနေပြီးတော့ ကိုယ့်ကိုယ်ကျတော့ ဘာလို့ ချို့တဲ့နေရသလဲ" လို့ မေးကြတယ်။ ဒီတော့... ဆရာကြီးက ရယ်ရယ်မောမောနဲ့ "အဲဗျာ... တခြားသူတွေ ကြီးပွားချမ်းသာဖို့ တွေးရင်းနဲ့ ကိုယ်ကြီးပွားချမ်းသာအောင်လုပ်ဖို့ မေ့လျော့နေမိတယ်ဗျာ" လို့ ဖြေကြားတတ်သတဲ့။ ဘာပဲဖြစ်ဖြစ် ဆရာကြီးပီမိုးနင်းဟာ ကျွန်တော်တို့အတွက် စာအရေးအသားသစ်၊ ဝတ္ထုအရေးအသားသစ်ကို အုတ်မြစ်ချပေးသွားနိုင်ခဲ့ပါတယ်။

ညနေ ၄ နာရီ စံချိန်မီနဲ့ ကျွန်တော်တို့ ပြန်လာခဲ့ကြတယ်။ ဂရိတ်ကြီးတွေရဲ့ သုံးဆယ်မြို့ကို နောက်တစ်ခေါက် ရောက်ချင်ပါသေးရဲ့။

စံတော်ချိန်သတင်းစာ

❑

mgyoe.com

mgyoe.com

# ဆီဆိုင်၊ နောင်ထောင်၊ လွိုင်ကော်

၂၀၁၅ ခု၊ ဒီဇင်ဘာ ၁၀ ရက်၊ ၁၁ ရက်မှာ ဆီဆိုင်မြို့နယ်၊ နောင်ထောင်ရွာ ကျင်းပမယ့် ၆၆ နှစ်မြောက် ရှမ်းပြည်နယ် လူမျိုးပေါင်းစုံ လွတ်မြောက်ရေးအဖွဲ့ (ရ.လ.လ.ဖ)ရဲ့ အခမ်းအနားကို ကျွန်တော်တို့ မြန်မာနိုင်ငံစာရေးဆရာများသမဂ္ဂ ဖိတ်ကြားလို့ လင်းထင်နဲ့ ကျွန်တော် ကိုယ်စားပြုတက်ရောက်ခဲ့ကြတယ်။ ရန်ကုန်မြို့ကနေ နောင်ထောင်ရွာထိ၊ တစ်ခါ နောင်ထောင်ရွာက တောင်ကြီးမြို့ထိ ခရီးစရိတ်နဲ့ နောင်ထောင်ရွာရှိစဉ် စားစရိတ်ကို ရ.လ.လ.ဖ က ကျခံမှာဖြစ်ပါတယ်။ ငွေ ၂၀,၀၀၀ လောက်ရှိရုံနဲ့ ကိုယ်မရောက်ဖူးသေးတဲ့အရပ်ကို ရောက်ရှိဖူးမှာမို့ လိုက်ပါလာခဲ့တယ်။ ရှမ်းဆောင်းကို ခပ်ကြောက်ကြောက်နဲ့ပေါ့။

ကျွန်တော်တို့ ဒီဇင်ဘာ ၈ ရက်နေ့၊ ည ၇ နာရီထွက်တဲ့ ရန်ကြီးအောင်ယာဉ်လိုင်းနဲ့ ထွက်ခဲ့ကြတယ်။ ဒီဇိုင်းဆရာ စိုးဝင်းငြိမ်း၊ ပဲခူးမြို့က စာချစ်သူ ကိုကျော်ကြီး၊ ကိုကိုးကျွန်းပြန် ဦးကျော်စိုးတို့လည်း ကျွန်တော်တို့ယာဉ်နဲ့ ပါလာကြတယ်။ သွားကြတဲ့သူတွေက ၇၀ ကျော်လောက် ရှိလိမ့်မယ်ထင်တယ်။ မန္တလေးဘက်က သူတွေနဲ့ပေါင်းရင် ဖိတ်ကြားခံရသူက ၁၀၀ ကျော်တောင် ရှိပါသတဲ့။ အများစုက နိုင်ငံရေးအင်အားစုတွေပါ။ မီဒီယာသမားတွေလည်း ပါကြသပေါ့။

mgyoe.com

ကားက ညစာစားဖို့ ဘုရားကြီးလမ်းခွဲမှာ ရပ်နားပေးတယ်။ ယာဉ်ရပ်နားစခန်းတွေက စားသောက်ဆိုင်တွေမှာ စားသောက်ရတာ လန့်နေမိတယ်။ တစ်ခါက မန္တလေးကအပြန် ထမင်းကြော်နဲ့ ကြက်ချိုချဉ်ပွဲသေးတစ်ပွဲ မှာလိုက်မိတာပါ။ လွန်ရောကျွဲရော ၃,၀၀၀ လောက်ပဲ ကျသင့်လိမ့်မယ်ထင်တာပေါ့။ ငွေရှင်းတော့ ၆,၀၀၀ ကျပ်တဲ့။ ထမင်းကြော်က ၂,၅၀၀၊ ကြက်ချိုချဉ်က ၃,၅၀၀။ တကယ့်ကို မှားယွင်းသွားပါတယ်။ အဲဒီမှာလင်းထင်က မြောင်းမြဒေါ်ချိုမုန့်ဟင်းခါးဆိုင် ရှိနေတာပဲ။ မုန့်ဟင်းခါးသောက်ရအောင်တဲ့။ အကြော်နဲ့ ၇၀၀၊ ဘဲဥနဲ့ ၁,၀၀၀။ နည်းနည်းဈေးကြီးတယ်။ ဒါပေမဲ့ ကောင်းတယ်တဲ့။ ဒါနဲ့ နှစ်ယောက်သား အကြော်နဲ့ နှစ်ပွဲမှာစားတယ်။ နောက်ထပ်တစ်ပွဲထပ်မှာပြီး ခွဲစားလိုက်ကြတယ်။ ကောင်းမှကောင်း။

ဟိုစဉ်ကတော့ တောင်ကြီးမြို့သွားမယ်ဆိုရင် မိတ္ထီလာမြို့ကတစ်ဆင့်သာစည်မြို့ကို ဖြတ်ပြီးသွားကြရတယ်။ ခုတော့ ပျော်ဘွယ်မြို့ကနေ ဖြတ်ပြီး တက်ကြရတယ်။ မိတ္ထီလာ၊ သာစည် မရောက်တော့ဘူး။ လမ်းကြောင်းတိုသွားတာတော့ အမှန်ပါပဲ။ ဒါပေမဲ့ မြို့တွေကို ဖြတ်သန်းသွားရတဲ့ ရသတော့ ပျောက်ဆုံးသွားတာပေါ့။ အခု ကျွန်တော်တို့ မုံရွာကို ရန်ကုန်ကပြန်ချင်ရင် စစ်ကိုင်းနဲ့ ချောင်းဦးမြို့တွေပဲ မြင်တွေ့ရတော့တယ်။ ပဲခူး၊ ညောင်လေးပင်၊ ပျဉ်းမနား၊ မိတ္ထီလာ၊ မန္တလေး စတဲ့မြို့တွေကို မတွေ့ရတော့ဘူး။ အမြန်လမ်းမကြီးကသွားတော့တာကိုး။ အိပ်လိုက်ရင် အကြောင်းမဟုတ်ပေမဲ့ ယာဉ်ပေါ်မအိပ်တတ်တဲ့သူတွေအဖို့တော့ ပျင်းရိစရာကောင်းလှတဲ့ လမ်းခရီးကြီးပါပဲ။

တောင်ကြီး ရန်ကြီးအောင်ကားက အမောင်းသား။ ဘုရားကြီးလမ်းခွဲက မရပ်မနားမောင်းလိုက်တာ မနက် ၅ နာရီခန့် အောင်ပန်းမြို့ရောက်မှပဲ ရပ်နားတော့တယ်။ အောင်ပန်းမြို့က ဆရာဒဂုန်တာရာ နေထိုင်သွားတဲ့မြို့၊ ခေါင်းချသွားတဲ့မြို့လေ။ ဆရာ့ရဲ့ကွယ်လွန်ခြင်းနှစ်ပတ်လည်တွေမှာ အောင်ပန်းကို ရောက်ဖြစ်တယ်။ အောင်ပန်းရောက်ရင် ရောက်တဲ့လက်စနဲ့ အင်းလေး၊ တောင်ကြီးတို့ဘက်ကို ခြေဆန့်မိသေးတယ်။ တစ်ခါတလေမှာ အောင်ပန်းက လှည့်ပြန်ရိုးမရှိ။ ကားပေါ်က ဆင်းလိုက်တာနဲ့ အောင်

mgyoe.com

mgyoe.com

ပန်းဆောင်း၊ ရှမ်းဆောင်းက ခပ်ကြမ်းကြမ်းလေး ပွေ့ဖက်ကြိုဆိုတယ်။ မာဖလာလေးကို နားရွက်အုပ်၊ ခေါင်းပတ်။ ဂျာကင်အောက်က ဆွယ်တာဝတ်။ ခြေအိတ်စွပ်။ လက်ကို ဂျာကင်အိတ်ထောင်ထဲ ထိုးထည့်ထား။ ဒါတောင် အအေးက ထင်သလောက် လျော့ပါးမသွားဘူး၊ အေးလိုက်တာ။

နွားနို့တစ်ခွက် မှာသောက်တယ်။ ပူပူလေးရလိမ့်မယ်ထင်တာ၊ အေးစက်လို့။ ခပ်ပေပေနေတတ်တဲ့ လင်းထင်တောင် ရှမ်းဆောင်းကို အရှုံးပေးလိုက်ရပြီ။ ခေါင်းစွပ်ဝယ်မှဖြစ်မယ်ထင်တယ် တဲ့။ ဝယ်ပေါ့။ ၂,၅၀၀ လို့ပြောတဲ့အတွက် မဝယ်ဘူး။ ရန်ကုန်မှာ လေးငါးခြောက်ရာ ရှိတာတဲ့။ လင်းထင်က ဈေးနှုန်းအနေအထား ကျွမ်းကျင်တယ်။ ရောက်လေရာအရပ်ဈေးထဲသွားလေ့ရှိတဲ့အကျိုးကျေးဇူး ထင်ပါရဲ့။ ဝန်းကျင်တစ်ခုလုံး နှင်းတွေကျနေတာကို မြင်ရတယ်။ ကျွန်တော်က နောင်ထောင်ရွာမှာ နှစ်ညအိပ်ရမှာကို တွေးကြောက်နေတယ်။ ဦးကျော်စိုးက စောင်မပါဘူးလားတဲ့။ ဖိတ်ကြားကတည်းက စောင်ပေးဖို့ အခက်အခဲရှိမယ်ထင်တယ်။ စောင်တစ်ထည်လောက်စီတော့ ယူခဲ့ကြပါလို့ ပြောထားသတဲ့။ ကျွန်တော်တို့က အတွင်းရေးမှူးဖြစ်တဲ့ ခင်မောင်ဇော်ဆီကတစ်ဆင့် ဖိတ်ကြားတာ၊ သိရတာလေ။ စောင်ယူသွားလို့ မပြောဘူး။ ယူသွားကြမယ်ထင်လို့ မပြောပြတာလား။ ပညာပြလိုက်တာလားမသိ။ နတ်တော်၊ ပြာသို အမေ့အိမ်သွားတာတောင် စောင်ယူသွားဆိုတဲ့စကား ရှိတယ်မဟုတ်လား။ ပေါ့ဆတဲ့အကောင်တွေ ခံပေါ့။

ကျွန်တော်တို့ကားက ရွှေညောင်ရောက်တော့ တောင်ကြီးဆက်မသွားဘဲ ညောင်ရွှေကိုဝင်ပြီး ကုန်ချသေးတယ်။ တစ်နာရီလောက် အချိန်ရသတဲ့။ လက်ဖက်ရည်သောက်ရင် သောက်နိုင်ကြသတဲ့။ ကားရပ်တာက ဈေးပေါက်မှာဆိုတော့ မိန်းမတွေတချို့ ဈေးထဲဝင်သွားကြတယ်။ ကျွန်တော်တို့လင်းထင်လည်း ပါသွားလေရဲ့။ သူပြန်လာတော့ ခေါင်းစွပ်တွေ၊ လက်အိတ်တွေနဲ့ ဖြစ်လာတယ်။ ခေါင်းစွပ်က ၅၀၀ ပဲ ပေးရသတဲ့။ ကျွန်တော့်အတွက်လည်း လက်အိတ်တစ်စုံပါလာတယ်။ လက်အိတ်ကလည်း ၅၀၀။ ဒီလိုဆိုတော့လည်း လင်းထင်က တော်နေပြန်ရော။

တောင်ကြီး အေးသာယာကားကွင်းရောက်တော့ နောင်ထောင်ရွာကို

mgyoe.com

ခရီးဆက်ဖို့ ဘတ်စ်ကားကြီးတွေက အရန်သင့် စောင့်စားနေကြတယ်။ မန္တလေးကလာတဲ့သူတွေကတော့ မနက် ၃ နာရီလောက်ကတည်းက ရောက်နေကြတာမို့ ခရီးဆက်သွားကြပြီတဲ့။ တောင်ကြီးရောက်ခိုက် ဆရာမြင့်မောင်မောင်ကို အမှတ်တရ ဖုန်းဆက်လိုက်မိသေးတယ်။ ကိုမြင့်မောင်မောင်က ဆရာမင်းသစ်၊ ဆရာညွန့်သစ်တို့ရဲ့ အပေါင်းအသင်း။ စာကြမ်းပိုး၊ စစ်ကိုင်းသား။ ခုတော့ တောင်ကြီးမှာ စာသင်ပေးရင်း အခြေချနေထိုင်နေပြီ။ ကျွန်တော်တို့၊ ကိုစံနုတို့ မီနီဘတ်စ်အသေးလေးကို စီးရတယ်။ ၁၈ ယောက်လောက် ဆံ့တယ်။ တောင်ကြီးဘက်တက်ပြီး ထန်စမ်းဂူသွားတဲ့ဘက်လမ်းအတိုင်း ထွက်ခဲ့ရတယ်။ ဟိုပုန်းမြို့လေးရောက်တော့ လက်ယာဘက်ချိုးကွေ့ပြီး လွိုင်ကော်ဘက်သွားလမ်းအတိုင်း ဆက်လက်သွားရတယ်။

ရှမ်းပြည်မြောက်ပိုင်းရော၊ တောင်ပိုင်းရော နေကြာရိုင်းပင်တွေကို တွေ့ရတယ်။ နေကြာပန်းအတိုင်း ဝါဝင်းလို့။ အပင်ရဲ့ကိုင်းတွေကို အရန်အတားပြုလုပ်တဲ့နေရာမှာ အသုံးပြုကြပါသတဲ့။ ဒီဘက်ပိုင်းမှာတော့ ရိုးရာအိမ်လေးတွေ တွေ့ရသေးတယ်။ ရိုးရာအိမ်ဆိုတာက သက်ငယ်မိုး၊ ဝါးကပ်၊ သစ်သားကာရံထားတဲ့ အိမ်လေးတွေကို ပြောတာပါ။ မြောက်ပိုင်းမှာတော့ ထုံးကျောက်ကာရံထားပြီး သွပ်မိုးထားတဲ့ အိမ်လေးတွေပဲ တွေ့ရတော့တယ်။ ရိုးရာအိမ် မတွေ့ရသလောက်ပဲ။ ဒီတော့ ရှမ်းရနံ့ မရတော့ဘူးပေါ့။ နောင်ချိုမြို့နယ်၊ သုံးဆယ်ရွာမှာ နေထိုင်နေတဲ့ တူတော်မောင် ပြောတာကတော့ သက် ငယ်က တောပြုန်းတီးမှုနဲ့အတူ ရှားပါးသွားပြီတဲ့။ ပြီးတော့ သွပ်ဈေးနဲ့ မတိမ်းမယိမ်းဖြစ်နေတယ်။ ခိုင်ခံ့တာကျတော့ သွပ်က ပိုတယ်လေ။ ထုံးကျောက်ကလည်း ထော်လဂျီနဲ့ တစ်စီးတိုက်မှ ၇,၀၀၀ ကျပ်ပေးရတယ်။ ဆယ်စီးတိုက် ၇၀,၀၀၀ လောက်ဆို အိမ်တစ်လုံးဆောက်လို့ရတယ်။ ထုံးကျောက်ကို အကြွေးစနစ်နဲ့လည်း ဝယ်လို့ရတယ်။ သွပ်မိုး၊ ထုံးကျောက်အိမ်လေးတွေ ပေါ်ထွန်းလာတာ စီးပွားရေးတိုးတက်မှုသရုပ်မဟုတ်ဘူး။ မွဲတေခြင်းရဲ့ သရုပ်တဲ့။

တောင်ကြီး၊ ဆီဆိုင်၊ လွိုင်ကော်လမ်းက ကတ္တရာလမ်းပါပဲ။ အိစက်ညက်ညောမနေပေမဲ့ ပြေပြစ်ပါတယ်။ ဒါပေမဲ့ လမ်းတွေက ကျဉ်းတယ်။ ကားနှစ်စီးရှောင်ရင် အရှိန်သတ် ရှောင်ရရတယ်။ မန္တလေး–မုံရွာလမ်းလို

ကားတွေပေါ်ရင် ကားရှောင်နေရတာနဲ့ ရောက်မယ်မဟုတ်တော့ဘူး။ အခု ကားက တစ်စီးစ၊ နှစ်စီးစ တွေ့ရတယ်။ သွားလာမှု မဖွံ့ဖြိုးသလို လူနေထိုင်မှုကလည်း ကျဲပါးဟန်တူရဲ့။ ရွာဆက်တွေက တစ်ရွာနဲ့တစ်ရွာ ဝေးလိုက်တာ။ ရွာတွေ့တိုင်း ထူးခြားမှုရှိတာက ဘုန်းတော်ကြီးကျောင်းတွေပါပဲ။ ဘုန်းတော်ကြီးကျောင်းတွေက ကြီးမားထည်ဝါခမ်းနားလှပါတယ်။ ဒါကြောင့်လည်း တစ်မူးရလို့ တစ်ပဲလှူ တို့ရှမ်းတောင်သူ မိနိုင်ရိုးလားဆိုတဲ့ အဆို ပေါ်ထွန်းခဲ့တာပေါ့။

တောင်ကြီးနဲ့ ဆီဆိုင်မြို့လေးက ၅၆ မိုင်ကွာပါတယ်။ ဒါပေမဲ့ ကားမောင်းချိန်က သုံးနာရီကျော် ကြာမြင့်တယ်။ ဆီဆိုင်မြို့လေးက ဟိုစဉ်ကတော့ သစ်တောတွေကြားမှာ တူတူပုန်းနေတဲ့ မြို့လေး ဖြစ်နေမလား။ တွေးကြည့်တာပါ။ ခုတော့ ကွင်းပြင်လွင်တီးခေါင်မှာရှိနေတဲ့ မြို့ကလေး။ ဈေးရှိတယ်။ တိုက်တာအဆောက်အအုံတွေရှိတယ်။ ကျွန်တော့်အတွက်တော့ ဆွဲဆောင်မှု မရှိလှပါဘူး။ ပအိုဝ်အဝတ်အစားတွေနဲ့ တိုင်းရင်းသူတွေ တွေ့ရတယ်။ ခေါင်းပေါင်းတာက အစဉ်အလာထင်ပါရဲ့။ အင်္ကျီ၊ ထဘီက အနက်ရောင်။ ဆီဆိုင်မြို့က ပအိုဝ်ကိုယ်ပိုင်အုပ်ချုပ်မှုထဲမှာ ပါဝင်တယ်။ ၂၀၁၅ ခု၊ နိုဝင်ဘာ ရွေးကောက်ပွဲမှာ တိုင်းရင်းသား ပအိုဝ်ကိုယ်စားလှယ်တွေပဲ အနိုင်ရရှိတဲ့ နယ်မြေ။

ဦးကျော်စိုးကတော့ တို့ဟူးနွေး၊ ရှမ်းခေါက်ဆွဲ စားတယ်။ ကျွန်တော်ကတော့ ကျွန်တော် အင်မတန်ကြိုက်နှစ်သက်တဲ့ တို့ဟူးကြော် စားတယ်။ ၅၀၀ ဖိုးဆိုရင် ထမင်းစားပန်းကန်ကြီးနဲ့ အပြည့်အမောက်ရတယ်။ တို့စရာအချဉ်ကို တို့ဟူးနွေးနဲ့ သီးခြားပြုလုပ်ပေးတယ်။ ချဉ်ပြေပြေ၊ ရှိန်းစပ်စပ် အရသာရှိတော့ စွဲမက်စရာကောင်းတယ်။ တို့ဟူးကြော် ၁,၀၀၀ ဖိုးစားလိုက်တော့ ဝမ်းပြည့်သွားတယ်။ တို့ဟူးကို ပဲစင်းငုံနဲ့ လုပ်တာတဲ့။ အရောအနှောမပါတော့ ကောင်းတာပေါ့။ ဆီကလည်း ဒယ်အိုးထဲ အပြည့်ထည့်ပြီးကြော်တာ။ စားအုန်းဆီမဟုတ်ဘူး။ ဆီသန့်တယ်။ စားပြီးတာနဲ့ လင်းထင်ထိုင်နေတဲ့ လက်ဖက်ရည်ဆိုင်ဆီ သွားကြတယ်။ လက်ဖက်ရည်ကလည်း စိတ်ကြိုက်မဟုတ်ပေမဲ့ အကောင်းသား။

ကွမ်းကတော့ ၂၀၀ ဖိုးမှ ငါးယာရတယ်။ ရန်ကုန်က ၂၀၀ ဖိုး

mgyoe.com

ကိုးယာရတယ်။ ဘာကွာသလဲဆိုတော့ ကွမ်းရွက်ကွာတယ်။ ရန်ကုန်ကွမ်းက ကွမ်းသားမပါဘူး။ 'ကွမ်းသား' ဆိုတာကို နားလည်လွယ်အောင် ပြောရရင်တော့ ကွမ်းရွက်ကို ဝါးလိုက်တာနဲ့ ကွမ်းအရသာတွေ့ရတယ်။ ကြာကြာဝါးမှ ကွမ်းအရသာတွေ့ရတာ ကွာခြားမှုပါပဲ။ ရန်ကုန်ကွမ်းက ကြာကြာဝါးမှ ကွမ်းအရသာ အနည်းငယ်ပဲရတယ်။ အထက်ပိုင်းကွမ်းတွေက တစ်ချက်ဝါးလိုက်တာနဲ့ ကွမ်းအရသာတွေ့တယ်။ အမှန်ကတော့ အလေ့အကျင့်ပါပဲ။ အညာသားဖြစ်တဲ့ ကျွန်တော်တောင် ရန်ကုန်ကွမ်းပဲ ဝါးတတ်တော့တယ်။ အညာကွမ်းဝါးရင် ထုံးပေါက်တာလို စပ်နေရော။

ဆီဆိုင်မြို့လေးကနေ လွိုင်ကော်လမ်းဘက် နှစ်မိုင်ကျော်လောက်သွားပြီး နောင်ထောင်ရွာလေးရောက်အောင် ဘယ်ဘက်ချိုးကွေ့လိုက်ရတယ်။ ကျေးလက်သွားတဲ့ လမ်းကလည်း ကတ္တရာလမ်းပါပဲ။ ရ.လ.လ.ဖ အရှိန်အဝါရှိစဉ်က ဖောက်လုပ်ထားတဲ့ လမ်းလား၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ဒေသဖြစ်မှ ဖောက်လုပ်ထားတဲ့လမ်းလား။ လမ်းခွဲလေးကနေ နောင်ထောင်ရွာရောက်အောင် ၁၁ မိုင်ကျော်ကျော်သွားရဦးမယ်။

နောင်ထောင်ရွာအဝင်မှာ နောင်ထောင်ဈေးဆိုတာ တွေ့ရတယ်။ အဆောက်အအုံအနေအထားကြည့်ရတာ စည်ကားမယ့်သဘောပါပဲ။ အသေအချာမေးကြည့်တော့ ငါးရက်တစ်ဈေးလည်း မဟုတ်တော့ဘူး။ အမြဲတမ်းဈေးဖြစ်နေပြီတဲ့။ ရောင်းဝယ်ဖောက်ကားမှုလည်း မရှိသလောက် ဖြစ်နေပါပြီတဲ့။ ဒီလိုပဲ ခြောက်ကပ်ကပ်နဲ့ သွားနေကြတာ။ လမ်းဘေးတစ်ဖက်တစ်ချက်မှာလည်း သော့ပိတ်ထားတဲ့ ဈေးဆိုင်ခန်းတွေ တွေ့ကြရတယ်။ စည်ကားရာကနေ ယုတ်လျော့သွားတာမဟုတ်ဘဲ ဖွံ့ဖြိုးဖို့ အရှိန်အဝါ တာစူဆဲလဲပြိုသွားတဲ့အသွင် ဆောင်ပါတယ်။ ဘာလို့လဲဆိုတော့ အဆောက်အအုံတွေက အသုံးပြုထားတဲ့လက္ခဏာ မတွေ့ရလို့ပါပဲ။

ရွာက ရွာတန်းရှည်ကြီး။ ကားလေးက ကျွန်တော်တို့ကို ရွာအစွန်ဆုံးမှာရှိတဲ့ ရ.လ.လ.ဖ ဌာနချုပ်ဆီကို သယ်ဆောင်သွားတယ်။ ရ.လ.လ.ဖ ဗဟိုဌာနချုပ်ဆိုတဲ့ မုခ်ဦးကြီးက ကြီးကျယ်ခမ်းနားလှတယ်။ ကွင်းပြင်လယ်တခြားအုတ်တံတိုင်းတွေနဲ့ ဆက်စပ်မှုမရှိ ထီးထီးဆိုတော့ ပိုပြီးပေါ်လွင်တယ်။ တစ်ထပ်အဆောက်အအုံငယ်လေးနှစ်လုံးကိုလည်း တွေ့ရရဲ့။ တစ်ခု

mgyoe.com

က ပြန်ကြားရေးရုံး၊ တစ်ခုက ပြတိုက်။ ကျွန်တော်တို့ကို ဗိုလ်မှူးကျော်သူက ဝမ်းသာအယ်လဲ ကြိုဆိုနှုတ်ဆက်တယ်။ ဗိုလ်မှူးဆိုတာက မြန်မာ့တပ်မတော်က ဗိုလ်မှူးမဟုတ်ပါဘူး။ ရ.လ.လ.ဖ ဗိုလ်မှူးပါ။ အဆင့်အတန်းခွဲခြားထားတဲ့အမှတ်အသားတွေ မတွေ့ရဘူး။

ပြတိုက်ထဲမှာတော့ ရ.လ.လ.ဖ ကို စတင်ဦးဆောင်ခဲ့ကြတဲ့ ဗိုလ်ချုပ်တော်လဟယ်နဲ့ 'ဖြေတန်' ဆိုတဲ့ ပုဂ္ဂိုလ်တွေရဲ့ ဓာတ်ပုံတွေ ချိတ်ဆွဲတယ်။ 'ဖြေတန်' ဆိုတာ လူကြီးလူကောင်း၊ ရပ်မိ ရပ်ဖဆိုတဲ့သဘော သက်ရောက်ပါသတဲ့။ ရ.လ.လ.ဖဆိုတာ ပဒေသရာဇ်ဆန်တဲ့ စော်ဘွားတွေကို လက်နက်ကိုင်တော်လှန်ဖို့ စုစည်းထားတဲ့အဖွဲ့ပါ။ ပဒေသရာဇ်ဆန် စော်ဘွားတွေဟာ ပွဲလမ်းသဘင်ကျင်းပခွင့်ကို ဆုပ်ကိုင်ထားတယ်။ ပွဲလမ်းသဘင်တွေကို သူတို့ပြုလုပ်ပေးမှ ရရှိတဲ့သဘော။ ပွဲလမ်းသဘင်နဲ့အတူ ၃၆ ကောင် ကစားဝိုင်းတွေ၊ အနီထောင်ကစားဝိုင်းတွေ ပေါ်ထွန်းလာတယ်။ စော်ဘွားတွေဟာ ကစားဝိုင်းကရရှိတဲ့ အကျိုးအမြတ်တွေကို အခွန်အကောက်မဲ့ သပိတ်ဝင် အိတ်ဝင် ရရှိနေကြတယ်။ ရှမ်းလူထုမှာတော့ သီးနှံတွေပေါ်က အကောက်ခွန်ပေးရ၊ လောင်းကစားတွေ ပြုလုပ်ကြခြင်းနဲ့ ဆင်းရဲတွင်း နက်သထက်နက်လာတော့တယ်။ အဲဒါကို မခံမရပ်နိုင်ဖြစ်ပြီး လက်နက်ကိုင် တော်လှန်ရေး စတင်ခဲ့ကြတာပါ။

အဲဒီအချိန်က လက်နက်ကိုင်တော်လှန်ရေးဆိုလို့ ကရင်နဲ့ ကွန်မြူနစ်တွေပဲရှိကြတယ်။ ကရင်က ကရင်လူမျိုးစုလွတ်မြောက်ရေးအတွက်သာ ဆောင်ရွက်နေတဲ့ အဖွဲ့အစည်းဖြစ်လေတော့ ကွန်မြူနစ်နဲ့ ဆက်သွယ်ရတာပေါ့။ အဲဒီမှာ စော်ဘွားတွေက ရ.လ.လ.ဖဆိုတာ ကွန်မြူနစ်စနစ်တွေပဲ ဖြစ်တယ်လို့ ဗဟိုအစိုးရဆီ နားပေါက်အောင် ပြုလုပ်နိုင်ခဲ့ကြတယ်။ န.ဝ.တ၊ န.အ.ဖ တွေ လက်ထက်မှာတော့ ပအိုဝ်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဖြစ် ခံယူရင်း ငြိမ်းချမ်းရေးယူလိုက်ကြတော့ဟန် တူပါတယ်။ ဒါပေမဲ့ ရ.လ.လ.ဖ ဟာ သမိုင်းအစဉ်အလာကြီးမားစွာနဲ့ ရပ်တည်နေဆဲပါ။ လက်ရှိခေါင်းဆောင်က ဗိုလ်ချုပ်စိန်ရွှေကဲ့။

ဗိုလ်ချုပ် တော်လဟယ်ရဲ့ အမှတ်တရကျောက်တိုင်ကို မလှမ်းမကမ်းမှာ တွေ့မြင်ရတယ်။ ရန်ကုန် အာဇာနည်ဗိမာန်ပုံစံအတိုင်းပါပဲ။ အာဇာနည်

mgyoe.com

ပုဂ္ဂိုလ်တွေလို အရေအတွက်မများဘဲ တစ်ဦးတည်းဆိုတော့ သေးငယ်နေတာပဲ ကွာခြားတယ်။ ဗိုလ်ချုပ် တော်လှပယ်ဟာ ၉၄ နှစ်၊ လွန်ခဲ့တဲ့ ငါးနှစ်က ကွယ်လွန်ရှာပါတယ်။ လာမယ့် ၂၀၁၆ ခုမှာ ရ.လ.လ.ဖ ၆၇ နှစ်မြောက်နဲ့အတူ ဗိုလ်ချုပ် တော်လှပယ်ရဲ့ နှစ် ၁၀၀ ပြည့်ပါ။ ရ.လ.လ.ဖ နှစ်ပတ်လည်က ဖွဲ့စည်းခဲ့တဲ့ ဒီဇင်ဘာ ၁၁ ရက်ကို သတ်မှတ်ထားတာဖြစ်ပါတယ်။

ကျွန်တော်တို့ ဧည့်သည်တွေကို နောင်ထောင်အထက်တန်းကျောင်းကျောင်းဆောင်သစ်ကြီးရဲ့အပေါ်ထပ်မှာ နေရာချထားပေးပါတယ်။ အဲဒီမှာ မုံရွာက လာကြတဲ့ ဦးမြင့်သိန်း၊ ဦးမြင့်အောင်၊ ဦးသန်းအေးတို့ကို တွေ့ကြရတယ်။ သူတို့က သခင်ကိုယ်တော်မှိုင်း ငြိမ်းချမ်းရေးကွန်ရက် မုံရွာကိုယ်စားပြုအဖြစ် တက်ရောက်ကြတာပါ။ မန္တလေးက ဦးသက်တင်၊ ဦးတင်အေးကြူတို့ကိုလည်း တွေ့ရတယ်။ ကျွန်တော်တို့အတွက် နေရာအခက်အခဲဖြစ်နေတယ်။ ပဲခူး ဦးကျော်ကြီးရဲ့ အစီအမံကြောင့် လွတ်နေတဲ့အခန်းမှာ ဧရာဝတီတိုင်းက တက်ရောက်လာတဲ့ ရဲဘော်တွေနဲ့ ချောင်ချောင်ချိချိနေရာရလိုက်တယ်။ ထမင်းစားကြမယ်ဆိုရင်လည်း စားလို့ရပါပြီတဲ့။ တစ်ထပ်ကျောင်းဆောင်လေးထဲမှာ ထမင်းဝိုင်း ၂၀ လောက် ပြင်ဆင်ထားတယ်။

ထိုင်ခုံတွေနဲ့၊ ဇွန်းခက်ရင်းတွေနဲ့၊ ရေသန့်ဘူးတွေနဲ့ ကျကျနနပါပဲ။ ဝက်သား၊ ရှမ်းပဲပုပ်နဲ့ ငရုတ်သီးကြော်၊ ပန်းမုန်လာပွင့်ကြော်။ ဝက်သားဟင်းချက်ထားတာ တော်တော်ကောင်းတယ်။ ထမင်းနှစ်ပန်းကန် အသာလေးရှောခနဲ ကုန်သွားတယ်။ ညပိုင်းရောက်တော့ မီးကို မီးစက်မောင်းပြီး ဖွင့်ပေးတယ်။ စကားလည်း ဝိုင်းဖွဲ့ပြောကြတယ်။ အထူးသဖြင့် နိုင်ငံရေးအသိုင်းအဝိုင်းဆိုတော့ နိုင်ငံရေးအကြောင်း၊ အမြင်အယူအဆတွေအကြောင်းပါပဲ။ တချို့ကတော့ ခရီးပန်းလာလို့ထင်ပါရဲ့။ အိပ်စက်ဖို့ ပြင်ဆင်နေကြတယ်။ အားလုံး စောင်ကိုယ်စီနဲ့။ စောင်မပါတာဆိုလို့ လင်းထင်နဲ့ ကျွန်တော်ပဲရှိတယ်။

မာဖလာပေါင်း၊ လက်အိတ်စွပ်၊ ဆွယ်တာဝတ်၊ ခြေအိတ်စွပ်ဆိုတော့ နွေးထွေးနေတယ်။ ပြီးတော့ အခန်းကလည်း လုံတယ်။ စောင်မပါလည်း အိပ်ဖြစ်မယ့်အနေအထားပါ။ ဒီနှစ်ဆောင်းက အလာနောက်ကျနေသလို

mgyoe.com

mgyoe.com


ပါပဲ။ နိုဝင်ဘာ ၂၇ ရက်၊ ဒေါ်ဒေါ်(လူထုဒေါ်အမာ)ရဲ့ မွေးနေ့မှာ မန္တလေးဆောင်းကို စောင်မခြုံဘဲ အိပ်လို့ရတယ်။ အဲဒီပွဲအပြီး ပြင်ဦးလွင်၊ နောင်ချိုတို့ဘက် တက်ရောက်တော့လည်း ပြောသလောက် ဆောင်းမပီသသေးတာ တွေ့ရတယ်။ သစ်တောတွေ ကုန်စင်တော့ ရာသီဥတုအပြောင်းအလဲတွေက သိသာထင်ရှားလာပြီလေ။ ဦးကျော်စိုးကတော့ သူ့စောင်က ကြီးသတဲ့။ နှစ်ယောက်ခြုံလို့ရတယ်လို့ ပြောရှာပါရဲ့။ ဒါပေမဲ့ ကျွန်တော်က ဇနီးနဲ့တောင် စောင်ခွဲပြီး ခြုံအိပ်ကြတာ။ စောင်တစ်ထည်အတွင်း နှစ်ယောက်မအိပ်တတ်တာအခက်။

နောက်ရက်မှာတော့ ဌာနချုပ်ဝင်းထဲ သီးခြားယာယီဆောက်လုပ်ထားတဲ့ မဏ္ဍပ်ကြီးအောက်မှာ အခမ်းအနားပြုလုပ်တယ်။ ဗိုလ်ချုပ်စိန်ရွှေက အဖွင့်စကားပြောတယ်။ အသက် ၈၀ လောက်တော့ ရှိပြီပေါ့။ သူ့မှာလည်း ခွဲခြားတပ်ဆင်ထားတဲ့ အဆောင်အယောင် မတွေ့ရပါဘူး။ ပြောက်ကျားဂျာကင်နဲ့ ဘောင်းဘီရှည်ပါပဲ။ အဖွဲ့အစည်းအသီးသီးက ပေးပို့ကြတဲ့ သဝဏ်လွှာတွေကို ဖတ်ကြားတယ်။ ကျွန်တော်တို့ စာရေးဆရာများသမဂ္ဂကလည်း သဝဏ်လွှာပေးပို့တယ်။ တက်ရောက်ကြတဲ့သူတွေ၊ အဖွဲ့အစည်းတွေကလည်း အများသား။ ရွှေဝါရောင် သံဃာအဖွဲ့အစည်း၊ တောင်သူလယ်သမားသမဂ္ဂ၊ တောင်သူလယ်သမားကွန်ရက်၊ ၇၄၊ ၇၅၊ ၇၆ နိုင်ငံရေးအင်အားစု၊ ကျွန်းပြန်အဖွဲ့အစည်း၊ ၁၉၉၀ ရွေးကောက်ခံကိုယ်စားလှယ်အစုအဖွဲ့၊ အဖြူရောင်တွဲလက်များ၊ ကျောင်းသားသမဂ္ဂ၊ ဝိမုတ္တိလူမှုအဖွဲ့အစည်း၊ သခင်ကိုယ်တော်မှိုင်း ငြိမ်းချမ်းရေးကွန်ရက်၊ လီဆူအမျိုးသမီးအစုအဖွဲ့... စသဖြင့် စုံစုံလင်လင်၊ သိုင်းသိုင်းဝိုင်းဝိုင်း။

၁၁ နာရီထိုးတော့ ထမင်းစားရပ်နားတယ်။ တစ်နာရီမှာ ဆွေးနွေးပွဲစတင်မယ်လို့ ကြေညာတယ်။ ညနေပိုင်းဆွေးနွေးပွဲမှာ ငြိမ်းချမ်းရေးကိစ္စ၊ အာဏာလွှဲပြောင်းရေးကိစ္စ၊ သယံဇာတခွဲဝေသုံးစွဲရေး၊ ပညာရေး၊ လူမှုရေး၊ စီးပွားရေးတွေကို ကိုယ့်အမြင်၊ ကိုယ့်အယူအဆတွေနဲ့ တင်ပြဆွေးနွေးကြတယ်။ အာဏာရှင်စနစ် လုံးဝချုပ်ငြိမ်းရေးပေါ်က ရပ်တည်ဆွေးနွေးကြတော့ ဘုံအယူအဆအနေနဲ့ ကွဲလွဲမှုမရှိလှပါဘူး။ တစ်သွေးတည်း၊ တစ်သားတည်းဖြစ်ဖို့ ကြိုးစားဆောင်ရွက်ကြရမယ်။

mgyoe.com

mgyee.com


ဟောဒီ နောင်ထောင်ရွာမှာ သဘောကျစရာ ကောင်းတာကတော့ ရေပေါခြင်းပါပဲ။ တောင်ပေါ်ဒေသ ရေပေါခြင်းဟာ ကုသိုလ်တစ်မျိုး မဟုတ်ပါလား။ ရွာတန်းရှည်တစ်လျှောက် ကိုက် ၁၀၀၊ ၂၀၀ အကွာလောက်ဆီမှာ ရေမြောင်းလေးတွေ စဉ်ဆက်မပြတ် စီးဆင်းနေတယ်။ ရေမြောင်းထဲမှာ ကွန်ကျူပလတ်စတစ်ပိုက်တွေလည်း တွေ့ရတယ်။ အိမ်အရောက် ရေသွယ်တန်းယူထားကြတာပေါ့။ ရေမြောင်းလေးတွေက နွေ၊ မိုး၊ ဆောင်းမပြတ် အမြဲစီးဆင်းနေပါသတဲ့။ ရွာအထက် တစ်မိုင်အကွာလောက်မှာ ရေထွက်ကန်ကြီးတည်ရှိနေသတဲ့လေ။ ရေမြောင်းပေါ် သစ်သားပြားလေးတွေ ခင်းထားတယ်။ အဲဒီတန်းပေါ်ထိုင်ပြီး ရေကို ခပ်ချိုးရုံပါပဲ။ ဆပ်ပြာ၊ သွားတိုက်ဆေး၊ သွားတိုက်တံတွေလည်း ချထားပေးတယ်။ ဧည့်ဝတ်ပြုမှုကတော့ လိုလေသေးမရှိ၊ အားနာယူရလောက်အောင်ပါ။

ရေချိုးပြီးတာနဲ့ ရွာလယ်လမ်းတစ်လျှောက် လေ့လာရေး ထွက်ခဲ့ကြတယ်။ မြေပဲပင်တွေကို စုစည်းတွဲချိတ် အခြောက်ခံထားတာတွေ တွေ့ကြရတယ်။ မြေပဲထွက်တယ်ဆိုမှတော့ ဒီဝန်းကျင်က မြေတွေကလည်း ကောင်းပြီပေါ့။ မြေပဲက တော်ရုံတန်ရုံမြေ မဖြစ်ထွန်းပါဘူး။ သဲနုန်းစပ်တဲ့ မြေမှထွက်ရှိတယ်။ ကျေးလက်ဆေးရုံ ဆောက်လုပ်မည့်နေရာတဲ့။ အဆောက်အအုံလေးတစ်လုံးပဲ တွေ့ရသေးတယ်။ သတ်မှတ်ထားတာပဲရှိတယ်။ အကောင်အထည်ဖော်ဖို့က ဝေးနေသေးဟန်တူပါရဲ့။ ကျေးလက်လျှပ်စစ်ရုံးလို့ စာတန်းကပ်ထားတဲ့ အဆောက်အအုံလေးလည်း တွေ့ရတယ်။ အမိုးပေါ်မှာ လျှပ်စစ်ဆိုလာပြား တပ်ဆင်ထားတော့ ပြုံးလိုက်မိတယ်။

ခရစ်ယာန်ဘုရားကျောင်းတစ်ခုလည်း ရှိတယ်။ ကြည့်ရတဲ့အနေအထားက အင်အားတော့ ကောင်းဟန်မတူဘူး။ ဗုဒ္ဓဘာသာဘုန်းကြီးကျောင်းကြီးကတော့ အံ့မခန်းပါပဲ။ လှေကားအကျယ်ကြီးတွေ တပ်ဆင်ထားတာကို ဂရုပြုမိတယ်။ သဘောလည်း ကျနေမိတယ်။ အဲဒီကနေ ရေထွက်ကန်ဆီ သွားကြတယ်။ လူသွားလမ်းလေး ဘေးတစ်ဖက်တစ်ချက်မှာ မြက်ရိုင်းပင်တွေ တောထလို့။ အောက်ခံမြေမှာလည်း ရေစပ်စပ်ရှိနေတယ်။ အမြဲတမ်း စိမ့်နေဟန်တူပါရဲ့။

တစ်မိုင်နီးပါးလောက် လျှောက်မိတော့ ကန်ရေပြင်ကြီးကို တွေ့ရ

mgyee.com

တယ်။ အလျားနှစ်မိုင်၊ အနံမိုင်ဝက်လောက်တော့ ရှိမှာပေါ့။ ကန်ရေပြင်ပေါ်မှာ သစ်သားတံတားကြီး ဖြတ်သန်းထားတယ်။ ဦးပိန်တံတားကို သတိရစေမိပါရဲ့။ တံတားက ဟိုဘက်ကမ်းကုန်းမြင့်ပေါ်မှာ တည်ရှိနေတဲ့ စေတီဆီကို ဦးခိုက်ထားတယ်။ ဝန်းကျင်မှာလည်း တောင်ကုန်းလေးတွေ ဝန်းရံလို့။ ကြည့်မြင်ရတဲ့ မြင်ကွင်းက စွဲမက်စရာကောင်းအောင်ကို လှပလို့ နေတယ်။ ကန်ရေက နွေမှာလည်း လျော့ပါးမသွားဘူး။ ဒီအတိုင်းပဲ။ ဒါကြောင့် ရေထွက်ဖြစ်တယ်လို့ သတ်မှတ်ထားကြတာတဲ့။ ပညာရှင်တွေခေါ်ယူပြီး လေ့လာဆန်းစစ်သင့်တယ်။ တံတားပေါ်တက်လိုက်တော့ တံတားက လှုပ်စိလှုပ်စိ။ ဖြတ်ကူးရင်း ပြိုကျသွားရင်တော့ ဒုက္ခ။

တစ်ဖက်ကမ်း ဘုရားကုန်းတော်ပေါ် ရောက်သွားတော့ ဘုရားစေတီက မည်ကာမတ္တမဟုတ်။ လေးဖက်လေးတန် ပုံစံတူ အာရုံခံတိုက်လေးတွေရှိတယ်။ ရင်ပြင်ပေါ်လည်း ကြွေပြားတွေ ခင်းထားလို့။ ဘုန်းကြီးကျောင်းကလည်း သပ်သပ်ရပ်ရပ်၊ ခိုင်ခိုင်ခံ့ခံ့တိုက်ကျောင်းပါ။ ဝန်းကျင်မှာလည်း သစ်ပင်တွေနဲ့ စိမ်းစိမ်းစိုစို။ တရားဘာဝနာမွေ့လျော်ချင်တဲ့သူတွေအဖို့တော့ စိတ်ကြိုက်တွေ့နိုင်ပါတယ်။ စိတ်ကူးယဉ်တတ်တဲ့ ကျွန်တော်တို့အဖို့တော့ တစ်ရက်တာလောက်သာ ပျော်နိုင်လိမ့်မယ်ထင်တယ်။ ဓာတ်ပုံမှတ်တမ်းတင်ချင်တဲ့ စိုးဝင်းငြိမ်းအဖို့ အလင်းရောင်ယုတ်လျော့နေလို့ အလှအပကို အကုန်အစင် သိမ်းဆည်းနိုင်တော့ဟန် မတူပါဘူး။

စာသင်ကျောင်းရောက်တော့ မှောင်စပြုနေပြီ။ ထမင်းစားပြီး ပွဲဈေးတန်းဘက် ထွက်ခဲ့ကြတယ်။ ပွဲဈေးကွင်းလမ်းတစ်လျှောက် စည်ကားစပြုနေပါပြီ။ ဆိုင်ကယ်တွေကို အဝင်မခံတော့ဘူး။ သတ်မှတ်နေရာမှာလည်း ထားခဲ့ကြရတယ်။ ပွဲဈေးတန်းက အနွေးထည်၊ စောင်တွေရောင်းကြတယ်။ ကော်ဖီဆိုင်၊ အကြော်ဆိုင်တွေလည်း တွေ့ရတယ်။ အရက်ပုန်းလည်း တိတ်တိတ်လေး ခိုးပြီးရောင်းကြသပေါ့။ သေနတ်တွေလွယ်ထားတဲ့ ပအို့ဝ်တပ်သားတွေလည်း တွေ့ကြရတယ်။ ရိုးရာဝတ်စုံ စတိုင်ကျကျဝတ်ဆင်ထားကြတဲ့ ကောင်မလေးတွေ၊ ခေတ်ဆန်ဆန် ဝတ်ဆင်ထားတဲ့ ကောင်မလေးတွေ၊ ကောင်လေးတွေကတော့ လုံချည်ဝတ်တာ မရှိသလောက်ပဲ။ ဘောင်းဘီရှည်နဲ့။ အသွေးစုံ၊ အရောင်စုံ စီးမျောနေကြတာ။

mgyoe.com

mgyee.com


ကျွန်တော်တို့ အကြော်ဆိုင်တစ်ခုကို ဝင်လိုက်ကြတယ်။ အကြော်ဆိုင်တိုင်းမှာ ကျွန်တော်ကြိုက်တဲ့ တို့ဟူးကြော်တွေက လင်ပန်းကြီးတွေနဲ့ အပြည့်အမောက်ပါပဲ။ အကြော်တစ်ပွဲဆို ထမင်းစားပန်းကန်ပြားနဲ့ အပြည့်အမောက်။ ဈေးက ၅၀၀ ကျပ်။ ဇာတ်အဖွဲ့က ခုထိ ကားလိပ်တွေ ပြင်ဆင်လို့ မပြီးသေးဘူး။ 'သထုံပေ့' ဇာတ်အဖွဲ့တဲ့။ မြန်မာလို မေးကြည့်တော့ မဖြေတတ်ကြဘူး။ ပအို့ဝ်ဘာသာနဲ့ စကားပြောတယ်၊ သီချင်းဆိုတယ်။ အနေအထားကို အကဲခတ်လို့ရပေမဲ့ ရသကိုတော့ အပြည့်အဝ မခံစားနိုင်ပေဘူး။ နောက်မနက် ၆ နာရီမှာ အခမ်းအနားပြန်စမယ်။ ၅ နာရီခွဲအရောက်ခေါ်ထားတယ်ဆိုတော့ ကျွန်တော်တို့ ၁၀ နာရီထိုးလောက်ထိပဲ နေကြမယ်လို့ ဦးကျော်စိုးက ပြောလာတယ်။ ၁၀ နာရီထိုးလို့ ကျွန်တော်တို့ ပြန်လာသည်အထိ ပွဲက မစသေးဘူး။ ဇာတ်ကြောဆွဲလိုက်တယ်။ ဇာတ်ပိုးရှိတဲ့ လင်းထင်ကတော့ နေရစ်ခဲ့တယ်။

မနက်ငါးနာရီကျော်တော့ ဦးကျော်စိုးနဲ့ ကျွန်တော် အခမ်းအနားကျင်းပမယ့်နေရာကို ထွက်လာကြတယ်။ လင်းထင်ကို မနှိုးဘဲ ပစ်ထားခဲ့တယ်။ အဲဒီကောင်က သုံးနာရီကျော်မှ ပြန်ရောက်လာတာ။ ကျွန်တော်က ပြီးအောင်တော့ မကြည့်ဘဲနဲ့ပြောတော့ အေးလွန်းလို့ မခံနိုင်လို့ ပြန်လာတာတဲ့။ ကျွန်တော်တို့ ရောက်ရှိသွားတော့ ဇာတ်က မပြီးသေးဘူး။ အရှိန်ကောင်းတုန်း၊ ကပြတုန်း။ ကိုစံနုတို့ဝိုင်းမှာထိုင်ပြီး ကော်ဖီသောက်တယ်။ တို့ဟူးကြော်စားတယ်။ ပအို့ဝ်တပ်သားတွေလည်း ယူနီဖောင်းလတ်လတ်ဆတ်ဆတ်တွေနဲ့ တက်ကြွနေကြတယ်။ ဗိုလ်ချုပ် တော်လဟယ်ကျောက်တိုင်မှာလည်း လွမ်းသူ့ပန်းခြင်းတွေ စီရရီ။ ခြောက်နာရီထိုးသည့်တိုင် အခမ်းအနားက မစ။

ခြောက်နာရီခွဲတော့ ပြန်လာခဲ့တယ်။ နောင်ထောင်ကားက ဆီဆိုင်ကို ရှစ်နာရီထွက်မှာတဲ့။ နောင်ထောင်က ဆီဆိုင်ကို မနက် ရှစ်နာရီတစ်စီး၊ နေ့လယ် ၁၂ နာရီတစ်စီး တစ်ရက်ကို နှစ်စီးပဲထွက်တယ်။ လမ်းမှာ လင်းထင်နဲ့ တွေ့တယ်။ သွားမနေနဲ့တော့ကွာ၊ ပြန်ကြစို့ရဲ့။ အိတ်ကလေးတွေယူပြီး နောင်ထောင်ဈေးဘက်ကို ထွက်ခဲ့ကြတယ်။ အကြော်တဲလေးမှာ ရေနွေးသောက်ရင်း၊ အကြော်စားရင်း စောင့်ကြတာပေါ့။ အဲဒီမှာ ဆီပန့်ဆိုင်အသေး

mgyee.com

mgyoe.com


လေးတွေ့ရတော့ အံ့အားသင့်မိသေးတယ်။ တတ်နိုင်သူဆိုတော့ သူတို့တစ်အိမ်လုံး ရေအားလျှပ်စစ် ပြုလုပ်ထားတာတဲ့။ ဒီရွာမှာတော့ အားလုံးတတ်နိုင်ရင် တစ်ရွာလုံး ရေအားလျှပ်စစ်ပြုလုပ်နိုင်တာပေါ့။

ကားက ၈ နာရီခွဲမှထွက်တယ်။ ခေါင်းခန်းစီးရပေမဲ့ အပိုဆောင်းကြေး မပေးရပါဘူး။ ၁,၀၀၀ ကျပ်ပါပဲ။ ခရီးသည်ကလည်း ၁၀ ယောက်တောင် မပြည့်ဘူး။ ခေါင်းခန်းစီးရတော့ အခုန်အပြု သက်သာတယ်။ ဒရိုင်ဘာလေးက ငယ်ပါသေးတယ်။ ကောင်လေးက ကျောက်ပန်းတောင်းဘက်ကတဲ့။ နောင်ထောင်မှာ အိမ်ထောင်လာကျတာ။ သူ့ဇနီးကလည်း မြင်းခြံဘက်ကပါတဲ့။ သူတို့ အခြေချတာကတော့ ၁၅ နှစ်လောက်ရှိပြီတဲ့။ သူရောက်ရှိတာတော့ လေးနှစ်ရှိပါသေးတယ်တဲ့။ ပအိုဝ်စကားကို နားလည်တယ်၊ ကျွမ်းကျွမ်းကျင်ကျင်တော့ ပြန်မပြောတတ်သေးဘူးတဲ့။ သူ့အမျိုးသမီးကတော့ မပြောရင် ပအိုဝ်လို့ပဲ ထင်ကြမှာပါပဲတဲ့။ အခုကားကယောက္ခမဝယ်ထားတဲ့ကား။ မကိုက်တဲ့နေ့လည်းရှိ၊ ကိုက်တဲ့နေ့လည်းရှိ။ နှစ်ချုပ်ရင်တော့ မဆိုးပါဘူးတဲ့။ ပြောင်းပေါ်ရင် ဆီဆိုင်ကို တစ်ရက်ကိုလေးခေါက်လောက် သွားရပါသတဲ့။

ဆီဆိုင်ရောက်တော့ လှိုင်ကော်ကားလေး လက်မှတ်ဝယ်တယ်။ တစ်ယောက် ၂,၅၀၀ ကျပ်။ ၂၆ မိုင်ပဲ ကွာဝေးတယ်ဆိုတော့ ကားခကများနေသလိုပါပဲ။ ကားက ၁၂ နာရီဝန်းကျင်မှ ရောက်မယ်။ ခုမှ ၁၀ နာရီရှိသေး။ အချိန်နှစ်နာရီလောက်ရတယ်။ မောင်လင်းထင် ဈေးထဲကို စိတ်ကြိုက်သာ လှည့်ပတ်ကြည့်ရှုပေတော့။ ကျွန်တော်ကတော့ လက်ဖက်ရည်ဆိုင်က စောင့်မယ်။ ဆီချက်တစ်ပွဲ၊ လက်ဖက်ရည်တစ်ခွက် မှာလိုက်တယ်။ အရသာလည်း သင့်ပါရဲ့၊ ဈေးလည်းသင့်ပါရဲ့။ ၇၀၀ ပဲကျတယ်။ လင်းထင်က ဈေးထဲကနေ အမှတ်တရအဖြစ် ဓားမြှောင်ဝယ်လာသတဲ့။ မင်းနှယ်ကွာ… လမ်းမှာ စစ်ဟယ်… ဆေးဟယ်နဲ့ ဓားမြှောင်တွေ့သွားရင် လက်နက်မှုနဲ့ အဖမ်းခံနေရဦးမယ်လို့ ပြောရသေးတယ်။

ဆီဆိုင် လှိုင်ကော် ကားလေးပေါ်မှာ ခရီးသည်ဆိုလို့ လင်းထင်နဲ့ကျွန်တော်ပဲပါတယ်။ ကိုယ်ပိုင်ငှားစီးရသလိုပါပဲ။ ဆီဆိုင်–လှိုင်ကော်လမ်းက ဆီဆိုင်–တောင်ကြီးလမ်းပိုင်းထက် ကောင်းမွန်တယ်။ ကျယ်ကျယ်

mgyoe.com

mgyoe.com


ပြန့်ပြန့် ချောချောမွေ့မွေ့။ လမ်းမှာ ၁,၅၀၀ တန် ခရီးသည်တစ်ယောက် ရတယ်။ ရှမ်းပြည်နယ်ကိုကျော်ပြီး ကယားပြည်နယ်ထဲ ရောက်ခဲ့ကြပါပြီ။ ကားလေးက ကားကွင်းထဲ တိုက်ရိုက်မောင်းတယ်။ အဲဒီမှာ နောက်ရက် သုံးနာရီထွက်မယ့် လွိုင်ကော်–ရန်ကုန် ကားလက်မှတ်ကို ဝယ်ခဲ့ကြတယ်။ တစ်ယောက် ၁၂,၀၀၀ ကျပ်။ ကားလေးက ကျွန်တော်တို့ကို ပုလဲတည်းခို ခန်းထိ လိုက်ပို့တယ်။ နှစ်ယောက်အိပ်ခန်း ၈,၀၀၀ လို့ပြောလိုက်တာ။ ဘော်ဒါကြေးပေးရဟန်တူပါရဲ့။ ၉,၀၀၀ ကျပ်တဲ့။ ပေးလိုက်ပါ၊ ချောချော မောမော ရောက်ရှိတာကိုပဲ ကျေးဇူးတင်လှပါပြီ။

ရေမိုးချိုးပြီးတာနဲ့ မောင်လင်းထင်က ရောဂါထပြန်ပါပြီ။ ဈေးသွား ကြည့်ရအောင်တဲ့။ မေးမြန်းပြီး လမ်းလျှောက်သွားကြတယ်။ လွိုင်ကော် မြို့က အပျိုကြီးနဲ့ တူသလိုပါပဲ။ သန့်ပြန့်ပြီး ဣန္ဒြေရရ လှပနေတယ်။ ဆိုက်ကားမတွေ့ရ၊ မြင်းလှည်းမတွေ့ရ။ ဘီလူးချောင်းကူးတဲ့တံတားလေး ဆီရောက်တယ်။ ယာဉ်သွားလမ်းက သတ်သတ်၊ လူသွားလမ်းက သတ်သတ်။ ယာဉ်သွားလမ်းက တစ်စီးသာ သွားရတာမို့ မီးပွိုင့်တပ်ဆင် ထားတယ်။ ချောင်းက ရေမှ စီးဆင်းပါစထင်ရအောင် ရေစီးက ညင်သာလှ တယ်။ အမှိုက်တွေ ရှိနေတာတော့ ရှုံ့ဖို့ကောင်းတယ်။ မြို့အလှကို ပျက်စေ တယ်။ တံတားကျော်လိုက်တာနဲ့ ဈေးကြီးကို တွေ့ရတယ်။ ဒီနေ့ ဥပုသ်နေ့ မို့ ဈေးပိတ်ပါသတဲ့။

ဈေးကနေ တောင်ကွဲစေတီရှိရာဘက်ကို ဆက်လျှောက်ကြပြန်တယ်။ နာမည်ကြီးလှတဲ့ တောင်ကွဲစေတီကို တွေ့ပါပြီ။ ကွဲနေတဲ့ ကျောက်တုံးနှစ်ခု ပေါ်ကို လမ်းလေးတွေ ပြုလုပ်၊ လှေကားလေးတွေ ပြုလုပ်၊ စေတီလေးတွေ တည်ထား။ ပြီးတော့ ကွဲနေတဲ့ ကျောက်တုံးကို တံတားထိုးပြီး ဆက်ထား တယ်။ လက်ဝဲဘက်က ကျောက်တုံးက ပိုကြီးတော့ အဲဒီအပေါ်မှာ စေတီ တွေများတယ်။ လေးထပ်ကျောင်းဆောင်ဆိုတာလည်း ရှိတယ်။ အပေါ်ဆုံး က စေတီရင်ပြင်ဟာ အတန်အသင့်ကျယ်ဝန်းတယ်။ မြို့တည်နေပုံရှုခင်းကို လှမ်းခြံကြည့်နိုင်တဲ့နေရာပေါ့။ ကြံရည်ဖန်ရည်ရှိကြတဲ့ ကျွန်တော်တို့လူမျိုး ရဲ့ ဖန်တီးမှုကို သဘောကျလှပါတယ်။

ဘုရားကွင်းနဲ့ မျက်နှာချင်းဆိုင်ကွင်းထဲမှာ ရှမ်းနှစ်သစ်ကူးနဲ့ ကထိန်

mgyoe.com

mgyoe.com


ပွဲတော်ရှိတယ်။ ဈေးဆိုင်တွေလည်း အများအပြားပါ။ ဇာတ်စင်ကြီး ထိုးထားတာလည်း ခမ်းခမ်းနားနား ကြီးကြီးမားမား။ မောင်လင်းထင် ညကျ လာကြည့်ပါဦးလား ပြောတော့ သူက ဇာတ်သာဝါသနာထုံတာ၊ စတိတ်ရှိုးကျ မခံစားတတ်ဘူး။ ထမင်းကို စားသောက်ဆိုင်တစ်ဆိုင် ဝင်စားကြတယ်။ ကြက်ကုန်းဘောင်၊ ကန်စွန်းပလိန်းနဲ့ အရည်သောက် စွန်ထန်။ စွန်ထန်ကို သေချာအောင် အလကားပေးတာမဟုတ်လားလို့ မေးကြည့်ရသေးတယ်။ ဟုတ်ပါသတဲ့။

တည်းခိုခန်းရောက်တော့ နေပြည်တော်နေတဲ့ တူမရဲ့ အမျိုးသား လင်းလင်းအောင်ရဲ့သူငယ်ချင်း ဖြေရယ်သက်နိုင်ကို သတိရတာနဲ့ တူမဆီ ဖုန်းဆက်လိုက်တယ်။ နောက် မကြာခင် ဖြေရယ်သက်နိုင်ဆီက ဖုန်းလာတယ်။ ဘယ်မှာတည်းသလဲ၊ ဘယ်လာတွေ့ရမလဲ... တဲ့။ အချိန်လည်း နည်းနေပါပြီ။ မနက်မှ လာခဲ့လို့ ပြောရတယ်။ လွန်ခဲ့တဲ့ရက်ပိုင်းက တူမက ကထိန်ခင်းတော့ ဖြေရယ်သက်နိုင်နဲ့ သူ့ဇနီး သူဇာမြင့်တို့က ရွာကို တခုတ်တရ လာရှာတယ်။ သူနဲ့ လင်းလင်းအောင်က အင်မတန်ခင်မင်ချစ်ကြတဲ့ သူငယ်ချင်းတွေပါ။

နောက်မနက်မှာ သူတို့နှစ်ယောက် တည်းခိုခန်းကို ရောက်လာကြတယ်။ ဈေးလေးအနီးက လက်ဖက်ရည်ဆိုင်သွားကြတယ်။ ကျွန်တော်က တော့ တို့ဟူးကြော်ပဲ စားတာပ။ သူဇာမြင့်က ရုံးအလုပ်ရှိလို့ ပြန်သွားရတယ်။ ဖြေရယ်သက်နိုင်နဲ့ သူ့သူငယ်ချင်းက ဈေးကြီးကို လိုက်ပို့တယ်။ ဈေးကြီးပေါက် ထင်းရှူးရိပ်ကွမ်းယာဆိုင်က ဆိုင်ခင်းဖို့ ပြင်တုန်း ဆင်တုန်း။ ဝယ်တဲ့သူတွေက ဝိုင်းဝိုင်းလည်။ ကွမ်းတစ်ယာဆီ နမူနာယူဝါးပြီး ဈေးထဲဝင် လာကြတယ်။ ဖြေရယ်သက်နိုင်က ဦးလေး ကွမ်းကောင်းရဲ့မဟုတ်လားတဲ့။ ကျွန်တော်က ကွမ်းရောင်းတဲ့ ကောင်မလေးသုံးယောက်မှာ နှစ်ယောက်က တော့ တော်တော်ကို ချောတယ်ကွလို့ ပြောလိုက်တယ်။ အဲဒီမှာ အကွက် စောင့်နေတဲ့ လင်းထင်က ဈေးထဲမလိုက်ဘဲ အဲဒီမှာ ကွမ်းစောင့်ရင်း ကောင် မလေးကို ငမ်းနေရစ်ပါလားတဲ့။ ကျွန်တော်ကလည်း အားကျမခံ ငါနေရစ် လို့ ချစ်ဘရယ်၊ သမီး ရန်ကုန်လိုက်ခဲ့ချင်တယ်ဆိုရင် အိမ်မှာ ကျန်နေရစ် ခဲ့တဲ့ ဆရာမကြီးကို မင်း တာဝန်ယူမလားလို့ ပြန်ပက်လိုက်တယ်။

mgyoe.com

mgyoe.com


လင်းထင်က ရောက်တဲ့မြို့တိုင်း ဈေးကြည့်ချင်တယ်၊ ဘုတာကြည့်ချင်တယ်။ သူက အောင်ပန်းနဲ့ သာစည်၊ မိတ္ထီလာကို သစ်သီး၊ ဟင်းသီးဟင်းရွက်တွေ ရထားနဲ့သယ်ဆောင်ပြီး ရောင်းဖူးသတဲ့။ ဘူတာမှာ လူ့ဘဝမျိုးစုံကို တွေ့ရသတဲ့လေ။ လွိုင်ကော်ဘူတာကြီးက ကြီးမားခံ့ထည်လွန်းလှတယ်။ ကျွန်တော်တို့ရောက်တော့ ရထားက ထွက်ခွာသွားစပဲရှိသေးတယ်။ ဘူတာကြီးက တစ္ဆေခြောက်မှာတောင် ကြောက်ရတယ်။ မီးရထားအင်ဂျင်နီယာတစ်ယောက်သာ တွေ့ရတယ်။ တခြား ကြောင်မရှိ၊ ခွေးမရှိ။ ရထားအခြေအနေမေးကြည့်တော့ စီးမယ့်သူမရှိဘူးတဲ့။ စီးမယ့်သူ မရှိတာမပြောနဲ့။ ခုလေးတင် ထွက်ခွာသွားတဲ့ ရထားဟာ ငါးနာရီမှာ ထွက်ရမယ့်ရထား။ ခု ၁၁ နာရီမှ ထွက်နိုင်သတဲ့။ ရထားက တစ်စီးဝင်၊ တစ်စီးထွက်ပါပဲတဲ့။ ဒါတောင် ဘူတာကြီးကို ဒီလောက်ကြီးကျယ်အောင် ဆောက်ထားတယ်နော်ပြောတော့ ရွှေနိုင်ငံလေ အဘရဲ့လို့ပြောပြီး ရယ်ရှာတယ်။ ဟုတ်ပါရဲ့။ လုပ်သင့်တဲ့နေရာတွေမလုပ်၊ မလုပ်သင့်တဲ့နေရာတွေလုပ်။ စေတနာတစ်စက်လေးမှမထားဘဲ အိတ်ထောင်ထဲ ထည့်ဖို့လောက် စိတ်ကူးနေကြတာ။ ရွေးကောက်ပွဲက သူတို့စေတနာကို တုံ့ပြန်လိုက်တာပါပဲ။

တည်းခိုခန်းဝင်ပြီး အိတ်တွေယူကာ ဖြေရယ်သက်နိုင်တို့အခန်းကို လိုက်သွားကြတယ်။ အသွားမှာ မြို့ထဲက ကန်သာယာအလှကို ဝင်ကြည့်ကြတယ်။ လှပတယ်။ ဒီထက် လှပအောင် လုပ်ဆောင်သင့်တယ်။ ဖြေရယ်သက်နိုင်က ပြည်နယ်စီမံကိန်းရုံးက ဝန်ထမ်းပါ။ သူ့ဇာမြင့်က မြို့နယ်စီမံကိန်းရုံးကဝန်ထမ်း။ သူတို့ကို နိုင်ငံတော်က အခန်းလေးပေးထားတယ်။ လင်ကိုယ် မယားကိုယ်အနေနဲ့တော့ နေဖြစ်ပါတယ်။ သားသမီးတစ်ဦးက နေ နှစ်ဦး ပွားစည်းလာရင်တော့ ကျပ်ကျပ်တည်းတည်းနေရမှာပေါ့။ ဖြေရယ်သက်နိုင်က သူတို့အဖေအိမ်ခေါ်ပြီး ထမင်းကျွေးတယ်။

ထသမရွာတဲ့။ ခုတော့ လွိုင်ကော်စည်ပင်နယ်နိမိတ်ထဲ ပါသွားပြီထင်ပါရဲ့။ သူ့အဖေက ရှမ်းအမျိုးသားပါ။ ကျားခေါင်းပါတီဝင်တစ်ယောက်ပေါ့။ သူ့ကို ဖြေရယ်ဆိုတဲ့အဓိပ္ပာယ်ကို မေးမိတယ်။ ဘိုးအေရဲ့အမည်တဲ့။ သူတို့မှာ ဘိုးအေ၊ ဘွားအေတွေရဲ့အမည် မှည့်ခေါ်တဲ့ အလေ့အထရှိသတဲ့။ ထမင်းဝိုင်းက ဟင်းတွေစုံနေတာပဲ။ အဲဒီမှာ မစားရတာကြာပြီဖြစ်တဲ့ ပိန္နဲသီး

mgyoe.com

mgyoe.com

ချက်က ခံဘွင်းတွေ့လိုက်တာ။ ကျွန်တော်တို့ ငယ်ငယ်က ရွှေဖရုံသီးချက် ရင် တောဝက်သားချက်တယ်လို့ ပြောတတ်ကြတယ်။ ပိန္နဲသီးချက်ရင် တော ကြက်သားချက်တယ်လို့ ပြောတတ်ကြရဲ့။

နှစ်နာရီကျော်တော့ ကားကွင်းသွားကြတယ်။ ဖြေရယ်သက်နိုင်တို့ က လက်ဖက်ခြောက်တွေ လက်ဆောင်ဝယ်ပေးလိုက်သေးတယ်။ အားနာ စရာ။ ကားက ဆီဆိုင်သွားတဲ့လမ်းအတိုင်း မောင်းတယ်။ အတော်လေး မောင်းမိတော့ ဘယ်ဘက်ကို ချိုးကွေ့တက်လိုက်တယ်။ အရှည်ခုနစ်မိုင်၊ အနံငါးမိုင်ရှိတဲ့ မိုးမြဲကန်ကြီးကို တွေ့ကြရတယ်။ ဖယ်ခုံရောက်တော့ ပါစကယ်ရူးသွယ်ကို သတိရမိတယ်။ လူချင်းရင်းနှီးလို့ မဟုတ်ပါဘူး။ သူ့စာအုပ်ကို သင့်လူ ဘာသာပြန်ထားတဲ့ အိုဘယ့်အစိမ်းရောင်မြေ စာအုပ် ကို ဖတ်ဖူးလို့ပါ။ ပဒေါင်းလူမျိုး။ မန္တလေးတက္ကသိုလ်တက်နေရင်း ရှစ်လေး လုံးအရေးတော်ပုံကြီးနဲ့ ကြုံတွေ့ရတယ်။ ဖယ်ခုံ ပြန်သွားတယ်။ ရက်စက် တဲ့ ဖိနှိပ်မှုတွေက သူ့ကို အရေးတော်ပုံအတွင်း ဂါဝင်အောင် ဆွဲခေါ်သွား တယ်။ ဖမ်းမယ်ဆိုတဲ့သတင်းအတိအကျရတော့ ထွက်ပြေးတယ်။ ကရင်နီ လက်နက်ကိုင်တော်လှန်ရေး အစုအဖွဲ့ထဲ ရောက်သွားတယ်။ ပြည်တွင်းစစ် ရဲ့ အနိဋ္ဌာရုံတွေကို ကိုယ်တိုင်ကိုယ်ကျ တွေ့မြင်ခံစားခဲ့ရတယ်။ နောက်... စာပေဝါသနာပါမှုနဲ့ စာဖတ်တဲ့ကျေးဇူးကြောင့် ကိန်းဘရစ်တက္ကသိုလ်ကို ဆရာတစ်ဦးရဲ့ ဆက်သွယ်မှု၊ ကူညီမှုနဲ့ ရောက်ရှိသွားတယ်။ အင်္ဂလိပ်အနု စာပေနဲ့ ဘွဲ့ရရှိအောင် ယူနိုင်ခဲ့တယ်လေ။ လူငယ်တွေအဖို့ အားကျစရာ။

ကားက ပင်လောင်းမြို့ရောက်တော့ အောင်ပန်းမြို့ဘက်မတက်ဘဲ လက်ဝဲဘက်ကိုခွဲပြီး မောင်းခဲ့တယ်။ အမှောင်ထုကလည်း ဝန်းကျင်ရှုခင်း တွေကို ရပ်သိမ်းလို့သွားပြီ။ တီကျစ်မြို့ရောက်တော့ ညနေစာစားဖို့ ရပ်နား ပေးတယ်။ တီကျစ်ဆိုတဲ့အမည်က ရင်းနှီးနေသလိုပဲ။ ဘယ်မှာရင်းနှီးသလဲ ဆိုတာ စဉ်းစားလို့မရ ဖြစ်နေတယ်။ ထမင်းက ဝက်သားဟင်းနဲ့ အဝစား ၂,၀၀၀။ ဟင်းချိုလေးနဲ့ အချဉ်လေးနဲ့ဆိုတော့ စားရတာ မြိန်ရှက်ပါရဲ့။ ကားက ကလောနဲ့ အောင်ပန်းလမ်းပေါ်ကို ကလောနဲ့ မိုင် ၁၂ မိုင်ကွာ၊ အောင်ပန်းနဲ့ ၂၀ မိုင်ကွာတဲ့နေရာမှာ ဖောက်ထွက်မှာတဲ့။ တီကျစ်အလွန် ကျောက်မီးသွေးတူးဖော်ရေးလုပ်ငန်းခွင်ကြီး တွေ့မြင်ရမှ (မတွေ့နေနိုင်ရိုး

mgyoe.com

mgyoe.com


လား၊ မီးတွေက လင်းဖြာထိန်နေတာကိုး)။ တီကျစ်နဲ့ ရင်းနှီးမှုကို သတိရမိလိုက်တယ်။ ကျောက်မီးသွေးသုံး လျှပ်စစ်ထုတ်လုပ်မှုကို ကန့်ကွက်ဆန္ဒထုတ်ဖော်ပြသလို့ ထင်ရှားလာတဲ့ တီကျစ်။

ကားက ယင်းမာပင်အထက်တစ်နေရာမှာ ခေတ္တရပ်နားပေးသေးတယ်။ အဲဒီကနေ ရန်ကုန်ရောက်သည်ထိ တစ်ထောက်မှ မရပ်နားတော့ဘူး။ မနက်ငါးနာရီကျော်ကျော်မှာ ရန်ကုန်ကို ပြန်ရောက်ခဲ့ပါတယ်။

၁၃–၁–၁၆

Family မဂ္ဂဇင်း

❑

mgyoe.com

mgyoe.com

# သဟာယ မိုးကုတ်

၁၀ ကြိမ်မြောက် မိုးကုတ်အနောက်ပိုင်း ကျပ်ပြင် သဟာယစာကြည့် တိုက်က ပေးအပ်ချီးမြှင့်တဲ့ စာပေဆုကို အဈ္ဈတ္တရဲ့ 'ရင်စေ့တံခါးဝတ္ထုတို' စာအုပ်က ရရှိတယ်။ ဆုချီးမြှင့်ရက်က ဖေဖော်ဝါရီ ၁၃ ရက်၊ ဗိုလ်ချုပ် အောင်ဆန်းရဲ့ ၁၀၁ နှစ်မြောက် မွေးနေ့။ တိုက်ဆိုင်တာမဟုတ်ပါဘူး။ အဲဒီနေ့ကို အသေအချာ ရွေးချယ်ချီးမြှင့်တာဖြစ်တယ်။ မှတ်မှတ်ရရ အမှတ် တရဖြစ်စေတာပေါ့။

၁၀ ရက်နေ့သွားမယ်၊ ၁၁ ရက်နေ့ရောက်၊ ၁၂ ရက်နေ့မှာ အေးအေး ဆေးဆေး ဓာတ်ပုံရိုက်လို့ရမယ်တဲ့။ စိုးစံက ဓာတ်ပုံရိုက်လည်း ဝါသနာကြီး လိုက်ပါဘိသနဲ့။ အဈ္ဈတ္တရဲ့ နာမည်အရင်းက ဝင်းမောင်။ နာမည်ရင်းနဲ့ မှုခင်းသတင်းထောက်လုပ်ပြီး မှုခင်းသတင်းတွေ ရေးခဲ့ဖူးသေးတယ်။ နောက် စိုးစံ၊ စိုးစံသစ်အမည်တွေနဲ့ စာတွေရေးလာတယ်။ ဝတ္ထုတိုတွေ ရေးသားလာ တော့ အဈ္ဈတ္တတဲ့။ ကျွန်တော်က သူ့ကို စိုးစံလို့ပဲ ခေါ်တယ်။ အဈ္ဈတ္တလို့ ခေါ်ရမှာ လျှာယားနေသလိုပဲ။

သူက မန္တလေးကို ကားနဲ့သွားကြမယ်တဲ့။ ကျွန်တော်က ၅ အဆန် ရထားနဲ့ သွားကြည့်ချင်တယ်။ အဲဒီရထားက လေအိတ်ရထားတဲ့။ ပြေးဆွဲ နေတာ လပိုင်းတောင် မရှိသေးဘူး။ ရက်ပိုင်းပဲရှိသေးတာ။ လေအိတ်ရထား

mgyoe.com

mgyoe.com

ကြီး ငြိမ့်မငြိမ့် စမ်းသပ်စီးကြည့်ချင်တဲ့သဘောပါပဲ။ ကျွန်တော်တို့နဲ့အတူ စိုးစံနဲ့လည်း အင်မတန်ရင်းနှီးတဲ့၊ ကျွန်တော်နဲ့လည်း ရင်းနှီးတဲ့ တိုက်ကြီး မြို့က ကောင်းကင်ပြာလည်း လိုက်ပါမယ်။ ကောင်းတာပေါ့။ နှစ်ယောက် ပေါင်း လောင်းကျော်ဆိုတဲ့ ဆိုစကားမှ မရှိတာ။ သုံးယောက်ပေါင်း လောင်း ကျော်ဆိုတဲ့ ဆိုစကားသာ ရှိတာမဟုတ်လား။

ရထားလက်မှတ်က နှစ်ရက်ကြိုတင်မဝယ်ဘဲ တစ်ရက်သာ ကြိုတင် ဝယ်လို့ အထက်တန်းလက်မှတ်မရဘူး။ ရိုးရိုးတန်းလက်မှတ်ပဲရတယ်။ ရထားခရီးစဉ်တွေ မအောင်မြင်တာ လက်မှတ်ဝယ်ယူရမှု အခက်အခဲလည်း ပါဝင်လိမ့်မယ်ထင်တယ်။ ထည့်သွင်း စဉ်းစားသင့်တယ်။ ကျွန်တော့်အနေနဲ့ လည်း ရိုးရိုးတန်းက လိုက်ရမှာ ခပ်လန့်လန့်ပဲ။ တစ်နှစ် သင်္ကြန်ရွာအပြန် မှာ ကားလက်မှတ်တွေလည်း မရလို့ ရရှိရာ ရထားရိုးရိုးတန်းကို စီးနင်းပြီး လိုက်ခဲ့တာလေ။ လူ့ခန္ဓာကို ဘေးတိုက်လည်း ခါယမ်း၊ အထက်အောက် လည်း ကိုင်ဆောင့်။ မန္တလေးသာမို့ပေါ့၊ မြစ်ကြီးနားခရီးလောက်ဆို အသက် ပါ ထွက်သွားနိုင်တယ်။ ရွာရောက်တော့ တစ်ကိုယ်လုံးနာကျင်နေလို့ ဆေး ထိုးယူရတဲ့အထိပါပဲ။ အဲဒီကတည်းက ဘယ်လောက်အရေးကြီးတဲ့ ခရီး ဖြစ်စေ ရထားရိုးရိုးတန်းတော့ စီးမသွားတော့ဘူးလို့ ဆုံးဖြတ်ချက် ချထား ခဲ့တာ၊ အခု ရိုးရိုးတန်းနဲ့ ကြုံရပါပြီ။ မတတ်နိုင်ဘူး ခရီးစရိတ်သက်သာ တယ်လို့ပဲ ဖြေသိမ့်ရတော့မယ်။

အလို့... ရထားကြီးက တကယ့်ကို မယုံကြည်နိုင်လောက်အောင်ပါပဲ။ ငြိမ့်ငြိမ့်ညောင်းညောင်း ရှိလှတယ်။ ဂျုံးဂျုံးဂျက်ဂျက် ဆိုတဲ့အသံကလည်း ဆူညံမနေဘူး၊ စကားပြောတဲ့အခါ စည်းဝါးလိုက်ပေးနေသလို ထင်မှတ်ရဲ့ ပါ။ ဈေးသည်တွေကိုလည်း ရထားပေါ် တက်ရောက်ရောင်းချခွင့်မပေးဘူး။ သူတို့အတွက်တော့ အခက်အခဲတွေ့စေမှာပေါ့။ ဒါပေမဲ့ ခရီးသည်တွေ အတွက်တော့ နားသုခဖြစ်စေတယ်။ ရထားမှာ စားသောက်တွဲ မပါဝင်တာ ရယ်၊ ရေနဲ့ ကော်ဖီကလွဲလို့ ကျန်တဲ့ အစားအသောက် အချိန်ပိုင်းအတွင်းသာ မှာကြားလို့ရတာကတော့ ချို့ယွင်းချက်ရှိနေသေးတယ်။ ရထားက နေပြည် တော်ဘူတာကျော်ပြီး တပ်ကုန်း၊ ရမည်းသင်း ရောက်သည်ထိ ငြိမ့်ညောင်း နေဆဲ။ ရထားကြီးကို အောင်မှတ်တော့ ပေးလိုက်ပြီးပြီ။

mgyoe.com

mgyoe.com

မန္တလေးဘူတာရောက်တော့ နံနက်ငါးနာရီ။ သတ်မှတ်ချိန်ကိုက် အချိန်ပါပဲ။ 'မမ' ဆိုတာ 'မြန်မာ့မီးရထား' မဟုတ်ဘူး။ 'မြင်မှ မီးရထား' ဆိုတဲ့ ပြောင်လှောင်ကြတဲ့စကားကို ရိုက်ချိုးနိုင်လိုက်တယ်။ ၅ အဆန် လေအိတ်ရထားကြီးကို ကျွန်တော့်အနေနဲ့ အမှတ်ပြည့် ပေးလိုက်မိတယ်။ ရက်ပိုင်းသာ ရှိနေသေးလို့ပါဗျာ။ လပိုင်းလောက်ရောက်လာရင် ဒုံရင်း ဒုံရင်း ရောက်သွားမှာပါတဲ့။ ရထားကြီးရေ…၊ မင်းရဲ့ ကောင်းတဲ့အရည်အချင်းတွေ ကို အစဉ်ထိန်းသိမ်းထားကွဲ့။

ကျွန်တော်တို့ ဘူတာကြီးရှေ့ မလှမ်းမကမ်းက မန်းမြို့တော် လက်ဖက်ရည်ဆိုင် ထိုင်ကြတယ်။ လက်ဖက်ရည်သောက်ရင်း၊ အစီအစဉ်ရေးဆွဲရင်း။ စိုးစံက သဟာယစာကြည့်တိုက်အတွက် ထွန်းဦးစာပေက စာအုပ်တွေ ယူစရာရှိတယ်တဲ့။ ထွန်းဦးစာပေက ကိုးနာရီကျော်မှ ဖွင့်တာ။ ဒီတော့ ရွာထောင်ဘူတာမှာရှိတဲ့ ရဲသျှမ်းဆီ သွားကြမယ်။ ပြန်လာတာနဲ့ ထွန်းဦး ဆိုင်ဖွင့်မှာ အံကိုက်။ အဲဒီကနေ မိုးကုတ်တက်ကြမယ်။ အဲဒါနဲ့ စိုးစံက လာကြိုမယ့်ကားဆီကို ဖုန်းခေါ်လိုက်တယ်။ အလွယ်တကူ ဆက်သွယ်လို့ ရတယ်။ မန်းသားများ ဝီရိယအကောင်းသားဟ။ မကြာမီ ကားလေး ရောက် လာတယ်။ သူ့ကားက ကနေ့မနက်မှာ ရောက်လာမယ့် ကံ့ကော်ဝတ်ရည် စာပေတိုက်က ဝိုင်းဝိုင်းတို့အဖွဲ့ကို ကြိုရမှာတဲ့။ ကျွန်တော်တို့ကို တခြား ကားတစ်စီးနဲ့ စီစဉ်ထားသတဲ့။ ခုတော့ သူတို့ ကားဂိတ်မှာ နေရစ်ခဲ့ဖို့ ကျွန်တော်တို့ကို လာခေါ်တာတဲ့။

ကားဂိတ်ရောက်တော့ ဝိုင်းဝိုင်းဆီက ကားသမားဆီကို သူတို့ရောက် နေကြောင်း ဖုန်းဝင်လာတယ်။ ဒါနဲ့ ကားသမားက ကျွန်တော်တို့ကို လိုက်ရ မယ့်ကားဆရာနဲ့ အချိတ်အဆက်လုပ်ပေးပြီး ထွက်ခွာသွားတယ်။ ဝင်းတံခါး မဖွင့်သေးတဲ့ လမ်းပေါ်မှာ မတ်တတ်၊ မတ်တတ် ဖြစ်နေလို့လားမသိဘူး။ ကောင်မလေးတစ်ယောက် ရောက်လာပြီး "မိုးကုတ်သွားကြမယ့် ခရီးသည် တွေလား" လို့မေးတယ်။ ဟုတ်တယ်၊ တို့က ကားဆရာအမည် ဘယ်သူ၊ ကားနံပါတ် ဘယ်လောက် လာမှာကို စောင့်နေကြတာလို့ ပြောလိုက်တယ်။ အဲဒီမှာ ကောင်မလေးက "အဘပြောတဲ့ ကားဆရာအမည်တော့ မသိဘူး။ ကားနံပါတ်ကတော့ ကိုကြီးဂျပိုးရဲ့ကား" ဂျပိုးဆိုတာ နာမည်ပြောင်ထင်ပါ

mgyoe.com

mgyoe.com
ရဲ့။ အင်း... လာရင်တော့ "ဟော့ကောင် ဂျပိုး...၊ မင်း ငါ့ကို မှတ်မိလား" လို့ ခပ်တည်တည် နောက်ပြောင်လိုက်ဦးမယ်လို့ တေးထားလိုက်တယ်။

ရောက်လာတော့ ကားဆရာလေးက ချာတိတ်ပါ။ အသက် ၂၀ ဝန်းကျင်လောက် ရှိဦးမှာပေါ့။ အားနာတာနဲ့ မနောက်ပြောင်မိတော့ဘူး။ ဒီအရွယ်က ထိရှလွယ်သေးတဲ့အရွယ်။ ကျွန်တော်တို့သွားမယ့်အစီအစဉ်ကို ပြောပြလိုက်တယ်။ ရတယ်တဲ့။ ရွာထောင်သွားတဲ့ ကားခကိုတော့ ထပ်ဆောင်းပေးရမယ်တဲ့။ ပေးရမှာပေါ့။ မိုးကုတ်တက်တဲ့ ကားလေးတွေက လေးယောက်ပဲ တင်ပါတယ်။ ရှေ့ခန်းတစ်ယောက်၊ နောက်က သုံးယောက်။ ရှေ့ခန်းက ကားခ ၁၅,၀၀၀ ။ နောက်က တစ်ယောက် ၁၂,၀၀၀ ကျပ်။ တစ်ကြောင်း ကားခ ၅၁,၀၀၀ ကျပ်။ အဆင်ပြေကြရဲ့လား။ အပြေလည်ကြီးတော့ မဟုတ်ပါဘူး။ အလုပ်မရှိတော့လည်း ရှိတဲ့အလုပ်လေး ဖက်တွယ်ထားရတာပေါ့ တဲ့။

ရဲသျှမ်းနဲ့ စိုးစံ ဒီလောက် ရင်းနှီးကျွမ်းဝင်ကြတယ်ဆိုတာ ကျွန်တော်က သတိမထားမိဘူး။ ကျွန်တော်နဲ့ ရဲသျှမ်းကတော့ ရှစ်လေးလုံး အရေးတော်ပုံကြီးမတိုင်ခင်ကတည်းက ခင်မင်သိကျွမ်းနေကြတာ။ ပိုင်စိုးဝေ၊ ဝင်းစည်သူ၊ မောင်သင်းပန်တို့က ကျွန်တော်တို့ထက် နည်းနည်း အသက်ရကြလိမ့်မယ်ထင်တယ်။ ညိုထွန်းလူ၊ သင့်နော်၊ ညီပုလေး၊ သိုက်ထွန်းသက်၊ ကျော်စွာထက်၊ ကိုငြိမ်း၊ မောင်နွေထက် တို့က ကျွန်တော်တို့နဲ့ မတိမ်းမယိမ်း။ ကြီးတစ်နှစ်၊ ငယ် တစ်နှစ်ပေါ့။ ဆူးငှက်နဲ့ ရဲသျှမ်းကတော့ ကျွန်တော်တို့ထက် လေးငါးဆယ်နှစ်များ ငယ်ကြမလားမသိဘူး။ ဒါပေမဲ့ သူတို့နှစ်ယောက်က ရေးအားကောင်းကြတော့ ကျွန်တော်တို့အတွက် ရှက်စရာပ။

ရဲသျှမ်းကို အရန်သင့် တွေ့ရတယ်။ သူက မန္တလေး-မုံရွာကားလမ်းထိပ်က နန်းကြီးသုပ်ဆိုင်နဲ့ လက်ဖက်ရည်ဆိုင်ကို ကျွန်တော်တို့ ခေါ်သွားပြီး ဧည့်ပြုတယ်။ နန်းကြီးသုပ်ဆိုင်က ပီဘိကျေးလက်ဆိုင်။ အမိုးသာရှိပြီး အကာအရံမရှိတဲ့ တဲလေးအောက်မှာ မုန့်ဖတ်၊ အကြော်ဗန်း၊ ပဲမှုန့်ခွက်၊ ဆီချက်ခွက် အစီအရီ ခင်းထားလို့။ ရှေ့မှာ စားသုံးသူထိုင်ဖို့ ခုံတန်းလျားတွေ။ နန်းကြီးသုပ်က စားလေ့စားထမရှိတာ ကြာလို့လား မပြောတတ်ဘူး။ သိပ်ပြီး ခံတွင်းမတွေ့ဘူး။ ဒါပေမဲ့ အညာရနံ့ အပြည့်အဝ ရှူရှိုက်ခဲ့ရလို့
mgyoe.com

mgyoe.com

သဘောကျနေမိတယ်။ လက်ဖက်ရည်ကတော့ အကောင်းသား။

အပြန်မှာတော့ အင်းဝတံတားဘက်က ပြန်လာကြတယ်။ တံတား အဟောင်းပေါ့။ တံတားအသစ်ကြီးက ရတနာပုံတံတားတဲ့။ ကောင်းကင်ပြာ တို့ကို သပြေတန်းခံတပ်ကြီး ပြချင်လို့ပါ။ ပဒေသရာဇ်ခေတ်က အနံ့အသက် တွေကို ရှူရှိုက်နိုင်ဖို့ပါ။ ခံတပ်ကြီးကို မဆလခေတ်က ပစ္စုပ္ပန်ရ ပစ်ထား တယ်။ ချုံနွယ်ပိတ်ပေါင်းတွေ ထလို့ပေါ့။ နအဖ၊ နဝတ လက်ထက်မှာ တော့ ရှင်းလင်းပြီး ထိန်းသိမ်းထားတယ်။ အမျိုးသားနိုင်ငံရေး ဦးထိပ်ပန် တဲ့သူတွေဆိုတော့ အမျိုးဂုဏ်၊ လူမျိုးဂုဏ်ကို စောင့်ထိန်းချင်ဟန်တူပါရဲ့။ လက်ရှိအနေအထားမှာတော့ ဂရုစိုက်ပုံမရတော့ဘူး။ အင်းဝဘက်ကမ်းမှာ ပဒေသရာဇ်အငွေ့အသက်တွေ ရှိနေသေးတာပဲ။ ခရီးသွားလုပ်ငန်းနဲ့ ဝင်ငွေ ရှာဖွေလို့ရတဲ့နေရာတွေပဲ။ စိတ်ဝင်စားမှုရှိအောင် ဆွဲဆောင်သင့်တယ်။

လှူထုတိုက်ကို ကျွန်တော်တို့ ချထားပြီး ကားဆရာဂျပိုးက ကားဂိတ် ကို ပြန်သွားတယ်။ ကျွန်တော်တို့နဲ့အတူလိုက်မယ့်သူကို ခေါ်ဆောင်ပြီး ထွန်းဦးစာပေနဲ့ မျက်နှာချင်းဆိုင် ယူနီစန်သာ လာခဲ့တော့လို့ မှာလိုက်တယ်။ ကျွန်တော်တို့ ရင်းနှီးတဲ့သူတွေက ဗိုလ်ညီလို့ခေါ်တဲ့ ညီပုလေးကို တိုက်မှာ အဆင်သင့်တွေ့ရတယ်။ သူက သဟာယစာကြည့်တိုက်စာပေဆုကို ဗွေ ဆော်ဦး ရခဲ့ဖူးသူလေ။ စိုးစံကို ဆုရတဲ့အနေနဲ့ရော၊ ဓာတ်ပုံဝါသနာပါတယ် ဆိုတာကြောင့်ရော သူ့ရဲ့ ဓာတ်ပုံစာအုပ်ကြီးကို ဂုဏ်ပြုတဲ့အနေနဲ့ လက် ဆောင်ပေးပါသတဲ့။ ဒါ့အပြင် လှူထုတိုက်ထုတ် စာအုပ်တစ်အုပ်စီကိုလည်း ကြိုက်ရာယူကြပါတဲ့။ ကျွန်တော်က ဒေါ်ဒေါ်ရဲ့ နှစ် ၁၀၀ စာအုပ်ထဲမှာ ဆောင်းပါး ပါဝင်ရေးသားထားတာမို့ ဒေါ်ဒေါ်ရုပ်ပုံရိုက်နှိပ်ထားတဲ့ လွယ် အိတ်တစ်လုံးရယ်၊ ဧည့်ခန်းထဲမှာ ထောင်ထားလို့ရတဲ့ ပန်းကန်ပြားထဲက ဒေါ်ဒေါ့်ရုပ်ပုံလွှာရယ်၊ စာအုပ်တစ်အုပ်ရယ် လက်ဆောင်ရပါတယ်။ ပြီးတော့ ဒေါ်ဒေါ်ရဲ့ ခုမှထုတ်ဝေထားတဲ့ အင်ဒိုနီးရှားဝတ္ထုတိုများ စာအုပ်ကို တောင်းခဲ့တယ်။

နောက် ထွန်းဦးစာပေဆီကို လျှောက်လာကြတယ်။ ကိုထွန်းဦးက သဟာယအတွက် စာအုပ်ပေးစရာ မရှိပါဘူးတဲ့၊ ရရှိနိုင်တဲ့ စာအုပ်စာရင်း သာ ပေးစရာရှိတာပါတဲ့။ ဒါနဲ့ ကိုထွန်းဦးနဲ့အတူ ယူနီစန်မှာထိုင်ပြီး လက်

mgyoe.com

m gy


ဖက်ရည်သောက်ရင်း ဂျပိုးရဲ့ကားကို စောင့်နေရတော့တယ်။ စကားမှ ဝအောင်မပြောရသေးဘူး၊ ဂျပိုးရဲ့ကားက ရောက်လာတယ်။ ကျွန်တော်တို့နဲ့အတူ လိုက်မယ့်သူက ကိုသန်းဇော်ညွန့်တဲ့။ ရဲသျှမ်းက သူ့ကို ကြောက်စရာကောင်းလောက်အောင် စာဖတ်တဲ့သူလို့ ညွှန်းဆိုလိုက်တယ်။ အဲဒီကတည်းက ကျွန်တော်က သဘောကျနေမိတယ်။ ပြီးတော့ သူက ၁၉၉၄–၉၅ တစ်ဝိုက်ကမှ လွတ်မြောက်ဒေသက ပြန်ရောက်လာတဲ့ မနီမော်နဲ့ ငယ်သူငယ်ချင်းတွေတဲ့။ လွတ်မြောက်ဒေသကို သွားကြတော့လည်း အတူတူပဲတဲ့။ အဲဒီမှာ ကျွန်တော်က မနီမော်ရဲ့စာအုပ်ထဲမှာ သန်းဇော်ညွန့်ဆိုတဲ့ နာမည် မတွေ့လိုက်မိဘူးဆိုတော့ သူက "ကျွန်တော့်ရဲ့ တောထဲက နာမည်က ညိုမြင့်" တဲ့။ အေးဗျာ… သန်းဇော်ညွန့်ဆိုတဲ့နာမည်က ခေါ်ဆိုရတာ ထောက်နေသလိုပဲ၊ ကျွန်တော်ကတော့ ကိုညိုမြင့်လို့ပဲ ခေါ်မယ်လို့ ပြောလိုက်မိတယ်။ အချိန်တိုအတွင်း မိတ်ရင်းဆွေရင်းတွေ ဖြစ်သွားကြပေါ့။

မန္တလေးနဲ့ မိုင် ၅၀ အကွာလောက်မှာရှိတဲ့ လက်ပံလှရွာရောက်တော့ ထမင်းစားရပ်နားတယ်။ ကားအများစု ရပ်နားတာကို တွေ့ရတယ်။ အဲဒီမှာ မန္တလေးက လူငယ်စာရေးဆရာနှစ်ယောက်နဲ့အတူ တကောင်းဘက်ကို စာပေဟောပြောပွဲ သွားရောက်မယ့် ကိုညီစေမင်းနဲ့ တွေ့ကြရတယ်။ သူ့ရဲ့အစ်ကို ကိုကိုးကျွန်းမှာ ၅၃ ရက်ကြာ အစာငတ်ခံတိုက်ပွဲအတွင်း ကျဆုံးသွားရှာတဲ့ ရဲဘော်လေးမောင်ရဲ့စာအုပ် ကျွန်တော့်ဆီ ပေးလိုက်တယ်ဆိုတာ ကြားရပေမဲ့ မရရှိကြောင်း ပြောပြလိုက်မိတယ်။ ပါလာတယ်တဲ့၊ ပေးမယ်တဲ့။ ရဲဘော်လေးမောင်ရဲ့စာအုပ်အပြင် သူရေးတဲ့ 'ခေတ်နှစ်ခေတ်၊ ထောင်နှစ်ထောင်' စာအုပ်ကိုလည်း ပေးလိုက်ရှာတယ်။ ရဲဘော်လေးမောင်စာအုပ်က သူ့ရဲ့ကဗျာတွေနဲ့ သူငယ်ချင်း မောင်စွမ်းရည်၊ တင်မိုး၊ ဖိုးသံချောင်း(လူထု)နဲ့ လှဌေး(မြင်းခြံ)တို့ ရေးသားထားကြရဲ့ မှတ်တမ်းစာအုပ်ပါပဲ။ ခေတ်နှစ်ခေတ်၊ ထောင်နှစ်ထောင်က မဆလ၊ နဝတခေတ်နှစ်ခေတ်နဲ့ ရန်ကုန်ထောင်၊ မန္တလေးထောင် ထောင်နှစ်ထောင်ရဲ့ အတွေ့အကြုံတွေကို ရေးသားထားတာပါ။

ကျွန်တော်တို့ လက်ပံလှရွာနဲ့ ရွှေညောင်ပင်ရွာကြား တစ်ထောက်နားကြသေးတယ်။ ထန်းရည်ရလို့၊ ထန်းရည်သောက်ချင်ကြလို့တဲ့လေ။ ထန်း

mgyoe.com

mgyoe.com

ရည်က နေပူပူမှာသောက်ရရင် အင်မတန်အရသာရှိပါတယ်။ အခုလည်း အိုက်စပ်စပ်ဖြစ်နေတယ်။ ဒါပေမဲ့ ထန်းတောထဲမှာ ကျင်လည်ခဲ့တဲ့ ကျွန်တော့် အဖို့ ထန်းရည်ကို မြင်ရရုံနဲ့ သောက်ချင်စိတ် ကုန်ခန်းသွားတယ်။ ထန်းရည် အရောင်က ဆန်ဆေးရည်အရောင်နဲ့ တူနေတယ်။ ထန်းရည်စစ်မှန်ရင် ပြာလဲ့လဲ့အရောင်ရှိပါတယ်။ အခုတွေ့ရတဲ့ ထန်းရည်က ပြုပြင်ထားတာ လည်း ဖြစ်နိုင်တယ်၊ ရောစပ်ထားတာလည်း ဖြစ်နိုင်တယ်။ သောက်မိလို့ ရှိရင် အခန့်မသင့် ဝမ်းလျှောနိုင်ပါတယ်။ မသောက်မိတော့ဘူး။

ရွှေညောင်ပင်ရောက်တော့ ကားတစ်ထောက်နားတယ်။ လက်ပံလှနဲ့ ရွှေညောင်ပင်ဟာ ကားတွေ ပုံမှန်ရပ်နားတဲ့နေရာတွ ထင်ပါရဲ့။ ဆိုင်က လူတွေ ဘာများသုံးဆောင်မလဲလို့ တတွတ်တွတ်မေးနေတော့တယ်။ ဂျပိုး ကလည်း ဒီရောက်ရင် ကြာဆံဟင်းခါးသောက်တတ်ကြတယ်လို့ ပြောပြ တယ်။ ဒါနဲ့ အားနာလို့ ကြာဆံဟင်းခါးတစ်ပွဲ မှာသောက်ရတယ်။ မဆာ လောင်ဘဲနဲ့ သောက်တာတောင် အရသာမဆိုးလှဘူး။ ဆာလောင်ရင်တော့ အမှတ်တရဖြစ်စေမှာပါ။ မန္တလေးနဲ့ မိုးကုတ်က မိုင် ၁၂၀ ကျော် ဝေးကွာ ပါတယ်။ သပိတ်ကျင်းလမ်းခွဲကျော်ကတည်းက တောင်တက်လမ်းချည်း ပါပဲ။ ရှမ်းပြည်မြောက်ပိုင်း၊ တောင်ပိုင်းလမ်းတွေလောက် အတက်လမ်း မက်စောက်မှု မရှိလှဘူး။ ပြေပြေလေး တက်သွားတာပါ။ ဒါပေမဲ့ အကွေ့ အကောက်တွေ များလိုက်တာ။ ဂျပိုးပြောတာကတော့ အကွေ့ပေါင်း ၉၉၉ ကွေ့ရှိတယ်တဲ့။ ဒီတော့ ကျွန်တော်က ဝင်နှောက်လိုက်တယ်။ ထူးပါဘူးကွာ၊ မှတ်လို့လွယ်အောင် တစ်ကွေ့တိုးပြီး အကွေ့ ၁,၀၀၀ လို့ ပြောကြရအောင်။ မိုးကုတ်က မဝေးတော့ပါဘူး။ မိုင်ပေါင်း ၃၀ ကျော်ပဲ လိုပါတော့တယ်။

တောင်ပေါ်ကွေ့လေးက စီးမိုးကြည့်ရင် ရွာလေးတည်နေပုံနဲ့ ချောင်း လေး ကွေ့ဝိုက်စီးဆင်းနေတာ လှလိုက်တာပါ။ ကားကို ရပ်ခိုင်းပြီး စိုးစံက ဓာတ်ပုံရိုက်တော့တာပါ။ ခပ်လှမ်းလှမ်းချောင်းကွေ့မှာ ဘက်ဟိုးတစ်စီး ရပ် ထားတာ တွေ့ရတော့ ကျက်သရေကင်းမဲ့လိုက်တာပါ။ ဂျပိုးပြောတာကတော့ ရွှေထွက်တယ်လို့ ပြောနေကြတာပါပဲတဲ့။ ဒီကောင်တွေ ရောက်လာရင်တော့ အလှတရားတွ ပျောက်ကုန်တော့မှာပါ။ ဆက်သွားကြလို့ တစ်ကွေ့မှာတော့ အိမ်လေးတစ်အိမ် တွေ့ကြရတယ်။ အဲဒီကနေကြည့်လိုက်ရင် လှေကားထစ်

mgyoe.com

mgyoe.com


စိုက်ခင်းတွေနဲ့ ကြည့်လို့ လှလွန်းနေတယ်။ အိမ်ထဲက လူတစ်ယောက် ထွက်လာတယ်။ အဲဒါတွေက သူ့စိုက်ခင်းတွေတဲ့။ ဟို တောင်ကမ်းပါးယံက စိုက်ခင်းတွေလည်း သူ့စိုက်ခင်းတွေပဲတဲ့။ ဝယ်ရင် ရောင်းမယ်တဲ့။ ရောင်းဈေးကတော့ သိန်းထောင်ချီရှိမှာပေါ့တဲ့။ သူ့ခမျာ ကျွန်တော်တို့ကို စာရေးဆရာတွေလို့ မသိရှာဘဲကိုး။

'ပတ္တမြားမြေမှ ကြိုဆိုပါ၏' ဆိုတဲ့ ဆိုင်းဘုတ်ကြီးရောက်တော့ အလင်းရောင်ပျောက်စပြုပြီ။ မန္တလေး–မိုးကုတ်ခရီးက ငါးနာရီလောက်ပဲ ကြာတတ်ပါသတဲ့။ ကျွန်တော်တို့က မနက် ၁၀ နာရီလောက်က ထွက်လာကြတာဆိုတော့ ပုံမှန်ဆိုရင် ညနေသုံးနာရီလောက် ရောက်ကြရမှာပါ။ လူငယ်ဖြစ်ပြီး စိတ်ရှည်သည်းခံရှာတဲ့ ကားဆရာ ဂျပိုးကို ကျေးဇူးတင်ရသေးတယ်။ ကားမောင်းလာတာ ခြောက်နှစ်ရှိနေတော့ ရင့်ကျက်စပြုလာတဲ့ သဘောပါ။ သမိုင်းအထူးပြုနဲ့ စာပေးစာယူ ဒုတိယနှစ်ကျောင်းသား။ ကိုယ့်ကိုယ်ကိုယ် ထိန်းသိမ်းနိုင်တဲ့လူငယ်ဆိုတော့လည်း မိဘတွေ စိတ်ချမ်းသာရတာပေါ့လေ။

သဟာယစာကြည့်တိုက်ကို ရောက်ပါပြီ။ မြင်ကွင်းက လျှပ်စစ်မီးရောင်ပဲ အားကိုးရတော့တယ်။ သဟာယက စာကြည့်တိုက်ဆိုတာထက် နှစ်ထပ်အိမ်ကြီးတစ်လုံးနဲ့ တူနေသယောင်။ ကျွန်တော်တို့ကို အပေါ်ထပ်ခေါ်ဆောင်သွားတယ်။ စာအုပ်တွေက သောင်းချီရှိမယ်ထင်တယ်။ စာအုပ်ထားရှိတာကလည်း သပ်သပ်ရပ်ရပ်ပါ။ သက်ဝင်လှုပ်ရှား ရှင်သန်နေတဲ့ စာကြည့်တိုက်ဖြစ်တယ်ဆိုတာ မြင်ရုံနဲ့ သိသာထင်ရှားပါတယ်။ စာကြည့်တိုက်ဥက္ကဋ္ဌ၊ စာကြည့်တိုက်မှူး၊ စာကြည့်တိုက်အဖွဲ့ဝင်ဆိုပြီး နာမည်ပြောနှုတ်ဆက်ကြတယ်။ ဒါပေမဲ့ မှတ်မိနိုင်စွမ်းမရှိပါဘူး။ နှစ်ရက်နေဦးမှာပဲ။ ရင်းနှီးသွားရင် သိလိမ့်မပေါ့လို့ တွေးထားလိုက်မိတယ်။ အမှန်တကယ်လည်း ရင်းနှီးသွားတော့ မှတ်မိသိရှိသွားပါတယ်။

ကိတ်မုန့်တွေ၊ ကော်ဖီတွေနဲ့ ညှော့ခံတယ်။ မစားမိ၊ မသောက်မိဘူး။ ရေနွေးပဲ သောက်မိတော့တယ်။ နောက်... စာကြည့်တိုက်နဲ့ မလှမ်းမကမ်းနေအိမ်မှာ သွားပြီး ထမင်းကျွေးပါတယ်။ အဲဒီမှာ ကံ့ကော်ဝတ်ရည်စာပေက ဝိုင်းဝိုင်းတို့အဖွဲ့လည်း တွေ့ကြရတယ်။ သူတို့အဖွဲ့က ထမင်းစားလို့

mgyoe.com

mgyoe.com

ပြီးနေကြပြီ။ ချဉ်ရည်ဟင်းက သောက်လို့ကောင်းလိုက်တာပါ။ ချဉ်မြမြလေ။ မန်ကျည်းသီးစိမ်းနဲ့ ချက်ထားတာတော့ မဟုတ်တာသေချာတယ်။ ဘယ်လို ချက်ထားပါလိမ့်။ ပဲကလည်း ကျွန်တော်တို့အရပ် ထောပတ်ပဲအစိမ်းကြော် အတိုင်း ချက်ထားတယ်။ ဒီမှာတော့ ဘယ်လိုခေါ်သလဲမသိဘူး။ ကျွန်တော် တို့အရပ်ကတော့ ပဲစိမ်းကြော်လို့ခေါ်တယ်။ ကျွန်တော် အင်မတန် ကြိုက် နှစ်သက်တဲ့ ဟင်းခွက်စာရင်းထဲမှာပါတဲ့ ဟင်းတစ်ခွက်ပေါ့။ အင်မတန် ကြိုက်နှစ်သက်တယ်ဆိုတာ အဲဒီဟင်းတစ်ခွက်တည်းနဲ့ စားမြိန်တဲ့သဘော။ ကုန်းဘောင်ကြော်ကလည်း အသားချည်းပါပဲ။ တို့ဟူးခြောက်ကြော်က ပါသေး။ တို့ဟူးခြောက်ကြော်ကို ကြိုက်ပေမဲ့ ထမင်းနဲ့ စားလေ့စားထ မရှိ တာကြောင့် မစားတတ်ဘူး။ ကျပ်ပြင်ထမင်းဝိုင်းလေးကို အမှတ်ရနေမိမှာပါ။

ဒီနောက် ကျွန်တော်တို့ ကျပ်ပြင်ကနေ မိုးကုတ်ကို ဆက်လက်ထွက် ခွာခဲ့ကြတယ်။ ကျပ်ပြင်က မိုးကုတ်အနောက်ပိုင်းလို့သာ သတ်မှတ်ထားတာ ကျွန်တော်တို့ရွာနဲ့ မုံရွာမြို့လောက်ဝေးတယ်။ ခုနစ်မိုင်ခန့်။ မိုးကုတ်မြို့မှာ နေထိုင်ပြီး သဟာယစာကြည့်တိုက်ကို အားတက်သရော ကူညီလုပ်ကိုင်ပေး နေတဲ့ စိုင်းထွန်းအေးအိမ် ခေတ္တနားတယ်။ သူတို့အားလုံးက ကိုထွန်းလို့ ခေါ်ကြတယ်။ ရည်ရည်ထွန်းက စိုးစံရဲ့ ဝတ္ထုတိုအကြောင်းကို သုံးသပ်ခံစား ပြနေတယ်။ စိုးစံအတွက် ကျေနပ်ကြည်နူးစရာပေပဲ။ ရည်ရည်ထွန်းကိုတော့ ကျွန်တော် ကောင်းကောင်းမှတ်မိသွားပြီ။ အမျိုးသမီးတစ်ယောက်တည်း ထူးထူးခြားခြားပါဝင်နေတဲ့အတွက်ရော၊ ကျွန်တော့်နှမငယ်လိုဖြစ်နေတဲ့ မိချမ်းဝေရဲ့အမည်ရင်း ရီရီထွန်းနဲ့လည်း နာမည်တူနေလို့ပါ။

ကိုထွန်းအိမ်ကနေ ကျွန်တော်တို့ တည်းခိုကြရမယ့်အိမ်ဆီကို ယွန်း ခဲ့ရပြန်တယ်။ မဝေးလှပါဘူး။ ကိုက် ၂၀၀ လောက်ပဲ ရှိမှာပါ။ မိုးကုတ်ရဲ့ ရာသီဥတုက အေးတော့ အေးတယ်။ ဒါပေမဲ့ ခေါင်းစွပ်၊ အနွေးထည်၊ လက်အိတ်၊ ခြေအိတ် ပြည့်စုံရင်တော့ ခံနိုင်ရည်ရှိတဲ့ အအေးပါပဲ။ တမြန် နှစ်က ကျောက်မဲမြို့မှာ ကြုံတွေ့ခဲ့ရတဲ့ အအေးဒဏ်ကတော့ ခေါင်းစွပ်၊ အနွေးထည်၊ လက်အိတ်၊ ခြေအိတ်နဲ့ စောင်တွေ လုံလောက်ပေမဲ့ ခိုက်ခိုက် တုန်ပြီး ရင်ထဲမှာ စိမ့်နေအောင်ကို အေးတာပါ။ တကယ့်ကို ရက်စက်လွန်း လှတယ်။ မိုးကုတ်က အခုရက်ပိုင်းမှ အအေးပေါ့သွားတာတဲ့။ ကျွန်တော့်

mgyoe.com

mgyoe.com


တို့ ကံကောင်းသွားတာပေါ့။

တည်းခိုရမယ့်အိမ်က သုံးထပ်တိုက်ကြီးပါ။ ပိုင်ရှင်က ရန်ကုန်မှာ အနေများတာပါတဲ့။ တစ်နှစ် တစ်ကြိမ်လောက်သာ လာရောက်နေထိုင်တတ်ပါသတဲ့။ အစောင့်အဖြစ်ထားခဲ့တဲ့သူကလည်း တစ်ကိုယ်တည်း လူပျိုကြီး။ အမည်က ကိုနေဦးတဲ့။ စိတ်လိုလက်ရရှိတဲ့အချိန်မှသာ ချက်ပြုတ်စားပြီး ကျန်တဲ့အချိန်တွေမှာ ကြုံသလို စားသောက်နေတော့ သောက်ရေစင်အိုးတောင်မရှိဘူး။ ရေသန့်ဘူး ဝယ်သောက်တယ်။ ဒါပေမဲ့ ကျယ်ဝန်းတယ်၊ လွတ်လပ်မှု အပြည့်အဝရှိတယ်။ ကိုထွန်းကလည်း မွေ့ရာ၊ စောင်၊ ခေါင်းအုံး အပြည့်အစုံ၊ အလုံအလောက်ပို့ထားပြီးပြီ။ ကိုင်း... ဘာများလိုအပ်ပါသေးလဲ။

ခရီးပန်းလာလို့လား မပြောတတ်ဘူး။ အိပ်ခွဲပစ်လိုက်တာ တစ်ရေးပါပဲ။ နွေးနွေးထွေးထွေးရှိတာလည်း ပါသပေါ့။ လက်ဖက်ရည်ဆိုင်က အိမ်ဆိုင်လေးဆိုတော့ အမြင်ထူးနေတယ်။ အိမ်ဆိုင်ဆိုတာ နှစ်ထပ်အိမ်မှာ အပေါ်ထပ်မိသားစုနေထိုင်ပြီး အောက်ထပ် ဈေးဆိုင်ဖွင့်ထားတာကို ပြောတာပါ။ ရှမ်းခေါက်ဆွဲတို့၊ တို့ဟူးနွေးတို့ကို ကျွန်တော်က စွဲစွဲလမ်းလမ်း မရှိလှဘူး။ စားနေကျ ပဲပလာတာ၊ ပဲအီကြာပဲကောင်းတယ်။ လက်ဖက်ရည်ကတော့ အဖြစ်ပါပဲ။ ဆိုင်နာမည်က 'နှောင်ရိုး' တဲ့။ ပိုင်ရှင်က တရုတ်လူမျိုးတော့ ဟုတ်ဟန်မတူဘူး။ တိုင်းရင်းသားဖြစ်မယ်ထင်တယ်။

ဟင်းသီးဟင်းရွက်ဈေးတန်းလေးကို ဖြတ်ပြီးပြန်လာကြတယ်။ အများဆုံးတွေ့ရတာကတော့ မုန်ညင်းပေါ့။ ဆောင်းရာသီမို့လား မပြောတတ်ဘူး။ ပန်းပွင့်၊ ပဲသီးတွေ စိမ်းစိမ်းစိုစို လန်းလန်းဆန်းဆန်း။ ကျောက်တွေရောင်းတဲ့ ဈေးတန်းကို ရောက်သွားတယ်။ ဒေသအခေါ်ကတော့ 'ထာပွဲ' တဲ့။ သူတို့ဆီက ကြေးလင်ပန်းတွေကို 'ထာ' လို့ခေါ်သတဲ့။ ကျောက်တွေကို အဲဒီကြေးလင်ပန်းထဲမှာထည့်ပြီး ရောင်းကြတာမို့ 'ထာပွဲ' လို့ ခေါ်ဆိုတာ ထင်တယ်တဲ့။ ထာပွဲက နေ့စဉ် မနက်တစ်ကြိမ်၊ နေ့လယ်သုံးနာရီလောက် တစ်ကြိမ် နှစ်ကြိမ်ရှိသတဲ့။ ရောင်းသူ၊ ဝယ်သူ၊ ပွဲစားတွေနဲ့ စည်ကားလို့။ ကျောက်မျက်ရတနာနဲ့ ကျွန်တော်က အလှမ်းဝေးတယ်။ တစ်ကြိမ်တည်း ရှင်းပြနေလည်း နားလည်မှာမှမဟုတ်တာ။ ယေဘုယျသဘောလောက်

mgyoe.com

mgyoe.com

သိရရင် တော်ပြီပေါ့။

နက်ဖြန် အခမ်းအနားပြုလုပ်မယ့် ရှမ်းစုခန်းမလည်း ရောက်တယ်။ အဲဒီကနေ မြို့ရဲ့အထင်ကရ ချမ်းသာကြီးဘုရားကုန်းတော်ပေါ်လည်း တက်ကြတယ်။ ရွှေတိဂုံသိင်္ဂုတ္တရကုန်းလောက်ပဲ မြင့်မှာပါ။ ကားနဲ့လည်း ဘုရားခြေတော်ရင်းထိ တက်လို့ရအောင် ပြုလုပ်ထားတယ်။ ဘုရားရင်ပြင်တော်ပေါ်ကနေ မြို့တစ်ခွင်လုံးကို လွမ်းခြုံလို့မြင်ရတယ်။ အဲဒီလို အပေါ်စီးမြို့ရှုခင်းကို မြင်နိုင်တဲ့နေရာ ရှိနေခြင်းဟာ သဘာဝကပေးတဲ့ ထူးခြားတဲ့ လက်ဆောင်မွန်လို့ ဆိုရမလားပါပဲ။ မြို့မှာ ထူးထူးခြားခြား ထိုးထွက်နေတဲ့ အဆောက်အအုံရှိမနေခြင်းဟာ ထူးခြားနေသလိုပါပဲ။ ဒါ့ပြင် မိုးကုတ်သားတွေရဲ့ ညီညွတ်မှုကို ပြသလိုက်တဲ့ပြယုဂ် ကန်တော်ကြီးကိုလည်း တွေ့မြင်နေရတယ်။

ဘုရားပေါ်က ပြန်လာတော့ ရည်ရည်ထွန်းက ကျွန်တော်တို့မန္တလေးက အတူလာခဲ့ကြတဲ့ လေးယောက်ကို ကျန်ရှိတဲ့ ရောက်သင့်ရောက်ထိုက်တဲ့နေရာတွေကို လိုက်ပို့ဖို့ သူ့ကားလေးနဲ့ ရောက်လာတယ်။ ဝိုင်းဝိုင်းတို့အဖွဲ့နဲ့လည်း အချိတ်အဆက်လုပ်နေလေရဲ့။ ပထမဆုံး ဖောင်တော်ဦးဘုရားကို သွားကြတယ်။ ဖောင်တော်ဦးဘုရားရဲ့ ကုန်းတော်က ချမ်းသာကြီးဘုရားကုန်းတော်လောက် မမြင့်မားဘူး။ ကားက ရင်ပြင်တော်ရောက်သည်ထိ တက်ရောက်လို့ရတယ်။ မိုးကုတ်ဆရာတော်ကြီး သီတင်းသုံးခဲ့တဲ့ မင်္ဂလာကျောင်းတိုက်ကို ဝင်ကြည့်ခဲ့ကြသေးတယ်။ မင်္ဂလာကျောင်းတိုက်နဲ့ ဖောင်တော်ဦးဘုရားက တစ်ဆက်တည်းပါ။ ဒါပေမဲ့ သီးခြားစီဖြစ်ပါတယ်။

ဖောင်တော်ဦးမှာ ရုပ်ပွားတော်နှစ်ဆူရှိတယ်။ အင်းလေးဖောင်တော်ဦးက ရုပ်ပွားတွေလို ရွှေသက်န်းကပ်လှူတာတွေများလို့ ရွှေတုံးကြီးအလားဖြစ်နေပြီ။ အဲဒီရုပ်ပွားတော်နှစ်ဆူ တင်ဆောင်တဲ့ ရွှေပလ္လင်၊ ငွေပလ္လင် နှစ်ခုရှိတယ်။ ဘုရားပွဲတော်ရောက်မှ ပလ္လင်တော်တွေကို ထုတ်ယူသုံးစွဲတာပါ။ သာမန်အချိန်ဆို ပလ္လင်တွေကို မီးခံသေတ္တာထဲ ထည့်သွင်းသိမ်းဆည်းထားတယ်။ မီးခံသေတ္တာတံခါးဖွင့်ထားလို့ ပလ္လင်တော်တွေကို မြင်တွေ့နိုင်တယ်။ အနီရောင်ပတ္တမြားကျောက်တွေ၊ အပြာရောင် နီလာကျောက်တွေ စီခြယ်ထားတာ အံ့မခန်းပါပဲ။ ပလ္လင်တော်တွေကို တန်ဖိုးဖြတ်ဖို့ ခဲယဉ်းလိမ့်မယ် ထင်ပါရဲ့။ ဒါကြောင့်လည်း မီးခံသေတ္တာနဲ့ ထားရှိတာပေါ့။ ဘုရားတန်ဆောင်း

mgyoe.com

mgy


ထဲမှာ ဘုရားဒါယကာ၊ ဒါယိကာမတွေရဲ့ ရုပ်တုတွေလည်း ရှိတယ်။ အင်္ဂတေနဲ့ ထုလုပ်ထားဟန်တူပါရဲ့။

ဘုရားကနေ ကန်တော်ကြီး ကန်ပတ်လမ်းပေါင် ပြုလုပ်နေတာကို သွားကြည့်ကြတယ်။ ကန်ပေါင်ပတ်လည်အနားက ကန်ပတ်လမ်း လုပ်ဆောင်တာမဟုတ်ဘဲ ကန်အတွင်းဘက်တိုးပြီး ကန်ပတ်လမ်းလုပ်နေတာမို့ တချို့က သဘောကျဟန်မတူဘူး။ ကန်အကျယ်ကျုံ့သွားစေတာပေါ့။ ပြီးတော့ ကွက်လပ်ဖြစ်သွားတဲ့ မြေနေရာတွေကိုလည်း ရောင်းချကြမှာလို့ သုံးသပ်နေကြတယ်။ ကန်တော်ကြီးမှာ ဝိုင်းဝိုင်းတို့အဖွဲ့နဲ့ တွေ့တယ်။ နှစ်ဖွဲ့ပေါင်းပြီး ကင်းချောင်းရေတံခွန်ဆီ ထွက်ခဲ့ကြတယ်။ လမ်းမှာ ထည်ဝါမှုမရှိလှတဲ့ မိုးကုတ်ထောင်ကို တွေ့မြင်ခဲ့ရသေးတယ်။ အင်းစိန်ထောင် မပြောပါနဲ့၊ မုံရွာထောင်နဲ့ နှိုင်းစာရင်တောင် တကယ့်တောထောင်လေးပါပဲ။ ဒါပေမဲ့ ဟောဒီထောင်မှာ အင်္ဂလိပ်အစိုးရက နန်းရင်းဝန် ဦးဘမော်ကို ထည့်ထားခဲ့ဖူးတယ်။

မြို့အထွက် 'မိုးကုတ်မြို့က ကြိုဆိုပါ၏' ဆိုတဲ့ ဆိုင်းဘုတ်ရောက်တော့ အမှတ်တရ ဓာတ်ပုံရိုက်ကြတယ်။ ဒီလမ်းက ပြင်ဦးလွင်မြို့ဘက်က လာတဲ့ အဝင်လမ်းတဲ့။ ပြင်ဦးလွင်နဲ့ မိုးကုတ်က မိုင် ၈၀ လောက်ဝေးတယ်။ လမ်းကောင်းပါတယ်။ ဒါပေမဲ့ အတက်ကြမ်းတယ်၊ အဆင်းကြမ်းတယ်။ ရွာဆက်နဲ့ ကားအသွားအလာပြတ်တယ်။ လောလောဆယ်တော့ ရှမ်းတောင်အဖွဲ့တွေနဲ့ တအာန်းအဖွဲ့ တိုက်ပွဲဖြစ်နေလို့ အသွားအလာပြတ်တောက်သလို ဖြစ်နေတယ်။

ကင်းချောင်းရေတံခွန်က မိုးကုတ်မြို့နဲ့ မဝေးလှဘူး။ အဲဒီနေရာကို ပုဂ္ဂလိကအပိုင် ရောင်းချလိုက်တာတဲ့။ သိန်း ၃,၀၀၀ ဆိုလား။ ဝင်ကြေးက လူတစ်ယောက် ၅၀၀ ကျပ်ပေးရတယ်။ ကားတစ်စီး ၁,၀၀၀ ကျပ်။ ရည်ရည်ထွန်းက ကားက သူ့အလိုအလျောက်ဝင်သွားတာမဟုတ်ဘဲ ယာဉ်မောင်းတဲ့သူကို အရေအတွက်ထဲ မထည့်သင့်ဘူးလို့ပြောတယ်။ ဒီတော့ ကားဝင်ကြေး ၁,၀၀၀ နဲ့ လူလေးယောက်အတွက် ၂,၀၀၀၊ ပေါင်း ၃,၀၀၀ ပဲ ပေးနိုင်မယ်။ လက်မှတ်ဖြတ်တဲ့သူက ၃,၅၀၀ ပေးရမယ်။ နောက်ဆုံးတော့ ပေးခဲ့ရတာပါပဲ။ ဝင်သွားလိုက်တော့ ကလေးကစားကွင်းတွေ့ရတယ်။ စားသောက်ဆိုင်

mgyoe.com

mgyoe.com
တွေ့ကြတယ်။ စီးပွားရေးအမြင်ရှိကြတာလား၊ လက်တံ့ရှည်ကြတာလား။ စဉ်းစားစရာ။

ရေတံခွန်ကျဆင်းနေတဲ့ရှေ့မှာ ပြုလုပ်ထားတဲ့ ရေပန်းတွေရှိတယ်။ အတားအဆီးရှိတယ်။ သဘာဝအလှ ရေတံခွန်ကို ကာဆီးထားသလိုလည်း ဖြစ်နေတယ်။ ပြုလုပ်ချက်ကြောင့် သဘာဝရဲ့အလှလည်း ပျက်စီးစေတယ်။ ပိုင်ရှင်ရဲ့သားသမီးတွေက နိုင်ငံခြားပြန်တွေတဲ့။ သူ့ဘာသာ နိုင်ငံခြားပြန် ဖြစ်ဖြစ်၊ ဘာဖြစ်ဖြစ် သဘာဝအလှတရားကို မခံစားတတ်တဲ့သူက မခံစား တတ်ဘူး။ ရေတံခွန်ကျဆင်းနေတဲ့ နေရာကြည့်လိုက်စမ်း။ သဘာဝကျောက် စွန်းလေးတွေနဲ့ ရေတွေဖြာကျနေလိုက်တာ ဘယ်လောက်လှလဲ။

အပြန်လမ်းမှာ ရည်ရည်ထွန်းက ဟော့ပေါ့စားကြမလား၊ ထမင်း ပေါင်းစားကြမလားတဲ့။ ဟော့ပေါ့ကတော့ ငါးနဲ့ ဆလပ်ရွက်နဲ့ မုန်ညင်းရွက် နဲ့ပေါ့။ ငါးမစားတဲ့ ကျွန်တော်က ထမင်းပေါင်းစားမယ်လို့ ပြောလိုက်တယ်။ ရောက်တုန်းရောက်ခိုက် လီရှောလေးရော မှိုဝဲဦးမလားတဲ့။ စိုးစံက သွက် လိုက်တာ၊ ကောင်းတာပေါ့တဲ့။ ကျွန်မက ကောင်းတာစစ်တာ မရွေးတတ်ဘူး တဲ့။ ညနေကျမှ နားလည်တဲ့သူကို ဝယ်ခိုင်းပြီး ပို့ပေးမယ်တဲ့။ မှတ်ကရော။

ထမင်းပေါင်းဆိုင်ကလည်း အိမ်ဆိုင်လေးပါပဲ။ ပြီးတော့ ထမင်း ပေါင်းက မန္တလေးထမင်းပေါင်း၊ ရန်ကုန်ထမင်းပေါင်းမဟုတ်ဘူး။ ကျွန် တော့်အတွက်တော့ ရွေးချယ်မှု မှန်ကန်သွားတယ်လို့ ဆိုရမယ်။ ကျွန်တော်က မန္တလေးရောက်ရင် မန္တလေးထမင်းပေါင်းစားရမှ၊ အထမ်းလေးတွေနဲ့ ရောင်း တဲ့ မြီးရှည်ကို စားရမှ မန္တလေးကို ရောက်ရှိတယ်လို့ သတ်မှတ်တယ်။ မှတ်မိသေးတယ်။ တစ်ခါက ရထားဆင်းပြီး ဗိုက်ဆာဆာနဲ့ ထမင်းကြော်၊ ထမင်းပေါင်းရသည်ဆိုတဲ့ဆိုင်ထဲဝင်ပြီး ထမင်းပေါင်းတစ်ပွဲလို့ မှာလိုက် တယ်။ လာချတော့ ထမင်းဖြူပေါ် အစိမ်းကြော်၊ ကော်ရည်တွေဖြူးထားတဲ့ ရန်ကုန်ထမင်းပေါင်း။ ဟော့... ငါမှာတာ မန္တလေးထမင်းပေါင်း။ မန္တလေး ထမင်းပေါင်းမရဘူး။ ဒါလည်း ထမင်းပေါင်းပဲ။ စကားတွေ များကုန်ကြ ရော။ နောက်ဆုံး စားပွဲထိုးကလေးက မျက်နှာငယ်လေးနဲ့ ဦးလေးကြီး မစား လည်း ထမင်းပေါင်းဖိုးတော့ ပေးခဲ့ပါ။ မဟုတ်လို့ရှိရင် လစာထဲက အဖြတ် ခံရမှာတဲ့။ သနားတာနဲ့ ဝင်သလောက်စားပြီး ငွေရှင်းခဲ့ရတယ်။
mgyoe.com

မိုးကုတ်ကခေါ်ဝေါ်တဲ့ ဝက်စတူးကတော့ မနိပ်လှဘူး။ ဝက်ရိုးစွပ်ပြုတ်ဖြစ်နေတယ်။ ဝက်ခေါင်းသုပ်ကလည်း မဟန်လှဘူး။ ဝက်ခေါင်းက နည်းနည်း၊ ကြက်သွန်ဖတ်နဲ့ မုန်လာဖတ်ကများများ။ ထမင်းပေါင်းကတော့ ကောင်းပါတယ်။ တစ်ပွဲ ၁,၈၀၀ ဆိုတဲ့ဈေးတော့ မကြိုက်လှဘူး၊ များနေသလားလို့။ ထမင်းစားပြီး တည်းအိမ်ပြန်နားကြတယ်။ နောက်... ဆရာလေးကိုတင်၊ လင်းလွန်းခင်စာအုပ်တိုက်ပိုင်ရှင် ဦးသိန်းလွင်နဲ့ သူတို့ကောင်လေးနှစ်ယောက် ရောက်လာကြတယ်။ သူတို့ကိုတော့ အပေါ်ဆုံးထပ်မှာ နေရာချထားပေးတယ်။ ဦးသိန်းလွင်က သူ့တူမများအိမ်မှာ တည်းမှာတဲ့။ ဆရာလေးသာ နေရစ်ခဲ့မှာ။

ညနေလေးနာရီထိုးတာနဲ့ ညနေစာစားဖို့ လာခေါ်တယ်။ ဟောဗျာ... ကျွန်တော်တို့ ထမင်းပေါင်းစားလာတာ နှစ်နာရီက။ ဘယ်လို အစာချေဖျက်နိုင်မှာလဲ။ မတတ်နိုင်ဘူး။ ကိုယ်က ဧည့်သည်ဆိုတော့ ကျွေးတဲ့အချိန် စားထား။ ဝင်သလောက်ပေါ့။ ရှမ်းစုခန်းမနားက အဆောက်အအုံထဲ ကျွေးတယ်။ ထမင်းစားပွဲတွေ ပြင်ထားတာလည်း မနည်းပါလား။ နက်ဖြန်တက်ရောက်လာသူအားလုံးကို ထမင်းကျွေးမှာတဲ့။ ဆုချီးမြှင့်ပွဲအခမ်းအနားက မျှော်မှန်းထားတာထက် အများကြီးခမ်းနားကြီးကျယ်ပါလား။ ချဉ်ရည်ဟင်းကတော့ အပုံစားပဲ။ ပဲစိမ်းကြော်၊ အစိမ်းကြော်၊ ဝက်သား၊ ပဲငါးပိနဲ့ ငရုတ်သီးထောင်း။ အစားမနီးရင်တော့ စားမြိန်မှာပါပဲ။ ခုတော့ ဟန်စား စားတယ်ဆိုရုံ။

စိုးစံနဲ့ ကောင်းကင်ပြာကတော့ ရည်ရည်ထွန်း ဝယ်ပို့လိုက်မယ်ဆိုတဲ့ လီရှောကို မျှော်နေကြသေးတယ်။ သန်းထွေးက အလုပ်ရှုပ်နေတာနဲ့ မေ့သွားလောက်ပြီထင်တယ်တဲ့။ သဟာယစာကြည့်တိုက်ဥက္ကဋ္ဌက ဦးမြင့်ရွှေတဲ့။ ကျွန်တော်နဲ့ ရွယ်တူလောက်ဖြစ်မယ်လို့ ခန့်မှန်းထားတာ၊ အသက်မေးကြည့်တော့ ကျွန်တော့်ထက် ၁၀ နှစ်လောက်ငယ်နေတယ်။ ဘေးလူတွေတော့ မသိဘူး။ ကျွန်တော့်ကိုယ်ကျွန်တော်တော့ အရွယ်ကျတယ်လို့ မထင်မိပေါင်။ ကျွန်တော်တို့နဲ့အတူ တတွဲတွဲရှိနေ၊ အိပ်ကြတဲ့သူတွေကတော့ သန်းထွေး၊ ဇော်ဦး၊ မျိုးဇင်သိန်းနဲ့ အေးမင်း။ ဇော်ဦးနဲ့ မျိုးဇင်သိန်းတို့က စာကြည့်တိုက်မှူးတွေ။ လူလည်း လူလွတ်တွေ။ အေးမင်းနဲ့ သန်းထွေးတို့က အမှုဆောင်

mgyoe.com

တွေပေါ့။ သူတို့ အခမ်းအနားပြင်ဆင်ရင်း ကျွန်တော်တို့ကို ဧည့်ဝတ်ပြုရင်း လိုက်လာကြတာပါ။ လက်တွေ့တော့ ဇော်ဦးက ကျွန်တော့်ရဲ့ ကွမ်းတော်ဆက်ပေါ့။

သဟာယစာပေဆုချီးမြှင့်ပွဲကို ကျပ်ပြင်၊ မိုးကုတ်၊ ရန်ကုန်၊ မန္တလေး လေးနေရာကို တစ်လှည့်စီ ကျင်းပပြုလုပ်တယ်။ နောက်နှစ်ဆို ရန်ကုန် တော်ဝင်နှင်းဆီခန်းမမှာ ကျင်းပမယ်တဲ့။ နောက်တစ်နှစ်ကျ မန္တလေး။ အဲဒီ နောက်တစ်နှစ်မှာ ကျပ်ပြင်။ ကျပ်ပြင်မှာ ကျင်းပမယ့် ၁၃ ကြိမ်မြောက် ချီးမြှင့်ပွဲမှာတော့ ဆက်ဆက်လာခဲ့ဦးမယ်လို့ ပြောလိုက်မိတယ်။ အဲဒီမှာ အဌမအကြိမ်မြောက် သဟာယစာပေဆုရှင် နှင်းဆီအောင် ရောက်ရှိလာ တယ်။ လက်ယက်တွင်းဝတ္ထုစာအုပ်နဲ့ ချီးမြှင့်ခံရတာ။ သူက အဇ္ဈတ္တကို မုဒိတာပွားချင်လို့သာ လာခဲ့ရတာ၊ နက်ဖြန်ပြန်ရမှာတဲ့။ နမ့်ဆန်မီးဘေးကို သွားရောက်ကူညီလှူဒါန်းရမှာတဲ့လေ။ နှင်းဆီအောင်က စာတွေရေးရင်း ပရဟိတလုပ်ငန်းတွေ ဆောင်ရွက်နေသူပါ။ သုခရိပ်မြုံဂေဟာလေး ပေါ်ထွန်း လာဖို့ ကြိုးစားကြတဲ့အထဲမှာ ပါဝင်ခဲ့တယ်။ သုခရိပ်မြုံဆိုတာ မွေးရာပါ HIV ကလေးသူငယ်တွေ ပြုစုစောင့်ရှောက်တဲ့အဖွဲ့လေ။

ကျွန်တော်က မန္တလေးက မဝင့်(မြစ်ငယ်)၊ မမောင်၊ မကို တို့ကိုတော့ ရင်းနှီးပါရဲ့။ နှင်းဆီအောင်က မကိုနဲ့ သူငယ်ချင်း။ သူက စာရေးတာ နောက်ကျတယ်တဲ့။ လက်ရှိမှာတော့ စာအုပ်သုံးအုပ် ထွက်ရှိပြီးပြီ။ ဒီနောက် မှာတော့ စာအကြောင်း ပေအကြောင်းတွေ ပြောဖြစ်ကြတယ်။ သူအိပ်ဖို့ ကိုထွန်းအိမ်မှာ နေရာချထားတယ်။ သူက ဥက္ကာကျော်တို့ကိုတောင် သည်း ညည်းခံရတာတဲ့။ ဆရာတွေ စောင့်စည်းမနေကြနဲ့တဲ့။ လွတ်လွတ်လပ်လပ် သာ နေကြတဲ့။ နားလည်ပေးနိုင်သတဲ့။ တွေ့ဆုံတုန်း စကားပြောချင်တာ ပါပဲ။ စာနဲ့ချည်နှောင်လိုက်တော့ ရင်းနှီးကျွမ်းဝင်သွားကြတယ်။ နှင်းဆီ အောင်က ကျွန်တော့်ကို 'လမ်းကလေးရဲ့လက်ဆောင်' ရသဆောင်းပါးစုစည်း မှုစာအုပ်လေး လက်ဆောင်ပေးသွားတယ်။

နောက်နေ့ ဖေဖော်ဝါရီ ၁၃ ရက်နေ့ မနက်ခင်းမှာ ကိုထွန်းက ကျွန် တော်တို့အဖွဲ့အားလုံးကို ရှမ်းဆိုင်လေးတစ်ဆိုင် ခေါ်သွားတယ်။ အိမ်ဆိုင် လေးပါပဲ။ လာရောက်ဝယ်ကြတဲ့သူတွေ၊ စားသုံးနေကြတဲ့သူတွေနဲ့ စည်ကား

mgyoe.com

mgyoe.com


နေရဲ့။ နာမည်ရ ဆိုင် ဖြစ်ဟန်တူပါရဲ့။ ကျွန်တော်ကတော့ ဆီချက်ပဲ မှာလိုက်မိတယ်။ မဆိုးလှပါဘူး။ နှင်းဆီအောင်က ပြန်မယ်။ သူ့ကိုနှုတ်ဆက်ပြီး ကျွန်တော်တို့ လက်ဖက်ရည်သမားတွေ နောင်ရိုးဆိုင်ဘက် ထွက်ခဲ့ကြတယ်။ လက်ဖက်ရည်သမားတွေဆိုတာက ကိုညီမြင့်အပါအဝင် ကျပ်ပြင်အဖွဲ့သားတွေပေါ့။ ဇော်ဦးကတော့ ကျွန်တော့်ကို ကွမ်းယာဝယ်ပေးလို့ချည်းနေပါတယ်။

ဒီနောက် အခမ်းအနားပြုလုပ်မယ့် ခန်းမဆီကို ထွက်ခဲ့ကြတယ်။ ကျပ်ပြင်က စာဝါသနာရှင်တွေလည်း ရောက်နေကြတယ်။ အဲဒီမှာ ဇော်ဂါလေး ကလောင်အမည်နဲ့ သရော်စာဝတ္ထုတိုလေးတွေ ရေးနေတဲ့ သူတို့က ကိုဂျမ်းလို့ ခေါ်ကြတဲ့ ဂျမ်းဗဟာဒူးနဲ့ တွေ့ကြရတယ်။ ဇော်ဂါလေးကို ၂၀၁၄ ခုနှစ်က ဂေါ်ရခါးဘွဲ့ရ လူငယ်များတွေ့ဆုံပွဲ၊ မန္တလေးယဉ်ကျေးမှု ဇာတ်ရုံမှာ ကျင်းပစဉ်က တွေ့ဆုံရင်းနှီးခွင့်ရရှိခဲ့တယ်။ ပြင်ဦးလွင်၊ နောင်ချို၊ ကျောက်မဲ၊ သီပေါတစ်လျှောက် စာရေးဆရာများသမဂ္ဂ ဖွဲ့စည်းရေးခရီးစဉ်မှာ ကိုဇော်ဂါလေးက သူ့ကားနှစ်စီးနဲ့ ကူညီခဲ့တဲ့အပြင် စားစရိတ်လည်း တာဝန်ယူဖြေရှင်းပေးခဲ့တယ်။ သမဂ္ဂအပေါ် ကျေးဇူးပြုခဲ့ဖူးသူ ဆိုပါတော့။

ဥက္ကဋ္ဌ ဦးမြင့်ရွှေက ကျွန်တော့်ကို စကားအနည်းငယ်ပြောပေးဖို့ လာပြောလာတယ်။ ပြောလိုက်ရုံပေါ့။ ကိုးနာရီစမယ့်အခမ်းအနားဟာ ၁၀ နာရီကျော်မှ စဖြစ်တော့တယ်။ ဥက္ကဋ္ဌက အဖွင့်စကားပြောတယ်။ ပြီးတော့ ဆရာလေးကိုတင်၊ ကျွန်တော်၊ မျိုးဇင်သိန်းက အဖွဲ့တွဲ့ရဲ့ ရင်ဖွေတံခါးသုံးသပ်ချက်စာတမ်းကို ဖတ်ပြတယ်။ သန်းထွေးက ဆုပေးရခြင်းရဲ့ ရည်ရွယ်ချက်နဲ့ အဖွဲ့တွဲ့ရဲ့ ကိုယ်ရေးရာဇဝင်။ နောက် အဖွဲ့တွဲ့က စကားအနည်းငယ်ပြောတယ်။ ပြီးတော့ ကျောက်ပန်းချီကားချပ်ကြီးနဲ့ ငွေငါးသိန်းကို ဥက္ကဋ္ဌက ချီးမြှင့်တယ်။ နောက်ထပ်နှစ်ဦးကလည်း အပိုဆုအဖြစ် ချီးမြှင့်ကြသေးတယ်။ ဒါ့ပြင် တိုက်ထုတ်စာအုပ်အားလုံးကို စာကြည့်တိုက်ထံ လှူဒါန်းနေကြတဲ့ ကံ့ကော်ဝတ်ရည်စာအုပ်တိုက်က ဝိုင်းဝိုင်း၊ လင်းလွန်းခင်စာအုပ်တိုက်က ဦးသိန်းလွင်တို့ကိုလည်း အမှတ်တရ ဂုဏ်ပြုလက်ဆောင် ကျောက်စိပန်းချီကားတွေ ပေးအပ်တယ်။

ကောင်းကင်ပြာနဲ့ အခမ်းအနားပြုလုပ်တဲ့ ရည်ရည်ထွန်းတို့ကလည်း

mgyoe.com

mgyoe.com

ကဖျာတွေ ရွတ်ကြသေးရဲ့။ ၁၂း၃၀ နာရီ အခမ်းအနားပြီးဆုံးတဲ့ နောက်ဆုံး အစီအစဉ်ကတော့ ကြွရောက်လာကြတဲ့ ဧည့်ပရိသတ်အားလုံးကို ထမင်း ကျွေးတဲ့ အစီအစဉ်ပါပဲ။ ချဉ်ရည်၊ ဝက်သား၊ ကြက်သား၊ ပဲစိမ်းကြော်၊ ပန်းပွင့်ကြော်၊ ပဲပုပ်ငရုတ်သီးထောင်း၊ တို့မြုပ်စရာ၊ ငါးပိတစ်ချက်။ ငါးပိ တစ်ချက်ကို မိုးကုတ်က ဘယ်လိုခေါ်သလဲမသိဘူး။ ငါးပိတစ်ချက်ဆိုတာ အကောင်ကြီးငါးကို တုံးတစ်ပြီး ဆားသိပ်ကာ ငါးပိကောင်အဖြစ် လုပ်ထား တာကို ခရမ်းချဉ်သီးနဲ့ ချက်ထားတာပြောတာ။ ကျွန်တော်ဖြင့် အညာဟင်း တစ်ခွက်ဖြစ်တဲ့ ငါးပိတစ်ချက်ကို မစားရတာ ကြာဆိုကြာလှပေါ့။ အနှစ် ၂၀ ကျော်ရှော့မယ်။ ဝက်သားကလည်း ကောင်းပါရဲ့။ မိုးကုတ်ချဉ်ရည်ဟင်း က တစ်လက်ရာတည်း မေ့မရအောင်ပါ။ ထမင်းဝိုင်းတစ်ဝိုင်းမှာ ချဉ်ရည်ပါ ရင် အဲဒီချဉ်ရည်ကို ပထမဦးဆုံး မြည်းစမ်းသောက်လိုက်၊ ချဉ်ရည်ကောင်းရင် ကျန်တဲ့ဟင်းတွေလည်း ကောင်းပြီမှတ်။ ချဉ်ရည်ညံ့ရင် ကျန်တဲ့ဟင်းတွေ လည်း ညံ့ပြီသာမှတ်ပေရှော့တဲ့။

ထမင်းစားပြီး အပြင်ထွက်လိုက်တော့ ရေနွေးကရားကြီးတွေနဲ့ ရေနွေး ကြမ်းတွေ တည်ခင်းထားတာ တွေ့ရတယ်။ အစာပိတ် ရေနွေးသောက်ရတာ အရသာတစ်မျိုးပါ။ ကောင်းမွန်လှတဲ့ ဓလေ့လေးပါပဲ။ ကျွန်တော်တော့ သဟာယစာကြည့်တိုက်ရဲ့ စာပေအပေါ်ထားရှိတဲ့ စေတနာကို ချီးကျူးမဆုံး ဖြစ်နေမိတယ်။ ဆုချီးမြှင့်ပွဲမှာ ဒီလောက်ထိ ခမ်းနားကြီးကျယ်လိမ့်မယ်လို့ လည်း မျှော်လင့်မထားခဲ့ရိုးအမှန်ပါ။ စာကြည့်တိုက်အသိုက်အဝန်းလေးနဲ့ တင် ချီးမြှင့်မယ်လို့ ထင်မှတ်ထားခဲ့တာပါ။ ခုတော့ ကမ္ပည်းထိုးထားလိုက် ပါပြီ။

ဒီနောက်မှာတော့ ကျွန်တော်တို့တစ်တွေ ကျပ်ပြင်မြို့အလွန်မှာရှိတဲ့ ကျောက်ပြာသာဒ်ရွာဘက် ထွက်ခဲ့ကြတယ်။ ကျောက်ပြာသာဒ်ဘုရားဖူးရင်း၊ ကျောက်ပြာသာဒ်ရွာက ရောဝတီစာကြည့်တိုက်လေးကို ကြည့်ရှုရင်း၊ အားပေးရင်းပေါ့။ ကျောက်ပြာသာဒ်ရွာသွားတဲ့လမ်းက ပေ ၁၀၀ လမ်းပါပဲ။ တောင်ကမ်းပါးယံမှာ ရွာတည်ထားတာက အမြင်ဆန်းပြီး ဆွဲဆောင်မှုရှိ သလိုပဲ။ တောင်ယာလုပ်ကိုင်ကြဟန်တော့ မတူဘူး။ ကျွဲနွား တစ်ကောင် တစ်မြီးမှ မတွေ့ရဘူး။ ကျောက်ပြာသာဒ်ဘုရားက လွိုင်ကော်မြို့၊ ရင်ကွဲစေတီ

mgyoe.com

mgyoe.com


နဲ့ သဏ္ဍာန်တူတယ်။ ကျောက်တုံးကြီးပေါ် တည်ထားတာပါပဲ။ ရင်ပြင်ပေါ်ကနေ ရွာလေးတည်ရှိနေပုံကို အပေါ်စီးမြင်တွေ့နေရတယ်။ ကျောက်ပြာသာဒ်အောက်မှာ ကျောက်တွေအများအပြား တွေ့ရတယ်လို့ ဆိုတယ်။ ခဏခဏ ခိုးယူတူးကြလို့ ခဏခဏဖမ်းဆီးခြင်းခံရတဲ့သူတွေလည်း ရှိတယ်။

ကျောက်ပြာသာဒ်နဲ့ မလှမ်းမကမ်းတောင်က သူရိန်တောင်တဲ့။ အဲဒီတောင်မှာလည်း ကျောက်အများအပြားထွက်တယ်လို့ ဆိုတယ်။ ဟိုစဉ်ကတော့ တစ်နိုင်တစ်ပိုင်ပဲ လုပ်ကိုင်ခဲ့ကြတာ။ နောက်ပိုင်းတော့ ကုမ္ပဏီတွေက အပိုင် လက်ဝါးကြီးအုပ်ပြီး စက်ယန္တရားကြီးတွေနဲ့ တူးဖော်နေကြတာတဲ့။ ဒီတော့ နယ်ခံတွေအနေနဲ့ တစ်နိုင်တစ်ပိုင် လုပ်ကိုင်ခွင့် မရကြလေတော့ အလုပ်အကိုင်တွေ ရှားပါးလာတယ်။ အရောင်းအဝယ်လည်း မဖြစ်တော့ဘူး။ ကျောက်သွေးနေကြရတယ်။ မိုးကုတ်ကျောက်သွေးရတာ မဟုတ်ဘူး။ ကော့ကရိတ်ဘက်ကလာတဲ့ကျောက်ကို သွေးကြရတယ်။ လက်ခစားကျောက်သွေးရင် တစ်နေ့ ၁၀,၀၀၀ လောက်ဝင်ငွေရှိပါသတဲ့။ ဝယ်ပြီးသွေးမယ်၊ ကိုယ်တိုင်ရောင်းမယ်ဆိုရင် ပိုပြီးဝင်တာပေါ့တဲ့။

ဘုရားဖူးပြီး ရောဝတီစာကြည့်တိုက်လေးကို ဝင်ကြည့်ကြတယ်။ ကျွန်တော်တို့အဖွဲ့ နေရာယူလိုက်တာနဲ့ စာကြည့်တိုက်လေး ပြည့်သွားရော။ ရွာအုပ်ချုပ်ရေးမှူးရုံးနဲ့ တွဲလျက်ရှိနေတယ်။ အုပ်ချုပ်ရေးမှူးရုံးက ကန့်ပေးထားဟန်တူပါရဲ့။ စာကြည့်တိုက်ဥက္ကဋ္ဌက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောပါတယ်။ စာကြည့်တိုက်မှူး မင်းမင်းက စာကြည့်တိုက်လေး တိုးတက်ဖို့အတွက် အကြံဉာဏ်တောင်းခံတယ်။ ကျွန်တော်က ကျွန်တော်တို့ရွာ စာကြည့်တိုက်လေးအတွေ့အကြုံကို ပြောပြပြီး အားပေးစကား ဆိုခဲ့မိပါတယ်။ ဒါပေမဲ့ အခြေအနေတစ်ရပ်ဆိုတာ တစ်ဦးကောင်း တစ်ယောက်ကောင်းအနေနဲ့ တွန်းတင်လို့ မရနိုင်ပါဘူး။ အခြေအနေအရ တောင်းဆိုလာမှ ဖြစ်ပေါ်လာတတ်တာမဟုတ်ပါလား။ ကံ့ကော်ဝတ်ရည်စာအုပ်တိုက် ဝိုင်းဝိုင်းက စာကြည့်တိုက်အတွက် စာအုပ်တွေ လှူဒါန်းတယ်၊ သာဓုခေါ်စရာပါ။

ကျောက်ပြာသာဒ်က ပြန်လာတော့ 'ဒေါ်နန်းကြည့်တောင်' ပေါ်ကို တက်ကြည့်ကြတယ်။ ပေ ၅,၀၀၀ ကျော်မြင့်တဲ့တောင်ပါ။ ဒီနားတစ်ဝိုက်မှာတော့ အမြင့်ဆုံးတောင်လို့ ဆိုပါတယ်။ ဒေါ်နန်းဆိုတဲ့ ရှမ်းအမျိုးသမီး

mgyoe.com

mgyoe.com


ကြီး တက်ရောက်ပြီး ကြည့်ခဲ့တဲ့တောင်မို့ ဒေါ်နန်းကြည့်တောင်လို့ အမည်တွင်တာတဲ့။ ငမောက်လို့ အမည်ရတဲ့ တောင်ယာလုပ်တဲ့လူတစ်ယောက်ဟာ သူ့တောင်ယာအစပ်က အရည်အသွေးကောင်းလှတဲ့ ပတ္တမြားကြီးတစ်လုံးကို ရရှိလိုက်တယ်။ အဲဒီပတ္တမြားကြီးကိုဖြတ်ပြီး တစ်ဝက်ကို ရောင်းစားလိုက်တယ်။ တစ်ဝက်ကို ဘုရင်ထံ ဆက်သလိုက်တယ်။ ဘကြီးတော်မင်း လက်ထက်လို့ ဆိုပါတယ်။ ဘုရင်က ဆုတော်လာဘ်တော်တွေ ချီးမြှင့်လိုက်တယ်။ ပတ္တမြားကြီးကိုလည်း ငမောက်ပတ္တမြားလို့ တွင်စေတယ်။ နဝတ ပတ္တမြားကြီးတွင်သလိုပေါ့။

ဖြစ်ချင်တော့ ငမောက် ရောင်းစားလိုက်တဲ့ ပတ္တမြားတစ်ဝက်ကလည်း လက်အဆင့်ဆင့်ပြောင်းပြီး ဘုရင်ဆီ ရောက်ရှိသွားသတဲ့။ အဲဒီမှာ ငမောက် ပတ္တမြားအတိုင်း အရည်အသွေးကောင်းလွန်းလို့ ဆက်ကြည့်လိုက်တော့ တစ်ပွင့်တည်းဖြစ်နေတာကို တွေ့ရှိရသတဲ့။ ဖြတ်ထားတယ်ဆိုတာလည်း သိရှိသွားသတဲ့။ ငမောက်ဟာ တစ်ပွင့်လုံး ဘုရင်ကိုမဆက်သဘဲ ဖြတ်ပြီး တစ်ဝက်ကို ဆက်သ၊ တစ်ဝက်ကို ရောင်းစားတယ်ဆိုတာလည်း သိရှိသွားသတဲ့။ ဒါနဲ့ ဆွေခုနစ်ဆက်၊ မျိုးခုနစ်ဆက်ကို သတ်ပစ်တယ်ဆိုပဲ။ အဲဒီမှာ ငမောက်ရဲ့အစ်မ ဒေါ်နန်းက ထွက်ပြေးသွားပြီး တောင်ထိပ်ရောက်မှ သူတို့ရွာလေးကို လှမ်းကြည့်သတဲ့။ သူ့မောင် ငမောက်နဲ့ ဆွေမျိုးတစ်စုရဲ့ ဖြစ်ရပ်ဆိုးကို မြင်တွေ့ရတော့ သူလည်း ရင်ကွဲနာကျ သေဆုံးသွားရှာသတဲ့။ ဒါကြောင့် 'ဒေါ်နန်းကြည့်တောင်' လို့တွင်နေတာ။ တောင်အတက် ကမ္ဗည်းစာ မုခ်ဦးမှာတော့ 'မယ်နန်းကြည့်တောင်' လို့ ရေးထိုးထားတာ တွေ့ရတယ်။ မှတ်တမ်းမရှိ၊ အဆင့်ဆင့်ပြောစကားအဖြစ်သာ ရှိခဲ့တာဆိုတော့ ပုံပြင်တစ်ပုဒ်ပေပ။ ဒါပေမဲ့ ပုံပြင်ဆိုတာ တကယ့်ဖြစ်ရပ်တွေက ဆင်းသက်လာတာ မဟုတ်လား။

တောင်ပေါ်ထိပ် ဘုရားရင်ပြင်ခြေရင်းထိ ကားတက်ရောက်လို့ရတယ်။ ဘုရားရင်ပြင်တော်ပေါ်က ကျပ်ပြင်မြို့လေးကို စီးမိုးမြင်ရတယ်။ ဒီအရပ်ဒေသမှာ မြို့ရှုခင်း၊ ရွာရှုခင်းတွေကို အပေါ်စီးက မြင်တွေ့ကြည့်ရှုရတာ အရသာတစ်မျိုးပါပဲ။ တောင်ပေါ်ကဆင်းလာပြီး မြို့ဘက်ပြန်လာတော့ ဥက္ကဋ္ဌက "ဆရာမြတ်...၊ အဲဒီနေရာဟာ ငမောက် ပတ္တမြားတွေ့ခဲ့တဲ့

mgyoe.com

mgyoe.com


နေရာပေါ့” လို့ လက်ညှိုးထိုးပြတယ်။ ၁၅ ပေလောက်နက်တဲ့ ကျင်းကြီးဖြစ်နေပါပြီ။ လေးဖာလုံပတ်လည်လောက်လည်း ကျယ်ဝန်းလိမ့်မယ်ထင်တယ်။ ကျင်းကြီးအလယ်မှာ ဘက်ဟိုးကြီးတစ်စီး ရပ်တန့်လို့။

ကျွန်တော်တို့ တောင်ပေါ်ကုန်း ‘တို့အင်အား’ စာကြည့်တိုက်ကို ဝင်ကြပြန်တယ်။ အဲဒီမှာလည်း ဦးသိန်းလွင်နဲ့ ဝိုင်းဝိုင်းတို့က စာအုပ်တွေ လှူဒါန်းကြတယ်။ တို့အင်အား စာကြည့်တိုက်တော့ ရှင်သန်လှုပ်ရှားနေတဲ့ စာကြည့်တိုက်ပါပဲ။ စာကြည့်တိုက်မှူးက ခွင့်ယူထားလို့ ဥက္ကဋ္ဌကိုယ်တိုင် စာအုပ်လက်ခံ၊ စာအုပ်ထုတ်ပေး ပြုလုပ်ပေးနေတယ်။ အတွင်းရေးမှူးလည်း တွေ့ရတယ်။ စာကြည့်တိုက်ဆိုတာ အမှုဆောင်တွေ၊ စာအုပ်ဖတ်သူ၊ ငှားသူတွေနဲ့ စည်ကားနေဖို့ လိုအပ်တယ် မဟုတ်ပါလား။ အဲဒီကနေ ကျွန်တော်တို့သုံးယောက် (စိုးစံ၊ ကောင်းကင်ပြာ) ကတော့ ဖော်ဂါလေးနဲ့ ချိန်းဆိုထားလို့ မိုးကုတ်ကို ပြန်ခဲ့ကြတယ်။ ကိုထွန်းက ကားမောင်းလိုက်ပို့ပေးတယ်။ ကျန်တဲ့သူတွေကတော့ ကျပ်ပြင်မှာ ရှမ်းထမင်းချဉ်နဲ့ ညှော်ခံကျွေးမွေးတဲ့နေရာမှာ ကျန်နေရစ်ခဲ့ကြတယ်။

လူထုစားသောက်ဆိုင်တဲ့။ အပြင်ကကြည့်ရင် မစည်ကား၊ ခြောက်သွေ့သယောင် ထင်ရပေမဲ့ ဝင်ရောက်သွားလိုက်တော့ စားသုံးသူတွေ အပြည့်။ တစ်ဝိုင်းက လူငယ်တွေကတော့ ရေချိန်ပြည့်မီထင်ပါရဲ့။ စကားအော်ပြောကြ၊ ရယ်မောကြ၊ ဆူညံလို့။ ကျောက်များပွင့်ကြလို့လား မပြောတတ်ဘူး။ ကျွန်တော်တို့ဝိုင်းကို ထက်နိုင်(တလုတ်)လည်း ရောက်လာတယ်။ သူက မြင်းခြံစာပေဟောပြောပွဲက ဒီနေ့မှ ပြန်ရောက်လာတာ။ ဆုချီးမြှင့်ပွဲအခမ်းအနားကိုတောင် မတက်ရောက်နိုင်ရှာဘူး။ သူက မသောက်တတ်ပါဘူး။ ကျွန်တော်တို့ ဆုံတွေ့နေလို့ ရောက်ရှိလာတာဖြစ်တယ်။ ဖော်ဂါလေးက သူ့ရဲ့ဝတ္ထုတိုစာအုပ်လေးကို လက်ဆောင်ပေးတယ်။ ကျွန်တော်တို့ သမဂ္ဂကိစ္စ၊ စာရေးဆရာ မဂ္ဂဇင်းကိစ္စတွေကို ပြောဖြစ်ကြတယ်။ အေးတဲ့ရာသီကြောင့်လား၊ အမြည်းကောင်းလို့လား၊ အရက်က ကောင်းလို့လား မဆိုနိုင်ဘူး။ ကျွန်တော်တောင် ရီဝေဝေဖြစ်သွားပါတော့တယ်။

ဖော်ဂါလေးက သီချင်းဆိုကြမလားတဲ့။ စိုးစံက ကောင်းတာပေါ့တဲ့။ အလိုက်သိတတ်လွန်းတဲ့ လူငယ်ပါပဲ။ ရှေ့ဆက်ကြီးပွားဦးမယ်။ ဒါပေမဲ့

mgyoe.com

mgyoe.com

ကံဆိုးချင်တော့ ကာရာအိုကေက အခန်းပြည့်၊ လူပြည့်နေပါသတဲ့။ တစ်ညလုံးတောင် အချိန်ယူထားကြဆိုပဲ။ မဆိုရလည်း အကြောင်းမဟုတ်ပါဘူး။ မိုးကုတ်က လူတွေ ကျွန်တော့်ရဲ့သီဆိုမှုကို နားမထောင်ရတာတော့ အခွင့်အရေးကြီးတစ်ခု ဆုံးရှုံးသွားတာတော့ နစ်နာမှုကြီးတစ်ခုပါပဲ။ ဟုတ်တယ်နော်။ ဒါနဲ့ ဆိုင်တစ်ဆိုင်ဝင်ပြီး ပျော်ရွှင်ရည် ထပ်ဖြည့်ကြတယ်။ အဲဒီနေ့ညမှာ ကျွန်တော် တော်တော်လေး ပျော်ရွှင်ပြီး လွတ်သွားတယ်ထင်တာပါပဲ။

နောက်ရက်မှာ ပြန်ကြဖို့ပါပဲ။ ဒါပေမဲ့ စိုးစံတို့က ဘာကြောင့် မပြန်ကြသလဲ မပြောတတ်ဘူး။ နေကြပေါ့။ ကိုယ့်မှာလည်း ဘာနောက်ကြောင်းတင်းစရာရှိတာလိုက်လို့။ ဒီနေ့မှာတော့ လက်ဖက်ရည်ဆိုင် ့ပြောင်းထိုင်ကြတယ်။ ရွှေမန်းဆိုင်တဲ့။ ထုံးစံအတိုင်း အိမ်ဆိုင်လေးပါပဲ။ နောင်ရိုးဆိုင်ထက် သောက်သုံးသူများသလိုပဲ။ လက်ဖက်ရည်လည်း ပိုကောင်းပါတယ်။ ဒီနေ့မှာတော့ ကိုထွန်းက ရည်ရည်ထွန်းပေးထားတဲ့ ကားလေးနဲ့ ပတ္တမြားစေတီကို လိုက်ပို့တယ်။ တောင်ထိပ်မှာ တည်ထားတဲ့စေတီပါပဲ။ ချမ်းသာကြီး ဘုရားလောက်တော့ ခမ်းနားကြီးကျယ်မှု မရှိပါဘူး။ ဒါပေမဲ့ မြို့ရှုခင်းကို စီးမိုးကြည့်ရတာ ပိုပြီးလွှမ်းခြုံမှုရှိတယ် ထင်တာပါပဲ။ မိုးကုတ်မြို့ဟာ တောင်တောအကြား တူတူပုန်းနေတဲ့ မြို့ကလေး။

အဲဒီကအပြန် ကိုထွန်းက သူ့ရဲ့ လက်ဖက်ရည်ဆိုင် ခေါ်သွားတယ်။ နွေစံအိမ်တဲ့။ ကျပ်ပြင်မှာလည်း နွေစံအိမ်ဆိုတဲ့အမည်နဲ့ပဲ လက်ဖက်ရည်ဆိုင်တစ်ဆိုင် ဖွင့်ထားသေးတယ်။ ဒီနေ့မှာတော့ ကျွန်တော်တို့အတွက် တခြားအစီအစဉ် မရှိတော့ပါဘူး။ ညနေခင်း ဇော်ဂါလေးရဲ့ညှော်ခံမှုကို သွားကြဖို့ ရှိတော့တာပါ။ ဇော်ဂါလေးက ဟော့ပေါ့ဆိုင်တစ်ဆိုင်ကို ချိန်းဆိုလိုက်တယ်။ ဒီနေ့မှာတော့ ကိုထွန်း၊ ဇော်ဦးတို့လည်း ဘီယာတွေ သောက်ကြတယ်။ ပျော်ရွှင်သွားတဲ့အချိန်မှာတော့ ကာရာအိုကေဆိုင်ကို မကျေနပ်ပွဲ ရောက်သွားကြပြန်တယ်။ ဒီနေ့မှာတော့ ကြိုတင်ချိတ်ဆက်ထားလို့လား မပြောတတ်ဘူး။ အခန်းရတယ်။

သန်းထွေး၊ မျိုးဇင်သိန်း၊ နေဦး၊ ကိုထွန်း၊ ကိုညိုမြင့်၊ စိုးစံ၊ ဇော်ဂါလေးနဲ့ ကျွန်တော်တို့အားလုံး သီချင်းတွေဆိုကြတယ်။ သီချင်းမဆိုတတ်တဲ့ ဇော်ဦးနဲ့ ကောင်းကင်ပြာက ကကြပေါ့။ ပုကွကွ၊ တုတ်တုတ်လေးနဲ့ ဇော်ဦး

mgyoe.com

mgyoe.com


ကတော ကြည့်လို့ကောင်းတယ်။ ကနေ့ကတော့ အခမ်းအနားအောင်ပွဲအတွက်ရော၊ နှုတ်ဆက်ပွဲအတွက်ရော တစ်ပေါင်းတည်း စီးဆင်းပစ်လိုက်ကြတာပါ။ ဂီတနဲ့တွေ့ရင် ဘယ်သူ မပျော်ရွှင်ဘဲ ရှိနိုင်အံ့နည်း။ အားလုံး အားရအောင် သီဆိုပြီးမှ၊ အားရအောင် ကခုန်ပြီးမှ ပြန်ခဲ့ကြတယ်။ ကျွန်တော်တို့အားလုံး မိုးကုတ် ကျပ်ပြင်သား ညီအစ်ကိုတွေ ဖြစ်သွားကြပြီ။ ဒီထဲမှာ ကျွန်တော်က အစ်ကိုအကြီးဆုံး။ ထိန်းမရအောင် အကဲဆုံးဆိုပါတော့။

လင်းကတည်းက နေဦးက ကျွန်တော်တို့ပြန်သွားရင် တစ်ယောက်တည်း ပျင်းကျန်နေရစ်မှာလို့ ပြောရှာတယ်။ မိုးကုတ်ရောက်တိုင်းလည်း လာရောက်တည်းခိုနိုင်တဲ့အကြောင်း တဖွဖွမှာကြားနေရှာတယ်။ ရှစ်နာရီလောက်မှာ ကားလေးရောက်လာတော့ ကျွန်တော်တို့ ပြန်လာခဲ့ကြတယ်။ ဖော်ဦးတို့တစ်တွေတော့ စောင်တွေ၊ ခေါင်းအုံးတွေ သိမ်းဆည်းဖို့ ကျန်နေရစ်ခဲ့လေရဲ့။ ကျပ်ပြင်ရောက်တော့ သဟာယစာကြည့်တိုက်လေးကို ဓာတ်ပုံမရိုက်ရသေးလို့ စိုးစံက ဝင်ရိုက်တယ်။ ဥက္ကဋ္ဌဦးမြင့်ရွှေလည်း ရောက်လာသေးတယ်။ ၁၀ နာရီမှာ ကျွန်တော်တို့ ကျပ်ပြင်က ထွက်လာကြတယ်။ မောင်းချိန်က ငါးနာရီ။ သုံးနာရီ ရထားနဲ့ လိုက်ပါကြမှာဆိုတော့ မီမှ မီနိုင်ပါ့မလား။ ကားဆရာကိုတော့ တို့က သုံးနာရီရထားနဲ့ လိုက်မှာနော်လို့ ပြောထားလိုက်တယ်။ သဘောပေါက်မှာပါ။

ရွှေညောင်ပင်ရောက်တော့ တစ်ထောက်နားတယ်။ ကားရှင်းတဲ့ဆိုင်မှာ ရပ်နားတာဆိုတော့ အလာကဆိုင်တော့ မဟုတ်တော့ပါဘူး။ ထုံးစံအတိုင်း ကြာဆံဟင်းခါးသောက်ပေါ့။ ရွှေညောင်ပင်ကထွက်လာပြီး တစ်ကွေ့ကျော်တော့ ကားဘီးပေါက်ရော။ ဒုက္ခပါပဲ။ ကားဘီးလဲလှယ်တာ ငါးမိနစ်သာသာပဲကြာပါတယ်။ လက်ပံလှမရောက်ခင် ဇရပ်ကွင်းရွာလေးမှာပဲ ထမင်းစားကြတယ်။ ဟင်းရန်ဖြစ်တဲ့ မြူရွက်သုပ်၊ ပဲစိမ်းကြော်၊ ပန်ထွေဖျော်၊ ကြက်ဟင်းခါးသီးကြော်တို့နဲ့ စားရတာမြိန်လိုက်တာ။ ထမင်းစားပြီး အချိန်မဆိုင်းဘဲ ဒုန်းစိုင်းရပြန်တယ်။ ရဲသျှမ်းဆီက ဖုန်းဝင်လာတော့ မိုင်တိုင် ၅၃ ရောက်နေပြီ။ နာရီကလည်း နှစ်နာရီထိုးနေပြီ။ စိုးစံက ပြန်ဖြစ်တယ်။ အချိန်မီတယ်လို့ ပြောနေရှာတယ်။ ကျွန်တော်ကတော့ စိုးတထိတ်ထိတ်။

mgyoe.com

mgyoe.com


ကိုသျှပ်ဆီကို ကျွန်တော်တို့ရဲ့ မှတ်ပုံတင်နံပါတ်တွေ ပို့ပေးလိုက်တယ်။ ဦးရဲလွင်က ပြောထားတဲ့လက်မှတ်တွေဆိုပြီး ဝယ်ယူထားဖို့ပြောရတယ်။ မတ္တရာရောက်တော့ ၂း၃၀ နာရီရှိပြီး မန္တလေးနဲ့ မတ္တရာက မိုင် ၂၀ ဝေးကွာတယ်။ နာရီဝက်အတွင်း ကျွန်တော်တို့ ၃၃ မိုင်ခရီးပေါက်ခဲ့တာမို့ မီနိုင်လောက်တယ်လို့ ထင်ရတယ်။ ကိုသျှပ်ဆီက လက်မှတ်ဝယ်ယူပြီးကြောင်း၊ အတွဲ(၃)ဖြစ်တယ်ဆိုတဲ့အကြောင်း ဖုန်းဝင်လာတယ်။ လက်မှတ်အတွက်တော့ စိတ်အေးရပြီ။ ရထားမီဖို့ပဲ လိုတော့တာ။ စိတ်လှုပ်ရှားရတာ ရင်မောစရာကောင်းလိုက်ပါဘိ။

ကားဆရာကလည်း ညဏ်ကောင်းပါတယ်။ မန္တလေးတောင်ရောက်တော့ အရှေ့ဘက်ခြမ်းက မောင်းနှင်တယ်။ ဟုတ်တယ်၊ အနောက်ဘက်ခြမ်းက ယာဉ်ရှုပ်၊ ဆိုင်ကယ်ရှုပ်နေမှာ။ ကျုံးထောင့်မီးပွိုင့်တွေလည်း အစိမ်းရောင်ဖြစ်နေလို့ အတားအဆီးမဖြစ်တော့ဘူး။ မန္တလေးတိုင်းဝန်ကြီးချုပ်ဦးရဲမြင့်ရဲ့ မဆွယ်ကာလက ပြင်ဦးလွင်မှာ ဟောပြောတဲ့ ဟောပြောချက်ကိုအမှတ်ရပြီး ပြုံးလိုက်မိသေးတယ်။ ဦးရဲမြင့်က မီးပွိုင့်တွေမှာ စိမ်းနေရင်ဖြတ်သွားလို့ရတယ်။ နီနေရင် ရပ်တာမဟုတ်လားတဲ့။ ၂၆ လမ်းကနေဘူတာကြီးဘက် ချိုးကွေ့မှ မီးနီမိပါလေရော။ သုံးနာရီထိုးဖို့ ၁၀ မိနစ်အလို။ ငါ့နှယ်နော်... လက်မတင်လေး ရထားမမီလိုက်ဘဲ ဖြစ်မယ်ထင်ပါရဲ့။

ဘူတာကြီးဘက် ချိုးကွေ့လိုက်တော့ ကိုညီမြင့်က "ဟော ဘူတာကြီးမြင်ရပြီ" လို့ ဝမ်းသာအားရ ပြောလိုက်ရှာတယ်။ ဘူတာကြီးရောက်တာနဲ့အိတ်တွေဆွဲပြီး မဟားတရား ပြေးရတော့တယ်။ ကိုညီမြင့်ကို နှုတ်မဆက်အားတော့ဘူး။ ရန်ကုန်ဘူတာကြီးလို ငါးမိနစ်အလို ပလက်ဖောင်းတံခါးပိတ်တာ မဟုတ်လို့ တော်သေးတာပေါ့။ ပစ္စည်းတွေ နေရာချချိန်မှာပဲ ရထားက ငြိမ့်ခနဲ စတင်ထွက်ခွာပါတော့တယ်။ ဒီတော့မှ မောလာတဲ့စိတ်တွေအားလုံး ပြေလျော့သွားပါတော့တယ်။ ဒါပေမဲ့ ကွမ်းဝယ်ဖို့ အချိန်မရလိုက်တာတော့ ပြဿနာပါ။ သာစည်ဘူတာရောက်သည်ထိ အောင့်အည်းသည်းခံရတော့မှာပါပဲ။

စိုးစံကို ဝေးရင့်သီတို့ဆီ ဖုန်းဆက်ခိုင်းရတယ်။ ကွမ်းယာဝယ်လာပေးဖို့ မှာကြားရတာပေါ့။ သာစည်ရောက်တော့ ဝေးရင့်သီနဲ့ မျိုးပိုင်တို့ကို တွေ့

mgyoe.com

ကြရတယ်။ သူတို့က ကွမ်းယာအပြင် ပျော့်ရှင်ရည်တစ်ပုလင်း၊ ဆေးလိပ်တစ်ဘူး၊ အာလူးကြော်တစ်ထုပ် ထည့်ပေးလိုက်သေးတယ်။ ငြိမ့်ညောင်းလှတဲ့ ရထားပေါ်မှာ အထက်တန်းကစီးပြီး ကွမ်းယာလေးမြုံ့၊ သွားရောက်ခဲ့ရတဲ့ ခရီးလေးအကြောင်း ပြန်စဉ်းစားရတာ အရသာတစ်မျိုးရှိလှတယ်။

၂၈–၂–၁၆

မဟောသီမဂ္ဂဇင်း

❑

mgyoe.com

mgyoe.com

## မန္တလေး

ကျွန်တော်တို့အဖွဲ့ (စည်သူမြသန်း၊ ခင်မောင်ဇော်၊ ဝါဆိုကိုဦး၊ သားကြီးဇေယျ၊ သစ္စာပိုင်စိုး) မန္တလေးမြို့ကို ရွှေနန်းတော် ဗွီအိုင်ပီကားကြီးနဲ့ ၂၀၁၄ ခု၊ ဇန်နဝါရီလ ၃ ရက် လင်းအရုဏ်လာချိန်မှာ ရောက်ခဲ့ကြတယ်။ အကြောင်းက ဇန်နဝါရီ ၃ ရက်နဲ့ ၄ ရက်၊ နှစ်ရက်တာ ကျင်းပမယ့် ပထမ အကြိမ် ဂေါ်ရခါးဘွဲ့ရ ကျောင်းသူကျောင်းသားများ တွေ့ဆုံပွဲကို တက်ရောက်ဖို့နဲ့ ရှမ်းပြည်နယ်မြောက်ပိုင်း နောင်ချို၊ ကျောက်မဲ၊ သီပေါမြို့နယ်တို့မှာ မြန်မာနိုင်ငံစာရေးဆရာများသမဂ္ဂ ဖွဲ့စည်းကြဖို့ဖြစ်ပါတယ်။

ကျွန်တော်က ခရီးမသွားဖြစ်တာ အတန်ငယ်ကြာလေတော့ ဗွီအိုင်ပီကားဆိုတာ သီးသန့်စီးရတဲ့ကားလို့ ထင်မှတ်နေခဲ့မိတာပါ။ ခရီးသည်အများစီးရတဲ့ ဘတ်စ်ကားပါပဲ။ ဒါပေမဲ့ သမားရိုးကျ အမြန်ကားတွေထက် ပိုမြင့်ပါတယ်။ ထိုင်ခုံကလည်း တစ်တန်း လေးခုံမထားဘဲ သုံးခုံထားတော့ ပိုမိုကျယ်တာပေါ့။ ကားစတင်ထွက်တော့ ကော်ဖီနဲ့ မုန့်နဲ့ ဧည့်ခံတယ်။ အပေါ့လည်း စွန့်လို့ရတယ်၊ အလေးတော့မရဘူး။ သက်သောင့်သက်သာရှိတာရော၊ ခရီးသည်လျှော့တာကြောင့်ရော ယာဉ်စီးခကို ၄,၀၀၀ ကျပ်လောက် တိုးမြှင့်ယူထားတယ်လေ။

ကျွန်တော်တို့ကို ယာဉ်ရပ်နားကွင်းထဲမှာ လာကြိုတယ်။ ပြီးတော့

mgyoe.com

mgyoe.com
၈၇ လမ်း (၂၇ လမ်းနဲ့ ၂၈ လမ်းကြား)ပေါ်က ရှိုင်ရယ်ပါဝါမှာ နေရာချထားပေးတယ်။ ချက်ချင်းဆိုသလိုပဲ ဝန်စည်စလည်ထားပြီး အခမ်းအနားကျင်းပရာ အမျိုးသားဇာတ်ရုံကို ဆက်လက်ခေါ်ဆောင်သွားတယ်။ အမျိုးသားဇာတ်ရုံကြီးက ထည်ဝါလှတယ်။ ဒါပေမဲ့ မွမ်းမံမထားလေတော့ ညှိုးလျော်နွမ်းလျနေသလိုပါပဲ။

ဇာတ်ရုံရဲ့ မျက်နှာစာမှာတော့ ဂေါ်ရခါးလူငယ်၊ လုံမပျိုလေးတွေဟာ ရိုးရာဝတ်စုံရောင်စုံတွေနဲ့ သွားလာနေကြတယ်။ ပန်းဥယျာဉ်ကြီးအတွင်း ရောင်စုံလိပ်ပြာလေးတွေ ကူးလူးပျံဝဲနေသလိုနဲ့တူသေးတော့။ မြစ်ကြီးနား၊ တမူး၊ ကလေး၊ တောင်ကြီး၊ လပွတ္တာ၊ မိုးကုတ် စသည်ဖြင့် အနယ်နယ်အရပ်ရပ်က ဂေါ်ရခါးလူမျိုးတွ ဆုံစည်းကြတာလေ။ ကော်ဖီနဲ့ ကော်ပြန့်ကြော်ကတော့ စိတ်ကြိုက်သုံးဆောင်လို့ ရပါတယ်။ ဘူဖေးလ်သဘောမျိုးပေါ့။ သတင်းထောက် သားကြီးဖေယျတော့ ကင်မရာတစ်လုံးနဲ့ အလုပ်ရှုပ်စပြုနေပြီ။

ကျွန်တော်တို့အဖွဲ့ကိုတော့ ဇာတ်ရုံကြီးရဲ့ နောက်ပိုင်း အပေါ်ထပ်ကို ခေါ်သွားပြီး သီးခြားဧည့်ခံပါတယ်။ အဲဒီမှာ ကိုထက်မြက်၊ မင်းကိုနိုင်၊ ငြိမ်းဝေ(ဒေါင်းအိုးဝေ)တို့က ကြိုတင်ရောက်နေနှင့်ကြတယ်။ ဟုတ်တယ်၊ တွေ့ဆုံပွဲမှာ စာပေဟောပြောပွဲလည်း ပါဝင်တယ်။ ၃ ရက်နေ့မှာ မင်းကိုနိုင်နဲ့ ငြိမ်းဝေ(ဒေါင်းအိုးဝေ)တို့ ဟောပြောကြမယ်။ ၄ ရက်နေ့မှာတော့ ကိုထက်မြက်နဲ့ ကျွန်တော် ဟောပြောကြမယ်။ စားသောက်ပြီးတော့ အခမ်းအနားပြုလုပ်မယ့်နေရာကို သွားကြရမယ်။ ဇာတ်ရုံကြီးဆိုတော့ စတိတ်စင်လည်းရှိပြီးသား။ ထိုင်ခုံတွေလည်း ရှိပြီးသား။ ထူးထွေပြီး ပြင်ဆင်မနေရတော့ဘူးပေါ့။

အခမ်းအနားစတင်တော့ ကျွန်တော်တို့ကို ပန်းကုံးကြီးတွေ စွပ်ပေးတယ်။ ရင်ထိုးပန်းပြားကြီးတွေ ထိုးပေးတယ်။ မှတ်တမ်းတင် ဗီဒီယိုရိုက်နေလေတော့ မီးအလင်းရောင်လည်း ထိုးထားသေးတယ်။ ကျွန်တော့်အနေနဲ့ ပထမအကြိမ်အဖြစ် အဲဒီလိုပြုမူခံရလေတော့ မနေတတ်၊ မထိုင်တတ်ဖြစ်နေမိတယ်။ ပွဲဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ၊ ပညာသင်ထောက်ပံ့ရေးအဖွဲ့ဥက္ကဋ္ဌတို့က အမှာစကားခြွေကြတယ်။ ဟုတ်တယ်။ သူတို့က မတတ်
mgyoe.com

mgyoe.com
နိုင်တဲ့ မိသားစုက လူငယ်တွေကို မူလတန်းကနေ တက္ကသိုလ်ဘွဲ့ရသည် ထိ မွန်မြတ်တဲ့ ပညာသင်ထောက်ပံ့ပေးတဲ့ အဖွဲ့အစည်းရှိတယ်။ ဂေါ်ရခါး တွေ သွေးစည်းကြတဲ့သဘော။

ဒီနောက် မြစ်ကြီးနားကျောင်းသူကျောင်းသားလေးတွေက ဂေါ်ရခါး တေးသွားနဲ့ တိုင်းရင်းသားတွေရဲ့အကနဲ့ ဖြေဖျော်သွားတာလည်း ရှုမငြီး စရာပါ။ မင်းကိုနိုင်၊ ငြိမ်းဝေ(ဒေါင်းအိုးဝေ) တို့ ဟောပြောပြီး လက်ဆောင် ပစ္စည်းပေးအပ်ပြီးတဲ့နောက်ပိုင်းမှာတော့ မနက်ပိုင်းအစီအစဉ် ရပ်နားလိုက် ပါတယ်။ ညနေပိုင်း၊ ညပိုင်းမှာတော့ နီပေါက အလည်အပတ်ရောက်ရှိလာ တဲ့ အဆိုတော်တွေက တေးသံသာတွေနဲ့ ဖြေဖျော်ကြမယ်။ အနယ်နယ် အရပ်ရပ်ကလာရောက်ကြတဲ့ ကျောင်းသူ၊ ကျောင်းသားတွေကလည်း ကိုယ့် အဖွဲ့နဲ့ ကိုယ်ဖျော်ဖြေတင်ဆက်ကြဦးမယ်။ အဲဒီအပိုင်းတွေကတော့ ကျွန် တော်တို့နဲ့ မသက်ဆိုင်လှတော့ဘူး။

ကျွန်တော်တို့ လည်ပတ်ချင်တဲ့နေရာ၊ လည်ပတ်နိုင်ဖို့ ကားတစ်စီး ပေးထားပါတယ်။ ကိုထက်မြက်က တောင်သမန်က တောင်လေးလုံးကျောင်း တိုက်အတွင်းမှာ အမှတ်တရစိုက်ထူထားတဲ့ ဆရာကြီးဒဂုန်တာရာရဲ့ ကျောက် တိုင်ကို သွားကြည့်ချင်ပါသတဲ့။ သူက အောင်ပန်းမှာ တည်ဆောက်မယ့် ဆရာကြီးဒဂုန်တာရာရဲ့ ဂုဏ်ပြုမာန်တည်ဆောက်ရေးအဖွဲ့မှာ ဦးဆောင်မှုအပိုင်း က ပါဝင်တယ်လေ။ တောင်လေးလုံးသွားကြတော့ မြို့ခံ ဦးကျော်မြ၊ မစိုးရိမ် တိုက်သစ် စာကြည့်တိုက်မှူး နိုင်မြင့်သစ်၊ ကဗျာဆရာ စံညိမ်းဦးတို့လည်း လိုက်ပါလာကြတယ်။

တောင်လေးလုံးကျောင်း ဆရာတော်ဦးပညာကို မီးဖိုအနီးက တန်း လျားပေါ်ထိုင်နေရင်း ဖူးတွေ့ရတယ်။ ကျန်းမာရေးက ကောင်းမွန်တဲ့ပုံ ဆောင်ပါတယ်။ ဒါပေမဲ့ ဝပ်ချပြီး "ကိုလေးမြတ်ပါဘုရား" လို့ လျှောက် ထားတော့ မှတ်မိတော့ဟန် မတူပါဘူး။ ကျောင်းဝင်းနဲ့ကပ်လျက် ဘုရားဝင်း ရဲ့ အရှေ့မြောက်ထောင့် သစ်ပင်အောက်မှာ ဆရာကြီးဒဂုန်တာရာ၊ ဆရာကြီး တင်မိုး၊ ဆရာကြီးမြသန်းတင့်တို့ရဲ့ အမှတ်တရကျောက်ပြားတွေ တွေ့ကြ ရတယ်။ တောင်ဘက်အုတ်တံတိုင်းအနီးမှာတော့ ကဗျာဆရာ မောင်ချော နွယ်၊ လှသန်းတို့ရဲ့ ကျောက်ပြားတွေရှိလေရဲ့။
mgyoe.com

mgyoe.com


အဲဒီမှာ စံညိမ်းဦးက ကျွန်တော့်ကို "ကိုလေးမြတ်၊ သေရင် ဖြောင့်ဖြောင့်သေနော်။ ခင်ဗျားသေလို့ ကျွန်တော် ရှိနေသေးတယ်ဆိုရင် ခင်ဗျားအတွက် ကျောက်ပြားတစ်ချပ် ထားပေးမယ်" လို့ ဆွစကားဆိုပါတယ်။ ကျွန်တော်က ဒေါ်ဒေါ်(လူထုဒေါ်အမာ)ကို သတိရလွမ်းနေမိတာပါ။ ဟုတ်တယ်လေ၊ ဒေါ်ဒေါ်က သူ့မွေးနေ့ ၇၀ နှစ်ကစလို့ ကွယ်လွန်ချိန် ၉၀ နှစ်ကျော်ထိ နှစ်ပေါင်း ၂၀ ကျော် ဒီတောင်လေးလုံးကျောင်းမှာ မွေးနေ့ပွဲတွေ ပြုလုပ်ခဲ့တာမဟုတ်ပါလား။

ဒေါ်ဒေါ်ရဲ့ မွေးနေ့ပွဲတွေကို ၁၀ ကြိမ်မက တက်ရောက်ဖူးပါရဲ့။ အစောပိုင်းနှစ်တွေတုန်းက ဦးပညာနဲ့ ကျောင်းမြောက်ဘက်ဘုရားဝင်းထဲက ကစွန်(ဘုရားစေတီရှေ့ အရိပ်အာဝါသရရန်၊ မိုးလုံစေရန် ဆောက်လုပ်ထားတဲ့ အမိုးရှိပြီး အကာအရံမရှိတဲ့ အဆောက်အအုံ) အောက်မှာ ကျင်းပတာပါ။ တက်ရောက်သူကလည်း ၅၀ လောက်သာရှိတော့ အင်ဖက်လေးတွေခင်း၊ ကသည်းဝက်သားဟင်းလေးပုံပေး၊ အချဉ်လေးပုံပေး၊ အရည်သောက် ပဲဟင်းကတော့ ပန်းကန်နဲ့ထည့်ပြီး တည်ပေးတာပေါ့။ လက်ရည်တစ်ပြင်တည်းလို စားကြရတော့ မြိန်မှမြိန်။ နောက်တော့ တဖြည်းဖြည်း စည်ကားလာလိုက်တာ မြန်မာပြည်တစ်နံတစ်လျား ဖြစ်သွားပါရော။

ကျွေးမွေးတဲ့အပိုင်းမှာလည်း ကူညီသူတွေ ပေါ်ပေါက်လာတယ်။ ဒါပေမဲ့ ဝန်းကျင်က ထမင်းကျွေးတယ်ဆိုတော့ လာရောက်စားကြတာပေါ့လေ။ ထမင်းတစ်နပ် သက်သာစရိတ် နည်းသလားလို့။ တကယ်တော့ ဒါဟာ စီးပွားရေးကျပ်တည်းတဲ့သဘောပါ။ လာရောက်ကြတဲ့ ဧည့်သည်တွေ ခများတော့ မစားရ၊ မသောက်ရဖြစ်ပါလေရော။ မှတ်မိသေးတယ်။ တစ်နှစ်မှာတော့ ဆရာမောင်စွမ်းရည်ခမျာ ထမင်းဝိုင်းဝင်တော့ ငရုတ်သီးကြော်နဲ့ ထမင်းပဲရှိတော့တယ်။ ပဲဟင်းနဲ့ ကသည်းဝက်သားဟင်းလေးက ပြောင်စင်သွားပြီ။ ဒါသဖြစ်တာပေါ့။ "ဆရာ... ဆရာ သည်းညည်းခံ" လို့ ပြောရတယ်။

အစောပိုင်း ကျွန်တော် ရွာမှာနေထိုင်စဉ်ကတော့ ဒေါ်ဒေါ့်မွေးနေ့ကို ကျွန်တော်တစ်ယောက်တည်း ညအိပ်လာတတ်တယ်။ အဲဒီမှာ ဆရာတော် ဦးပညာက နီမောင်(အင်း၀)ကို ထမင်းဟင်းချက်ခိုင်းတတ်တယ်။ ခရမ်းချဉ်

mgyoe.com

mgyoe.com
သီးစပ်ချဉ် (ခရမ်းချဉ်သီးနဲ့ ငရုတ်သီး ရောစပ်ချက်ထားတဲ့ဟင်း) နဲ့ ပဲပြုတ် ရှိရင် ကျွန်တော်တို့ အညာသားတွေက ထမင်းမြိန်ရှက်တတ်ကြတာလေ။ ကျွန်တော့်ကို အဖော်ပြုပေးဖို့ နီမောင်(အင်း၀) အပြင် ဆရာကြည်အောင် လည်း လာအိပ်ပေးတတ်တယ်။ ဆရာကြည်အောင်နဲ့ ကျွန်တော်က အသက် ချင်းလည်း ကွာခြားတယ်၊ သမ္မာ ဝါချင်းလည်း ကွာခြားပါတယ်။ ဒါပေမဲ့ ဆရာကြည်အောင်က လူငယ်တွေနဲ့ သူငယ်ချင်းလို ဆက်ဆံတတ်တယ်။

တစ်နေ့က ဖိုးသံ(လူထု)ရဲ့ 'ကျွန်တော် ကောက်ခြစ်မိသော ခဲကြောင်း များ' စာအုပ်ထဲက 'ကိုကြည်လင်နဲ့ ကျွန်တော်' ဆိုတဲ့ ရုပ်ပုံလွှာလေး ဖတ် လိုက်ရတော့ ဆရာကြည်အောင်ကို အမှတ်ရ လွမ်းမိပါရဲ့။ ဆရာတင်မိုးက 'တင်မိုး–ဗင်ဂိုး' လို့ ပြောတတ်သတဲ့။ အဲဒီမှာ ဆရာကြည်အောင်ကလည်း အားကျမခံ 'ကြည်လင် လီနင်' လို့ ပြန်ပြောတတ်သတဲ့လေ။ ဆရာကြည် အောင်ရဲ့ အမည်ရင်းက ကိုကြည်လင်ပါ။ အဲဒီတုန်းက ဆရာကြည်အောင် ကို 'ဒုဋ္ဌဝတီမှ ဧရာဝတီသို့' ကဗျာစာအုပ်ထဲက ကဗျာတွေကို ကြိုက်နှစ် သက်မိကြောင်း ပြောပြမိတယ်။ အဲဒီမှာ ဆရာကြည်အောင်က "ငါက အဲဒီ ကဗျာတွေကို ထားခဲ့ပြီ၊ စွန့်ခဲ့ပြီ" လို့ ပြောတာကို အမှတ်ရမိတယ်။ မာ့က်၏ ဝါဒကို မယုံကြည်ဟော့တာလား။ ဒါမှမဟုတ် ကဗျာဟာ ဝါဒတစ်ခု လက် အောက်ကနေ လွတ်မြောက်သွားတာလား။ ဘာကိုဆိုလိုချင်တယ်ဆိုတာ ကျွန်တော် နားမလည်နိုင်ခဲ့ဘူး။ ဆရာကြည်အောင်သာ ကွယ်လွန်သွားရော။ မဆွေးနွေးလိုက်ရတော့ဘူး။

လွမ်းပါတယ် ဒေါ်ဒေါ်ရယ်။ လွမ်းပါတယ် ဆရာကြည်အောင်ရယ်။ လွမ်းပါတယ် နီမောင်ရယ်။

ကျွန်တော်တို့ တောင်လေးလုံးက ပြန်လာတော့ မှောင်ရိပ်သန်းစ ပြုပါပြီ။ ကိုထက်မြက်က ဗမာထမင်းဆိုင်ကောင်းကောင်းစားချင်တယ်ဆိုလို့ စံညိမ်းဦးက လိုက်ပို့ပါတယ်။ ဟင်းရန်တွေက ခရမ်းသီးနှပ်၊ ကုလားပဲနှပ်၊ စပ်ချဉ်၊ ချဉ်ရည်။ ရန်ကုန်သားတွေကို ပြောပြရတယ်။ "ဟင်းရန် (အသား၊ ငါးဟင်းမဟုတ်ဘဲ ထမင်းစားမြိန်အောင် အချဉ်၊ အစပ်၊ အချို အရသာစုံ ချက်ပြုတ်ထားသောဟင်းများ)တွေက မင်းတို့ရန်ကုန်လို ပိုက်ဆံထပ်ဆောင်း ပေးရတာမဟုတ်ဘူး။ ကုန်သွားရင်လည်း ထပ်ထည့်ပေးလိမ့်မယ်" လို့။
mgyoe.com

mgyoe.com


ဟင်းလျာတွေကလည်း စုံပ၊ ယုန်သားဟင်းတောင်ရှိတယ်။ စားရတာက လည်း မြိန်ပ။ ပေးရတဲ့ကြေးကလည်း သေးမယ်မထင်။

နောက်နေ့ ဇန်နဝါရီ ၄ ရက်မှာတော့ ကိုထက်မြက်နဲ့ ကျွန်တော် ဟောပြောကြရတယ်။ လက်ဆောင်ပစ္စည်းက အမှတ်တံဆိပ်တစ်ခု၊ အိတ် တစ်လုံး။ အိတ်ထဲမှာ ပုဆိုးတစ်ကွင်း၊ စပို့ရှပ်တစ်ထည်၊ ငွေသား ၁၅၀,၀၀၀၊ စုစုပေါင်းတန်ဖိုး ၂၀၀,၀၀၀ ဖိုးလောက်ရှိမှာပေါ့။ တစ်ယောက် ၂၀၀,၀၀၀၊ လေးယောက်ဆိုတော့ ၈၀၀,၀၀၀။ ခရီးစရိတ်၊ တည်းခိုစရိတ်၊ ကျွေးမွေး စရိတ်၊ အခမ်းအနားပြင်ဆင်စရိတ် မကုန်ဘူးဆိုရင်တောင် အောက်ထစ် ၁၅ သိန်းလောက် ကုန်ကျလိမ့်မယ်ထင်တယ်။ စာပေဟောပြောပွဲတစ်ခုပြုလုပ် ဖို့ မလွယ်ပါလား။

အခု စာပေဟောပြောပွဲတွေမှာ စာရေးဆရာတစ်ယောက်ရဲ့ ကြမ်းခင်း ဈေးက ၁၀၀,၀၀၀ ရှိတယ်။ တချို့သောသူတွေက ၁၀၀,၀၀၀ ထက် နည်း ပါးနေရင် 'နည်းတယ်' လို့ အားမနာလျှာမကျိုး ပြောတတ်ကြသေးတယ်။ ရှက်စရာ။ ဒီမှာ ကျွန်တော်တို့ငယ်စဉ်က စာပေဟောပြောပွဲတွေကို ပြန်လည် လွမ်းမိပါတယ်။ ခရီးစရိတ်၊ ကျွေးမွေးစရိတ်ကျခံရင် စာပေဟောပြောပွဲ ပြုလုပ်လို့ရပါတယ်။ လက်ဆောင်ပစ္စည်းကတော့ ဒေသထွက်ကုန်ပဲပေါ့။ ခု ပြောသံ၊ ဆိုသံတွေ ကြားနေရတယ်။ ကိုယ်တိုင်တော့ မကြုံဖူးသေးပါဘူး။ စာပေဟောပြောပွဲတွေက စတိတ်ရှိုးလို သီချင်းတွေဆိုကြ၊ အငြိမ့် လူရွှင် တော်တွေလို ဟာသတွေပြောကြနဲ့ ပြီးနေကြတယ်တဲ့။ ကျွန်တော်တို့အနေနဲ့ စာရေးဆရာဆိုတဲ့ဂုဏ်သိက္ခာကို စောင့်ထိန်းချင်ရင်၊ စာပေတိုးတက် ပျံ့နှံ့ စေချင်တဲ့ စေတနာထားရှိရိုးမှန်ကြမယ်ဆိုရင်တော့ လက်ရှိစာပေဟောပြောပွဲ တွေရဲ့အနေအထား၊ အစဉ်အလာတွေကို ပြောင်းလဲပစ်ကြဖို့ လိုအပ်ပါ တယ်။ ဒီမှာ ကြော်ငြာဝင်တယ်လို့တော့ မထင်လိုက်ပါနဲ့။ ကျွန်တော်တို့ကို ဟောပြောပွဲ ခေါ်ကြမယ်ဆိုရင်တော့ ခရီးစရိတ်နဲ့ ကျွေးစရိတ် (အရက်လုံးဝ မပါ) သာကျခံ၊ တစ်ပြားတစ်ချပ်မှ ပေးစရာမလိုဘဲ လိုက်ပါဟောပြော ကြောင်းပါခင်ဗျား။ ဟုတ်တယ်လေ၊ စာရေးသူတွေအဖို့ ခရီးသွားအတွေ့ အကြုံရရှိတာ နည်းသလားလို့။

အဲဒီနေ့မှာလည်း အခမ်းအနားပြီးဆုံးတာနဲ့ ကျွန်တော်တို့တစ်တွေ

mgyoe.com

mgyoe.com

ကားတစ်စီးနဲ့ လှည့်လည်ကြပါတယ်။ ပထမဆုံးအနေနဲ့ နန်းမြို့ရိုးအတွင်းမှာရှိတဲ့ မြနန်းစံကျော်နန်းတော်ကြီးကို သွားကြည့်ကြပါတယ်။ အင်္ဂလိပ်လူမျိုးဟာ ယဉ်ကျေးတဲ့လူမျိုးဖြစ်ပေမဲ့ ကိုလိုနီစရိုက်ဆိုးကတော့ နန်းမြို့ရိုးအတွင်းမှာ အကျဉ်းထောင်ဆောက်လုပ်ထားတယ်။ ကျုံးကိုဖြတ်၊ မြို့ရိုးကိုဖောက်ပြီး မီးရထားလမ်းဖောက်လုပ်ထားတယ်။ ကျွန်တော်တို့လူမျိုး အမွန်အမြတ်ထားတဲ့နေရာကို ယုတ်ညံ့တဲ့နေရာအဖြစ် ဖန်တီးလိုက်တဲ့သဘောပေါ့။ ယုတ်ညံ့တဲ့ ကိုလိုနီရဲ့ ညဉ်ဆိုး၊ စရိုက်ဆိုးတစ်ခုပါပဲ။

ရွှေဘိုမှာလည်း နန်းတော်မြေနေရာမှာ အကျဉ်းထောင်ဆောက်လုပ်ထားတယ်။ ကျုံးကိုဖြတ်ပြီး မီးရထားလမ်း ဖောက်လုပ်ထားတယ်။ ခုတော့ကျုံးကိုဖြတ်၊ နန်းမြို့ရိုးဖောက်ပြီး တည်ဆောက်ထားတဲ့ မတ္တရာသွားမီးရထားလမ်းကို ဖျက်လိုက်ပါပြီ။ အကျဉ်းထောင်ကိုလည်း ရွှေ့ပြောင်းလိုက်ပါပြီ။ ရွှေဘိုမှာတော့ ထောင်ကိုတော့ ပြောင်းရွှေ့လိုက်ပြီ။ မီးရထားလမ်းတော့ မရွှေ့ပြောင်းနိုင်သေးဘူး။

မြို့ရိုးအတွင်းမှာ ဟိုစဉ်က အနောက်မြောက်တိုင်းစစ်ဌာနချုပ် အခြေစိုက်ပါတယ်။ ၁၉၆၇ ခုလောက်က စစ်ထဲဝင်မယ်စိတ်ကူးနဲ့ ဟောဒီမြို့ရိုးကြီးအတွင်းမှာ သုံးလလောက် နေခဲ့ဖူးတယ်။ ဒါပေမဲ့ ကံကောင်းထောက်မစွာနဲ့ ဝင်ခွင့်မရခဲ့ပါဘူး။ အဲဒီတုန်းက မြို့ရိုးအတွင်းမှာ ကျွန်တော် ခြေရာမချဖူးတဲ့နေရာ မရှိလောက်အောင်ထိ လျှောက်သွားနေမိတယ်။ ထောင်ထဲတော့ မရောက်ခဲ့ဖူးပေါ့။

မြို့ရိုးအတွင်းကို အရှေ့ဘက် မြို့ရိုးပေါက်က ဝင်ရတယ်။ အဝင်မှာမှတ်ပုံတင် စစ်ဆေးပါသေးတယ်။ ကျွန်တော်တို့ မှတ်ပုံတင်တွေက တည်းခိုတဲ့နေရာ ပေးထားရလို့ တစ်ယောက်မှ ပါမလာကြဘူး။ အကျိုးအကြောင်းပြောပြတော့ ဝင်ခွင့်ပေးလိုက်ပါတယ်။ မြနန်းစံကျော် နန်းတော်ကြီးထဲဝင်တော့ ဝင်ကြေး ၂၀၀ ကျပ်ပေးရတယ်။ ကင်မရာပါရင် ၅၀၀ ကျပ်ပေးရတယ်။ ဟိုစဉ်ကတော့ နန်းတော်ရာအုတ်ခုံကြီးသာ ရှိတာပါ။ ခုတော့ မှန်နန်းဆောင်၊ ဝတ်လဲတော်ဆောင်၊ ပွဲကြည့်ဆောင်၊ မိဖုရားဆောင်၊ ခြံတိုက်ဆောင်စသည်ဖြင့် အစီအရီရှိနေကြတယ်။ တချို့က ခြံတိုက်ဆိုတာကိုတောင် နားမလည်ကြတော့ဘူး။ ရှင်းပြရသေးတယ်။

mgyoe.com

mgyoe.com


ပြန်ဆင်းလာတော့ ကလေးငယ်တစ်ယောက်က အမြောက်ကြီးတွေကို 'အစစ်လား၊ အတုလား' လို့ သူ့မိခင်ကို မပီကလာ ပီကလာနဲ့ မေးမြန်းနေတော့ ပြုံးမိသေးတယ်။ သူ့မိခင်ဆီက အဖြေစကား မကြားရဘူး။ ကျွန်တော့်ရဲ့အတွေးထဲမှာတော့ "အစစ်တွေပေါ့ ငါ့မြေးရယ်၊ ဒါပေမဲ့ ပစ်လို့တော့ မရတော့ဘူး" လို့ ဖြေကြားနေမိတယ်။ ကလေးကရော ကျွန်တော့်အဖြေကို နားလည်နိုင်ပါ့မလားလို့ စဉ်းစားမိသေးတယ်။ အဲဒီကနေ ကျွန်တော်တို့ ရွှေကျောင်းနဲ့ အတုမရှိ ကျောင်းတော်ကြီးတွေဘက် ထွက်ခဲ့ကြတယ်။ အဲဒီနှစ်နေရာအတွက် ဝင်ကြေး ၂၀၀ ကျပ်ပေးရတယ်။

ရွှေကျောင်းကတော့ ရွှေပိန်းချတွေ ပြယ်သွားပေမဲ့ နဂိုအနေအထားအတိုင်း ရှိနေတယ်လို့ ယူဆဖွယ်ရာပါ။ ကျောင်းက ကြီးကျယ်လှတယ်တော့ မဟုတ်ပေဘူး။ ဒါပေမဲ့ ထွင်းထုထားတဲ့ ပန်းပုလက်ရာတွကတော့ တကယ့်ကို အံ့ချီးမခန်း ရှိလှပါပေတယ်။ ကမ္ဘာကျော်ထိုက်အောင်ထိ အရည်အချင်းရှိပါပေတယ်။ တံခါးရွက်နဲ့ တံခါးရွက်ပေါ်က ပန်းပုတွေဟာ တစ်ပြားတည်းသော သစ်သားချပ်ဖြစ်ပါတယ်။ အမေရိကနိုင်ငံက ရေရှည်တည်တံ့အောင် စောင့်ထိန်းနိုင်တဲ့ နည်းပညာ ကူညီမယ်ဆိုလို့ ဝမ်းသာရပါသေးတယ်။

အတုမရှိ ကျောင်းတော်ကြီးကတော့ နဂိုပုံစံမပျက် ပြန်လည်တည်ဆောက်ထားတယ်လို့ ဆိုပါတယ်။ တရုတ်ပြည်က ဗုဒ္ဓစွယ်တော် လှည့်လည်ပူဇော်ခံစဉ်က အဲဒီကျောင်းတော်ကြီးထဲထားရှိပြီး အပူဇော်ခံတာပါ။ ရုပ်မြင်သံကြားကနေ မြင်ဖူးကြလိမ့်မယ် ထင်ပါရဲ့။ အပျက်အစီးကြီးကိုတော့ သကြိန်မိုးရုပ်ရှင်ကားထဲမှာ ဇာတ်ဝင်ခန်းတစ်ခန်းအဖြစ် တွေ့မြင်ဖူးလိမ့်မယ်ထင်ပါတယ်။ ခင်မောင်ဇော်က ပြောလာပါတယ်။ "အစ်ကိုရေ၊ ပွင့်ပွင့်လင်းလင်း ပြောရရင် မန္တလေးကဗျာဆရာတွေ၊ စာရေးဆရာတွေက သူတို့မြို့ကို အမွှမ်းတင်လွန်းလို့၊ ဂုဏ်တင်လွန်းလို့ ကျွန်တော်က မြင်ပြင်းကတ်နေတာဗျ။ ခုမှ သူတို့အမွှမ်းတင်ရင်လည်း တင်ချင်စရာ၊ ဂုဏ်တင်ချင်လည်း ဂုဏ်တင်စရာဆိုတာ နားလည်သဘောပေါက်မိတယ်ဗျာ" တဲ့။ ဒီမှာ ကျွန်တော်က ထပ်ဆင့်ပြောလိုက်မိတယ်။ "ဆရာစွမ်း (မောင်စွမ်းရည်)က ဂုဏ်ယူစရာတွေရှိလို့ ဂုဏ်ယူတာလို့ ပြောဖူးသကွ" လို့။

mgyoe.com

mgyoe.com

ဒီနောက် မင်းတုန်းမင်းတြားကြီးရဲ့ ကုသိုလ်ဘော် လောကမာရဇိန် ဘက်သွားကြတယ်။ ပိဋကတ်သုံးပုံ ကျောက်ထက်အက္ခရာတွေ ရှိတယ်ဆို တော့ မဝင်တော့ပါဘူးတဲ့။ ညဲ့လိုက်တဲ့ စာရေးဆရာတွေလို့ ဆိုရမယ်လား။ အေးလေ ကိုယ်သန်ရာသန်ရာပေါ့။ မန္တလေးတောင်ပေါ် ရောက်တော့ မန္တလေးတောင်ကို တမေ့တမောကြည့်နေကြတယ်။ အံ့ပ။ မန္တလေးတောင် ပေါ်ကို ကားနဲ့ပဲ တက်ခဲ့ကြတယ်။ မြန်တော့ မြန်တာပေါ့လေ။ ဒါပေမဲ့ ကျွန်တော့်စိတ်ထဲ စောင်းတန်းနဲ့ တက်ရတာလောက် အရသာမတွေ့ဘူး ဖြစ်နေတယ်။ ဒီလိုပါပဲ။ ကျိုက်ထီးရိုးစေတီတော် ရင်ပြင်တော်ပေါ်ကိုလည်း ကားနဲ့ တက်ရတာ ခြေလျင်တက်ရတာလောက် အရသာမရှိသလို ခံစားရ တယ်။ ခေတ်နှောင်းလူလို့ ဆိုချင်ဆိုတော့။

တောင်ထိပ်ဆုတောင်းပြည့်စေတီတော်ကို စက်လှေကားနဲ့ တက်ရ တယ်။ ဓာတ်လှေကားက အဆင်းအတွက်သာ အသုံးပြုတော့တာ။ မန္တလေး မြို့ ရှုခင်းနဲ့ ဝန်းကျင်ရှုခင်းကို မန္တလေးတောင်ပေါ်က ကြည့်ကြရတာ ရသ မြောက်လှတယ်။ မြို့ကွက်ရွေးချယ်ကြတဲ့ ရှေးလူကြီးတွေကို ချီးကျူးလိုက် မိသေးရဲ့။ နေပြည်တော် ရွေးချယ်တာနဲ့တော့ ကွာပ။ တောင်ပေါ်ကနေ ကိုနိုင်မြင့်သစ် စာကြည့်တိုက်မှူးအဖြစ် ဆောင်ရွက်နေတဲ့ မစိုးရိမ်တိုက်သစ် ဆီ ယွန်းခဲ့ကြပြန်တယ်။

စာကြည့်တိုက်က မျှော်စင်ကြီးလို ဆောက်လုပ်ထားတဲ့ ကျောင်းတိုက် ကြီးထဲမှာ တည်ရှိတာပါ။ ဗုဒ္ဓကျမ်းစာအုပ်တွေရော၊ လောကုတ္တရာစာအုပ် တွေရော စုံစုံလင်လင်ရှိလှတယ်။ အဲဒီမှာလည်း မျှော်စင်ထိပ်ဖျားထိ တက် ရောက်ပြီး မန္တလေးမြို့ကွက် ရှုခင်းကို ကြည့်ကြရတယ်။ ကျွန်တော်က အမြင့်ကိုကြောက်တယ်။ မကျနိုင်မှန်းသိပေမဲ့ အစွန်းထိ သွားမကြည့်ရဲဘဲ အုချောင်းတိုင်နားကပ်ပြီး ယိုယို့လေး ကြည့်နေမိတယ်။ သစ္စာပိုင်စိုးကလည်း ကျွန်တော့်လို ကြောက်တတ်တာပါပဲတဲ့။

ဒီနောက်မှာတော့ ကျုံးအနောက်ဘက်လမ်းပေါ်က ရွှေဘဲစားသောက် ဆိုင်ကို ချီတက်ခဲ့ကြတယ်။ အဲဒီဆိုင်ကို ဒေါ်ဒေါ်(လူထုဒေါ်အမာ)ရဲ့ ဈာပန လာရောက်စဉ်က မုံရွာသားတွေ ဆရာအံ့မောင်၊ ခနေထွန်း၊ ကိုချစ်ခင်၊ ကိုမြင့်သိန်း၊ မင်းဆွေနှစ်၊ ဝင်းမောင်(သမိုင်း)နဲ့ စားသောက်ဖူးတယ်။ အခု

mgyoe.com

mgyoe.com


ကြုံကြိုက်တာက စိတ်ကူးချိုချိုစာအုပ်တိုက်က မန္တလေးကို လာရောက်ပြီး ဆိုင်ခွဲဖွင့်ပါတယ်။ ပိုင်ရှင်ကဗျာဆရာစန်းဦးက ကျွန်တော်တို့ ရောက်ရှိနေတာကို ညီပုလေးဆီက တစ်ဆင့်ကြားသိပြီး တက်ရောက်ဖို့ဖိတ်ကြားလို့ ရောက်ရှိသွားတာပါ။ မန္တလေးက စာပေသမားတွေနဲ့ တစုတဝေး တွေ့ရမှာမို့ ဝမ်းသာနေမိတယ်။

ကိုငြိမ်း၊ ကိုထွန်းဦး၊ ကိုတင်အေးကြူ၊ ကိုကျော်မြ၊ သင့်နော်၊ ညီပုလေးတို့ ဇနီးမောင်နံ့၊ မိုးသျှန်း၊ စံညိမ်းဦး၊ စိုးဘားဒိုင်တို့ကို တွေ့ကြရတယ်။ ဆူးငှက်၊ ညီထွန်းလူ၊ ကျော်ရင်မြင့်တို့တော့ မတွေ့ရဘူး။ သိုက်ထွန်းသက်ကိုလည်း သတိရနေမိသေးတယ်။ လမ်းတူ၊ ဝါသနာတူတွေ တွေ့ကြတဲ့ပွဲမှာ ပျော်ရွှင်ရည်လေးလည်း သောက်သုံးထားလို့ စကားတွေ ပြောမကုန်ကြ၊ ရယ်မောကြ ကျွန်တော့်အနေနဲ့ ဆောင်းညချမ်းရဲ့ မန္တလေးခရီးစဉ်ကုန်ဆုံးသွားမှာကို နမြောသလို၊ လွမ်းသလို။

ရုပ်ရှင်တေးကဗျာမဂ္ဂဇင်း၊ မတ်၊ ၂၀၁၄

❑

mgyoe.com

mgyoe.com

## နောင်ချို၊ ကျောက်မဲ၊ သီပေါ၊ ပြင်ဦးလွင်

၂၀၁၄ ခု၊ ဇန်နဝါရီ ၅ ရက်မှာတော့ ကျွန်တော်တို့အဖွဲ့ (ဆရာထက်မြက်၊ စည်သူမြသန်း၊ ဝါဆိုကိုဦး၊ ခင်မောင်ဇော်၊ သားကြီးဇေယျ၊ နိုင်မြင့်သစ်၊ ဇော်ဂါလေးနဲ့ သူ့ညီ)ဟာ မန္တလေးမြို့ကနေ ကားနှစ်စီးနဲ့ နောင်ချို၊ ကျောက်မဲ၊ သီပေါမြို့တွေဘက်ဆီ တက်ခဲ့ကြတယ်။ အကြောင်းကတော့ မြန်မာနိုင်ငံ စာရေးဆရာများသမဂ္ဂမြို့နယ်အဖွဲ့တွေ ဖွဲ့စည်းကြဖို့ပါ။

မြန်မာနိုင်ငံ စာရေးဆရာများသမဂ္ဂကို ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလမှာ ဖြစ်မြောက်ရေးကော်မတီလေးဖွဲ့စည်းပြီး စတင်လှုပ်ရှားခဲ့တာမို့ ခုဆိုရင် သက်တမ်းအားဖြင့် နှစ်နှစ်ရာသီထဲ ရောက်ခဲ့လေပြီ။ ဆရာညွန့်သစ်ရဲ့ ရွှေပြည်သာအိမ်လေးမှာ ဆရာထက်မြက်၊ ကြည်နိုင်၊ မောင်တင်ဆင့်တို့ ဆုံတွေ့ကြရင်း ထူထောင်ဖို့ အမတေ တည်ခဲ့တယ်လို့ဆိုတယ်။ အသင်းအဖွဲ့ ဖွဲ့စည်းမယ်ဆိုရင် တည်နေရာအဆောက်အအုံ၊ ပရိဘောဂ၊ အင်အား ပြသနိုင်ရမယ်ဆိုတော့ ပန်းဆိုးတန်းမှာ ပန်းချီပြခန်း ဖွင့်လှစ်ထားတဲ့ အောင်အောင်က သူ့အခန်းကို သမဂ္ဂရုံးခန်းတည်နေရာအဖြစ် အသုံးပြုကြဖို့ ဖိတ်ခေါ်ပါတယ်။

ဒုတိယအကြိမ် အစည်းအဝေးခေါ်တော့ ကျွန်တော် ရောက်ရှိသွားတယ်။ အမှုဆောင်တွေ၊ ဆပ်ကော်မတီတွေလည်း ဖွဲ့စည်းလို့ထားပြီးပါပြီ။

mgyoe.com

ဖြစ်မြောက်ရေးကော်မတီဖွဲ့တာပဲ ဘာလို့များ ဆပ်ကော်မတီတွေ ဖွဲ့ထားတာ ပါလိမ့်။ နည်းနည်းနဲ့ ကျဲကျဲဝိုင်းရမယ့်ဥစ္စာကို။ အတွင်းရေးမှူး လင်းထင်က စာမူတွေ ချိုးမြှင့်ကြဖို့၊ စာအုပ်ထုတ်ပြီး ရောင်းရတဲ့ငွေနဲ့ ရန်ပုံငွေရှာဖို့ တင်ပြလာတယ်။ စာမူစုဦး၊ စာအုပ်ပြုလုပ်ဦး၊ ဖြန့်ချိဦး ဝေးလိုက်တာ။ ဒီလိုပုံနဲ့ဆို မိုးကြီးချုပ်သွားမှာပေါ့။ ဒါနဲ့ ကျွန်တော်ကပဲ ဦးဆောင်ပြီး ငွေ ၁၀၀,၀၀၀ ရန်ပုံငွေတွေ ထည့်ဝင်လိုက်တယ်။ အဲဒီမှာ ဟိုလူက ၁၀၀,၀၀၀၊ ဒီလူက ၅၀,၀၀၀ ထည့်ဝင်လိုက်ကြတာ တစ်ထိုင်တည်း ငွေ ၉၅၀,၀၀၀ ရန်ပုံငွေရလိုက်တယ်။ အသင်းအဖွဲ့ ဖွဲ့စည်းဖို့ ပေးသွင်းကြရမယ့် ငွေ ၅၀၀,၀၀၀ ရပြီပေါ့။

နောက် ဟုမ်း (Home) မှာ လှုပ်ရှားမှုအနေနဲ့ စာတမ်းဖတ်ပွဲလုပ်တယ်။ ရွှေပြည်သာ၊ အင်းစိန်တို့မှာ မြို့နယ်သမဂ္ဂတွေ ဖွဲ့စည်းကြတယ်။ ပြည်၊ ပေါင်းတည်၊ ရွှေတောင်၊ မကွေး၊ ချောက်မြို့နယ်တွေ ဖွဲ့စည်းတော့ ကျွန်တော် လိုက်ပါသွားတယ်။ ရွှေဘို၊ ဝက်လက်၊ မန္တလေး၊ ပျဉ်းမနားခရီးစဉ်တော့ မလိုက်ပါနိုင်ဘူး။ မြင်းခြံခရိုင် (ကျောက်ပန်းတောင်း၊ တောင်သာ၊ ငါန်းဇွန်၊ နွားထိုးကြီး) သမဂ္ဂဖွဲ့စည်းတဲ့ခရီးကိုတော့ လိုက်ပါရပြန်တယ်။ အခု ရှမ်းပြည်နယ်မြောက်ပိုင်းခရီးစဉ်။ ပြင်ဦးလွင်မှာနေထိုင်တဲ့ ဝတ္ထုတိုအရေးအသား ကျစ်လျစ်ကောင်းမွန်တဲ့ မောင်သင်းထုံ(ကျောက်မဲ)ရဲ့ အဆက်အသွယ်နဲ့ သွားကြရမှာဖြစ်ပါတယ်။

အုန်းချောရွာလေးကျော်တာနဲ့ ခပ်စောက်စောက်တောင်ပေါ်လမ်းစတင်ပါတော့တယ်။ အုန်းချောရွာလေးမှာ မန္တလေးယဉ်ကျေးမှုတက္ကသိုလ်ရှိတယ်။ အဲဒီတက္ကသိုလ်မှာ ကျွန်တော်ရဲ့ တူမချစ် မော်မော်ဇင်က ကွန်ပျူတာလုပ်ဆောင်ရေးမှူးတာဝန် ထမ်းရွက်ခဲ့လေတော့ အလည်အပတ်ရောက်ရှိခဲ့ဖူးတယ်၊ မဝေးလှတဲ့ ရွှေစာရံဘုရားကို စက်ဘီးနင်းပြီး သွားခဲ့တာကို အမှတ်ရတယ်။ အဲဒီအချိန်တုန်းက ထုံးဘိုတောင်မှာ ပြစ်ဒဏ်ကျခံနေရတဲ့ သူငယ်ချင်း အုံးမောင်၊ ချာတိတ်တို့ကို သွားရောက်တွေ့ဆုံခဲ့တာကို အမှတ်ရတယ်။ ပြီးတော့ ယဉ်ကျေးမှုတက္ကသိုလ် တည်ဆောက်ထားတဲ့မြေတွေက ညီအစ်ကိုနှစ်ယောက်ပိုင်ဆိုင်တဲ့ မြေတွေကို သိမ်းယူထားတာတဲ့။ သူတို့ကို အိမ်ဝင်းနဲ့ နံကပ်နှစ်ထပ်အိမ်လေးတွေ ဆောက်ပေးထားတယ်။ လျော်ကြေး

mgyoe.com